# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## ပဲခူးမြို့

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်လက်စွဲ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၄ ရက်

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်လက်စွဲ

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | | မှ - ထိ |
| ၁။ | **အပိုင်း(၁)** | ၁-၁၂ |
| | ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များ | |
| ၂။ | **အပိုင်း(၂)** | ၁၃-၃၂ |
| | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ | |
| ၃။ | **အပိုင်း(၃)** | ၃၃-၁၀၇ |
| | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ | |
| ၄။ | **အပိုင်း(၄)** | ၁၀၈-၁၂၄ |
| | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများမှ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ | |
| ၅။ | **အပိုင်း(၅)** | ၁၂၅-၁၃၁ |
| | တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ | |
| ၆။ | **အပိုင်း(၆)** | |
| | **အခန်း(၁)** | ၁၃၂ |
| | လွှတ်တော်ဖွဲ့စည်းခြင်း | |
| | **အခန်း(၂)** | ၁၃၂-၁၃၆ |
| | လွှတ်တော်ရုံးအဖွဲ့အုပ်ချုပ်ရေးလုပ်ငန်းများ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | | **မှ – ထိ** |
| | **အခန်း(၃)** | ၁၃၆–၁၃၇ |
| | လွှတ်တော်ရုံးဝန်ထမ်းများနှင့်<br>လွှတ်တော်ပုံမှန်အစည်းအဝေးများလုပ်ငန်းဆက်နွယ်ဆောင်ရွက်မှု | |
| ၇။ | **အပိုင်း(၇)** | ၁၃၈–၁၅၆ |
| | ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများ | |
| ၈။ | **အပိုင်း(၈)** | ၁၅၇–၁၇၉ |
| | စုံစမ်းစစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း | |

# အပိုင်း(၁)

## ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ
## ဥပဒေပြဋ္ဌာန်းချက်များ

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း**

၁၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီး ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများအပ ကျန် တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမ သုညတစ် ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှ အပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုညဒသမ သုညတစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ် သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) သို့မဟုတ် ပုဒ်မခွဲ (က)နှင့် (ဂ) တို့အရ ရွေးကောက်တင်မြှောက် သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်သဘာပတိတင်မြှောက်ခြင်း**

၁၆၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိ တင်မြှောက်ခြင်းကို ပုဒ်မ ၁၁၀ ပါ ပြည်သူ့လွှတ်တော် သဘာပတိတင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင် မြှောက်ခြင်း**

၁၆၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်းကို ပုဒ်မ ၁၁၁ ပါ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်**

၁၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် ရပ်စဲခြင်း**

၁၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် ရပ်စဲခြင်းကို ပုဒ်မ ၁၁၃ ပါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် ရပ်စဲခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

၁၆၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကော်မတီနှင့် အဖွဲ့များဖွဲ့စည်းခြင်း**

၁၆၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့်အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် အထက်ပါကော်မတီနှင့် အဖွဲ့များတွင် သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

**တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်း**

၁၆၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း**

၁၆၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် –

(က) ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော အရည်အချင်းများနှင့် ပြည့်စုံရမည်။

(ခ) ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း**

၁၇၀။ တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပခြင်း**

၁၇၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ (၁၅) ရက်အတွင်း ကျင်းပရမည်။

၁၇၂။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၁၇၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ဇယား (၄) တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၁၇၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် (၁၂)လ ထက်မပိုစေရ။

၁၇၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၁၇၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) အမျိုးပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၁၇၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၁၇၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၁၈၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၁၈၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ်

ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၁၈၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း (၁၅) ရက်တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၈၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၈၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၈၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ထံတင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

၁၈၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

**ဥပဒေပြုခြင်း**

၁၈၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၈၉။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့် အခါ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိသည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်၊

(ဃ) နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင် သွင်းနိုင်သည်၊

(င) နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့

ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

**ဥပဒေကြမ်းတင်သွင်းခြင်း**

၁၉၀။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် ဇယား (၂) တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များအနက် မိမိစီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၉၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၉၂။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း ၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း**

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် –

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာစရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာစရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီဂရီအရ ပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့် ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ၊

၁၉၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေ လျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

**ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း**

၁၉၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် –

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**

၁၉၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ဇယား ၃ တွင် ဖော်ပြထားသော ဥပဒေပြုစာရင်း ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်။

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ**

၁၉၇။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

**ဥပဒေများ၏ အကျိုးသက်ရောက်မှု**

၁၉၈။ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

# အပိုင်း (၂)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဆိုသည်။

(ဂ) **သဘာပတိ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေးစတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးအား ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများနှင့် အဖွဲ့များကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကိုဆိုသည်။

(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။

(ဋ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသော ရုံးကိုဆိုသည်။

## အခန်း (၂)
## လွှတ်တော်များဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် (၂) ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးတွင် ထိုတိုင်းဒေသကြီး ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်း သားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ် ရရှိပြီးသော ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည

ဒသသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ။

**သက်တမ်း**

၄။ လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။

## အခန်း (၃)

## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီးလက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၄)

## လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

**တာဝန်များ**

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

**လုပ်ပိုင်ခွင့်များ**

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများတင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်ရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်ကရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့အဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်အစည်းအဝေး ကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

**ကျင့်ဝတ်နှင့်စည်းကမ်းများ**

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသောချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက–

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက် နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း၊

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၃။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

## အခန်း (၅)

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၁၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာလစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ထမ်းဆောင်ခြင်း**

၁၆။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်ထိ ဥက္ကဋ္ဌနှင့် ဒုတိယဌတာဝန်ကို ထမ်းဆောင်ရမည်။

၁၇။ ဥက္ကဋ္ဌသည် ယင်း၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်း မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား ဥပဒေနှင့်အညီ တာဝန်မှ ရုပ်သိမ်းရန်ကိစ္စ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း ဒုတိယဥက္ကဋ္ဌက ယာယီဥက္ကဋ္ဌ တာဝန်ကိုထမ်းဆောင်ရမည်။

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးထားခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၁၉။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၂၀။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ တာဝန်မှ ရပ်သိမ်းနိုင်သည်-

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း။

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ ရပ်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

## အခန်း (၆)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၂၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၇)

## လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

၂၃။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်သည့် အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၂၄။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သောအကြောင်း ကိစ္စရပ်များမှ အပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များ ဖြင့်လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

**အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၂၅။ လွှတ်တော်သည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့ များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၆။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## အခန်း(၈)

## လွှတ်တော်အစည်းအဝေးများ၊ ပုံမှန်အစည်းအဝေးများ

၂၇။ (က) လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင် သည့်နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်သက်တမ်းစတင်သည့် နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂၈။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော် အစည်းအဝေး များကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို ဥက္ကဋ္ဌက စီရင်ဆောင်ရွက်ရမည်။

၂၉။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃၀။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် (၁၂)လထက် မပိုစေရ။

၃၁။ (က) ဥက္ကဋ္ဌသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးလက်မှတ်ဖြင့် စိစစ်အတည်ပြုရမည်။

(ဂ) လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ**

၃၂။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၃၃။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၃၄။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူ ကျင်းပရမည်။

**အစည်းအဝေးနေ့ရက် အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း**

၃၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်နှင့်အချိန်တို့တွင် ကျင်းပရမည်။

၃၆။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၃၇။ ပုဒ်မ ၃၆ အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

**အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စများ**

၃၈။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်းကိုမှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(စ) လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဈ) ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၃၉။ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များနှင့် အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အထူးအစည်း အဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

**မဲခွဲဆုံးဖြတ်ခြင်း**

၄၀။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၁။ ပုဒ်မ ၄၀ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက် တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၂။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ။

**လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်**

၄၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့်ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၄။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က

ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြား ဘာသာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက် စေခြင်း၊ နိုင်ငံ၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦး ဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းစသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့် ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၅။ ပုဒ်မ ၄၃ နှင့် ၄၄ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံး ကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေး ယူခြင်းခံရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၏ တင်ပြခွင့်**

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော် အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေး နွေးခွင့်ရှိသည်။

## အခန်း (၉)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဝန်ကြီးဌာန အရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း

၄၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၄၈၊

ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဦးရေကိုလည်းကောင်း၊ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ သတ်မှတ်ချက်အတွင်း ခန့်ထားရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကို လည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၄၉။ လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာနအရေအတွက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဦးရေကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကို တိုးခြင်း၊ လျှော့ခြင်း ပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက်ရယူခြင်း**

၅၀။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည်။

၅၁။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရမည်။

၅၂။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ ငယ် (၁) တို့နှင့်အညီ အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်။

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၅၀နှင့် ၅၁ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပုဒ်မ ၅၂ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ

သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၅၄။ ပုဒ်မ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် လွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့က လွှတ်တော်သို့ ထပ်မံတင်ပြခွင့်ရှိသည်။

**ကတိသစ္စာပြုခြင်း**

၅၅။ လွှတ်တော်သည် ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့အရ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့အား လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

## အခန်း (၁၀)

## ဥပဒေပြုခြင်း၊ ဥပဒေပြုခွင့်

၅၆။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။

၅၉။ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထား

သော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

**နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်**

၆၀။ လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ) အရ ထုတ်ပြန်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ် ပြန်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည်။

၆၁။ ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

၆၂။ လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၆၃။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြ

သော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆို တင်သွင်းနိုင်သည်။

၆၄။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင် စေရန် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

## အခန်း (၁၁)

## နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ (က)နှင့် (ဂ)တို့အရ ဆောင်ရွက် သည့်အခါ ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့်မြို့နယ်များအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့် ရှိသူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ယင်းနယ်နိမိတ်နှင့်အကျုံးဝင်သည့်သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် များ၏ ဆန္ဒရယူရမည်။

၆၆။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံအထက် ထောက်ခံဆန္ဒမဲရရှိ လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန် သဘောမတူ ကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၁၂)

## နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဆက်သွယ်ရေး

၆၇။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတ က အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ် ဆောင်ရွက်ပေးရမည်။

၆၈။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည်-

(က) လွှတ်တော်သည် အဆိုတစ်ရပ်တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌ ထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း၊

၆၉။ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုလျှင် ဥက္ကဋ္ဌက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၁၃)

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၇၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေငြာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက်ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ မိမိအား ပေးအပ်ထားသော တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်းမရှိသေးသဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော် အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်း ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော် သက်တမ်းအတွက် တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၁၄)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ မဝင်ရ။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေး ခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတစ်ပါးအယောင်ဆောင်၍ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ လွှတ်တော်အစည်းအဝေးကျင်းပချိန် အပ၌ ဖြစ်စေ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော် ပရဝဏ် အတွင်း ညဉ့်အိပ်ညဉ့်နေမပြုရ။

၇၃။ မည်သူမဆို အောက်ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်း နည်းဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်မှ ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ် ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ ဖြစ်စေ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက် ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေး တာဝန်ရှိသူတစ်ဦးအား ယင်း၏ တာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံ ဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်း မပြုရ။

(စ) လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်း အရာများ၊ အချက်အလက်များ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြား အထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသား ခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြု ထားသူမှအပ လက်နက်ယူဆောင်လာခြင်းမပြုရ။

၇၄။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက် ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၇၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့မှအပ ပုဒ်မ ၁၁ ပါကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည် –

(က) သတိပေးခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်အားယာယီရပ်စဲခြင်း။

၇၆။ ဤအခန်းပါ ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၅)

## အထွေထွေ

၇၇။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၇၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ဥပဒေပြုစာရင်းပါ ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၇၉။ လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းအပြန်အလှန်ထိန်းကျောင်းကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုမရှိသောလွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၈၀။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။

၈၁။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၈၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူ ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များ ကျခံ၍ ဖွင့်လှစ်နိုင်သည်။

၈၃။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၈၄။ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့်

ပုဂ္ဂိုလ် များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော် ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၈၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၄/၂၀၁၀) ကို ဤဥပဒေအဖြစ် ရုပ်သိမ်းလိုက်သည်။

# အပိုင်း(၃)

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေများ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ထောက်ခံဆန္ဒမဲပေးသူ၊ ကန့်ကွက်ဆန္ဒမဲပေးသူ၊ ကြားနေဆန္ဒမဲပေးသူနှင့် ဆန္ဒမဲမပေးသူအားလုံးကိုဆိုသည်။

(ခ) **အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက်တင်မြှောက်လိုက်ကြောင်း သို့မဟုတ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သားကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခံရသူဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူကိုဆိုသည်။ ယင်းစကားရပ်တွင် နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ဈ) နှင့် နည်းဥပဒေ ၄၃ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၃)၊ (၄) တို့အရ အစည်းအဝေးတက်ရောက်ခွင့် ယာယီရုပ်သိမ်းထားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်စေရ။

(ဂ) **လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး** ဆိုသည်မှာ လွှတ်တော်ကဖွဲ့စည်းထားသည့် ဝန်ထမ်းများ၏ အကြီးအမှူးကို ဆိုသည်။

(ဃ) **ကြီးကြပ်သူအရာရှိ** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတွင် ဆန္ဒမဲပေးသည့်ကိစ္စအလို့ငှာ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးက တာဝန်ပေးသော လွှတ်တော်ရုံးမှ အရာရှိကိုဆိုသည်။

### အခန်း(၂)

### လွှတ်တော်အစည်းအဝေးများခေါ်ယူခြင်း

**အစည်းအဝေးများ**

၃။ **အစည်းအဝေးခေါ်ယူခြင်း**။ လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပရာတွင် -

(က) ဥက္ကဋ္ဌသည် -

(၁) လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပရမည်။

(၂) လွှတ်တော်အစည်းအဝေးများကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို စီစဉ် ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခေါ်ယူကျင်းပသော လွှတ်တော်အစည်းအဝေးများကို အစည်း အဝေး မစတင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(ဂ) လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူရန် ရှိပါက ဥက္ကဋ္ဌက အနည်းဆုံး ၁၅ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(ဃ) လွှတ်တော်အရေးပေါ်အစည်းအဝေး ခေါ်ယူရန် ရှိပါက ဥက္ကဋ္ဌက အနည်းဆုံး ၃ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

၄။ **အစည်းအဝေးအစီအစဉ်**။ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် -

(က) လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း မပြုရ သေးမီ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ရုံးက အစည်းအဝေး နေ့စဉ် အစီအစဉ် များကို ပြုစု၍ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

(ခ) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးနောက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ရုံးက အစည်းအဝေး နေ့စဉ်အစီအစဉ်များကို ပြုစု၍လွှတ်တော်ကိုယ်စားလှယ်များ ထံ ဖြန့်ဝေရမည်။

(ဂ) အစည်းအဝေးအထမြောက်ကြောင်းကြေညာပြီးနောက် -

(၁) ခွင့်ပန်ကြားလိုသူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(၂) ဥက္ကဋ္ဌသည် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စား လှယ်ဦးရေ ယခင်ကခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ဦးရေ ယနေ့ ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူဦးရေနှင့် ခွင့်ပန်ကြား၍ ခွင့်ပြု ထားသူ စုစုပေါင်းဦးရေကိုလည်းကောင်း၊ ခွင့်မဲ့ပျက်ကွက်သူ ဦးရေနှင့် အမည် စာရင်းကိုလည်းကောင်း လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူ မှတ်တမ်း တင်ထားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ဆောင်ရွက်ပြီးနောက် မူလအစီအစဉ်များကို ဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၃)

## လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း

၅။ လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ရန် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင် ရွေးကောက်

တင်မြှောက်လိုက်ကြောင်း သို့မဟုတ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခံရသူဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်ဖွဲ့စည်းထားသော ကော်မတီက စိစစ် အတည်ပြုပြီးခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း မပြုရသေးပါက သဘာပတိ၏ ရှေ့မှောက်၌လည်းကောင်း၊ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါက ဥက္ကဋ္ဌ၏ ရှေ့မှောက်၌လည်းကောင်း နောက်ဆက်တွဲ(က)ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးခြင်း။

## အခန်း(၄)
## သဘာပတိ

### သဘာပတိတင်မြှောက်ခြင်း

၆။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်လွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်အခါ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည့်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

၇။ **သဘာပတိလောင်းအမည်စာရင်းတင်သွင်းခြင်း။** အများပြည်သူ ကြည်ညိုလေးစားခြင်း ခံရသော သဘာပတိတင်မြှောက်နိုင်ရေးအတွက် သဘာပတိလောင်းအမည် စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် -

(က) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် လွှတ်တော်အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ရမည်။

(ခ) သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ သည် အမည်စာရင်း တင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်း အနားမှူးထံမှ ထုတ်ယူရမည်။

(ဂ) အမည်စာရင်း တင်သွင်းသူက မိမိအမည်စာရင်း တင်သွင်းလိုသူသည် သဘာပတိ အဖြစ် တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထား ရယူပြီး ဖြစ်ရမည်။

(ဃ) အမည်စာရင်း တင်သွင်းသူသည် အမည်စာရင်း တင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံပေးအပ်ရမည်။

(င) အခမ်းအနားမှူးသည် အမည်စာရင်း တင်သွင်းလွှာများကို စစ်ဆေး၍ သဘာပတိလောင်း များ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ(၃)ဖြင့် ကြေညာ ရမည်။

(စ) သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူတစ်ဦးတည်းသာရှိလျှင် ယင်းအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၈။ **အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် သဘာပတိတင်မြှောက်ရန် ဆန္ဒမဲလက်မှတ် အသုံးပြု၍ လျှို့ဝှက် ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်။

(ခ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သောဆန္ဒမဲ လက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့်စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ စီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးရန် လွှတ်တော်အစည်းအဝေးခန်းမ အတွင်း သီးသန့်နေရာများကို စီစဉ်ထားရှိရမည်။

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စား လှယ်များအတွက် မိမိလက်မှတ် ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ (၄) များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အခမ်းအနားမှူးတို့ရှေ့မှောက်၌ ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြုစုပြီး အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက် ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံး များအတွင်း မည်သည့်အရာမျှ မရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်လောက်သော နေရာများတွင် ထားရှိရမည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ် ပုံစံ(၄)ကို ဆန္ဒမဲလက်မှတ် ထုတ်ယူရန် သတ်မှတ်ထားသောနေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိ ကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔) ကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေခတ်အမှတ်အသား (✘)ကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသား မိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးရန်

တောင်းခံနိုင်သည်။ ထိုသို့လဲလှယ်သည့်နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် အခမ်းအနားမှူးရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် လက်မှတ်အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ (၇)တွင် ဖြည့်သွင်းပြုစု၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထား ရမည်။

(ဇ) သဘာတိလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် –

(၁) အခမ်းအနားမှူးသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ)အရ ဖွဲ့စည်းထားသည့် တာဝန်ရှိ ဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။ ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲ လက်မှတ် အရေအတွက်ကို ကိုက်ညီခြင်း ရှိ မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ (၆)ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက် ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ပိုနေကြောင်းကြီးကြပ်သူ အရာရှိက တင်ပြလာလျှင် အခမ်းအနားမှူးသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည် ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက် ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ်မရှိပါက မရှိကြောင်းကို လည်းကောင်း ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံ တင်ပြလာသည့် အခါ အခမ်းအနားမှူးက ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲ လက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

၉။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ သဘာပတိလောင်းတစ်ဦးစီ ရရှိသော ဆန္ဒမဲလက်မှတ် များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါ ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံ တင်ပြ၍ မှန်ကန်ပါက အခမ်းအနားမှူးသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် –

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) သဘာပတိလောင်းတစ်ဦးထက်ပို၍ ထောက်ခံ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား(✔)နှင့် ကြက်ခြေအမှတ်အသား (✘) များမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်၊

၁၀။ ကြီးကြပ်သူအရာရှိသည် အောက်ပါ ဆန္ဒမဲလက်မှတ်အရေအတွက်များကို ပုံစံ(၈-က)နှင့် ပုံစံ(၈-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင် ထားရှိရမည်-

(က) ပုံစံ(၈-က)တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲများအရေအတွက်၊

(ခ) ပုံစံ(၈-ခ)တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၁၁။ သဘာပတိလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူအရာရှိက ပုံစံ(၉)တွင် ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

၁၂။ အခမ်းအနားမှူးသည် ပုံစံ (၉)အရ သဘာပတိလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲအများဆုံး ရရှိသူကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၁၃။ ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်တူညီနေလျှင် ရရှိသည့် ထောက်ခံဆန္ဒမဲနည်းသူများကို ပယ်၍ဆန္ဒမဲတူနေသူများအတွက်သာ ဆန္ဒမဲပေးပွဲအသစ်ကို နည်းဥပဒေ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ နည်းလမ်းနှင့်အညီ အခမ်းနားမှူးက ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။

၁၄။ ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီနေလျှင် နည်းဥပဒေ ၁၃နှင့်အညီ လိုက်နာဆောင်ရွက်၍ ဆန္ဒမဲပေးပွဲကို အခမ်းအနားမှူးက တတိယအကြိမ် ထပ်မံကျင်းပရမည်။ တတိယအကြိမ် ပြုလုပ်သည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် အခမ်းအနားမှူးသည် မဲနှိုက်ပြီးမဲကျသူအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိတာဝန်ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၁၅။ **ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း။** သဘာပတိသည်ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ –

(က) သဘာပတိသည် သဘာပတိတာဝန်မထမ်းဆောင်မီ လွှတ်တော်၏ ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ် လည်းကောင်း နောက်ဆက်တွဲ(က)ပါအတိုင်း ကတိ သစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကတိသစ္စာပြုလက်မှတ်ရေးထိုးနိုင်ရေးအတွက် အခမ်းအနားမှူးက ဆောင်ရွက်ပေးရမည်။

## အခန်း(၅)

## ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

### ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း

၁၆။ **ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခြင်း။** ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်ရေး အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် –

(က) ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်း တင်သွင်းလွှာပုံစံ (၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။

(ခ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့်အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ တင်သွင်းရမည်။

(ဂ) အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလိုသူသည် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရမည်။

(ဃ) အမည်စာရင်း တင်သွင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးပွဲ မကျင်းပ မီ ဥက္ကဋ္ဌလောင်းအဖြစ်မှ နုတ်ထွက်နိုင်သည်။

(င) သဘာပတိသည် အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ(၃)ဖြင့် ကြေညာရမည်။

၁၇။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူသည် တစ်ဦးတည်းသာရှိလျှင် ယင်းအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

၁၈။ **အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲလက်မှတ် အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမအတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်။

(ခ) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်အရာရှိအား အထောက်အကူပြုမည့် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း၊ ပုံစံများ၊ ဆန္ဒမဲပုံးများ၊ စီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် လွှတ်တော်အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိရမည်။

(ဃ) ကြီးကြပ်အရာရှိသည် ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ(၄) များကို သဘာပတိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြုစုပြီး သဘာပတိထံ တင်ပြအတည်ပြုချက်ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်၊

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများ အတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သောနေရာတွင် ထားရှိရမည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ်ပုံစံ(၄)ကို ဆန္ဒမဲလက်မှတ် ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက် ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား(✔)ကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား (✘) ကိုလည်းကောင်း အထင်းအရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထို့သို့လဲလှယ်သည့်နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင် သဘာပတိ ရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်ဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ(၇)တွင် ဖြည့်သွင်း ပြုစု၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်။

(ဇ) ဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) သဘာပတိသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။

ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီခြင်း ရှိ / မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ(၆)ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က ပိုနေကြောင်း ကြီးကြပ်သူအရာရှိက တင်ပြလာလျှင် သဘာပတိသည် ဆန္ဒမဲ ပေးပွဲအထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့်ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ်မရှိပါက မရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြလာသည့်အခါ သဘာပတိက ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

၁၉။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ ဥက္ကဋ္ဌလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိက သဘာပတိထံတင်ပြ၍ မှန်ကန်ပါက သဘာပတိသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သောဆန္ဒမဲလက်မှတ်၊

(ခ) ဥက္ကဋ္ဌလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှတ်အမှတ်အသား(✔)၊ ကြက်ခြေအမှတ်အသား(✘) များမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကိုဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်၊

၂၀။ ကြီးကြပ်သူအရာရှိသည် အောက်ပါဆန္ဒမဲလက်မှတ်အရေအတွက်များကို ပုံစံ(၈-က)နှင့် ပုံစံ(၈-ခ)တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်းဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးရယူပြီး မှတ်တမ်းတင်ထားရမည် -

(က) ပုံစံ(၈-က)တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ်အရေအတွက်၊

(ခ) ပုံစံ(၈-ခ)တွင် ဆန္ဒမဲရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလ ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၂၁။ ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူ အရာရှိက ပုံစံ(၉)တွင် ဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင် ထားရှိရမည်။

၂၂။ သဘာပတိသည် ပုံစံ(၉)အရ ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်း အလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း ကြေညာရမည်။

၂၃။ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် သဘာပတိသည် လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးရမည်။သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။ ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ရရှိသည့် ထောက်ခံဆန္ဒမဲ နည်းသူများကို ပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁တို့ပါ နည်းလမ်းနှင့်အညီ သဘာပတိက ဒုတိယအကြိမ် ထပ်မံကျင်းပ ရမည်။

၂၄။ ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲ အများဆုံး နေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တ ရပ်နားရမည်။

၂၅။ ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ ဆန္ဒမဲပေးပွဲကို နည်းဥပဒေ ၂၃ နှင့်အညီ လိုက်နာ ဆောင်ရွက်၍ သဘာပတိက ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရရှိသည်အထိ ဆက်လက်ကျင်းပ ပေးရမည်။

၂၆။ နည်းဥပဒေ ၂၃၊ ၂၄ နှင့် ၂၅ တို့နှင့်အညီ ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

**ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၂၇။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင်-

(က) နည်းဥပဒေ ၁၆ မှ ၂၆ အထိ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များ နှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပုံစံ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) ၊(၇)၊ (၈-က)၊ (၈-ခ)နှင့် (၉)တို့ကိုအသုံးပြုရမည်။

## ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုခြင်းနှင့် တာဝန်လွှဲအပ်ခြင်း

၂၈။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိ ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် နောက်ဆက်တွဲ (ခ)ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ် ရေးထိုးရမည်။

၂၉။ သဘာပတိသည် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးပါက လွှတ်တော် ရှေ့မှောက်တွင် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပေးရမည်။

**အခြားတာဝန်ပေးအပ်ခြင်း**

၃၀။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် သော်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းသို့တာဝန်ပေးအပ်ခြင်းခံရသဖြင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ နေရာလစ်လပ်ပါက နည်းဥပဒေ ၁၆ မှ ၂၇ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်ပြရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၁။ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သောအမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာအပြည့်အဝကျင့်သုံးခွင့်ရှိခြင်း၊

(ခ) နိုင်ငံတော်သမ္မတက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အဆိုပြုလျှင် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခြင်း၊

(င) လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှု ရှိစေရန် ကြပ်မတ်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိပါက သတိပေးတားမြစ်ခြင်း၊

(ဇ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဈ) လွှတ်တော်ပရဝဏ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အပြုအမူနှင့် အပြောအဆိုသည် အလွန်မဖွယ်မရာဖြစ်ကြောင်းတွေ့ရှိပါက ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ပရဝဏ်အတွင်းမှ ချက်ချင်းထွက်ခွာသွားရန်နှင့် ထိုနေ့အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုရန် ညွှန်ကြားနိုင်ခြင်း၊ လွှတ်တော်အစည်းအဝေး ကာလတစ်ခုအတွင်း ယင်းသို့ ဒုတိယအကြိမ် ညွှန်ကြားခြင်းခံရလျှင်မူ အစည်းအဝေး၏ ကျန်ရှိသော ရက်များထက်မပိုသော ကာလအပိုင်းအခြား၌ ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်အစည်းအဝေးများသို့လည်းကောင်း၊ လွှတ်တော်ကော်မတီ အစည်းအဝေးများသို့ လည်းကောင်း မတက်ရောက်ရန် ညွှန်ကြားနိုင်ခြင်း၊ ထို့ပြင် ယင်းသို့ ညွှန်ကြားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်ပရဝဏ် အတွင်းသို့ မလာရောက်စေရန်လည်း ညွှန်ကြားနိုင်ခြင်း၊

(ည) လွှတ်တော်အတွင်းတွင် ထိန်းသိမ်း၍မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသော အခြေအနေပေါ်ပေါက်လာလျှင် လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်များသည် လွှတ်တော် အစည်းအဝေး အစီအစဉ်နှင့် သက်ဆိုင်ကိုက်ညီခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သတ်မှတ်ခွင့်ပြုထားသော ဆွေးနွေးနိုင်သည့် အချိန်ထက်ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မတ်ခြင်း၊

(ဍ) လွှတ်တော်တွင် ဆွေးနွေးဆဲ အကြောင်းအရာတစ်ရပ်ကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဎ) လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ် ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဏ) လွှတ်တော်အစည်းအဝေးကို လိုအပ်လျှင် ခေတ္တရပ်နားခြင်း၊

(တ) လွှတ်တော်ကဆုံးဖြတ်ရန်လိုအပ်သော ကိစ္စကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံလျှင် ယင်းအဆိုသည် လွှတ်တော်၏ အဆုံးအဖြတ်လိုအပ်သော အဆို ဟုတ် မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူခြင်း၊

(ထ) လွှတ်တော်တွင် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါနည်းလမ်းများ အနက် မည်သည့်နည်းလမ်းဖြင့် ဆန္ဒပြုရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း -

(၁) ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့်နည်းလမ်း၊

(၂) မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း၊

(ဒ) လွှတ်တော်တွင် အဆုံးဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်စေခြင်း၊

(ဓ) လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများတွင် အခြားနည်းလမ်းပြဋ္ဌာန်းထားခြင်း မရှိလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပေးခြင်းမပြုရဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးခြင်း၊

(န) ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက် ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် ရှိလျှင်သော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပရန် ကြေညာခြင်း၊

(ပ) လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော် အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ဖ) ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိခြင်းမရှိသော ကိစ္စများပေါ်ပေါက်လာလျှင် သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲ တစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေး အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်း၊

(ဗ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို ဒေသဆိုင်ရာလုပ်ငန်းကိစ္စရပ် ဆောင်ရွက် မည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာ ဆက်သွယ်ရေး နည်းလမ်းနှင့်အညီ ခွင့်ပြုချက်တောင်းခံလာပါက အဆုံးအဖြတ် ပေးခြင်း၊

(ဘ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်း ကောင်း၊ သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း၊

၃၂။ **ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။** ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥက္ကဋ္ဌက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊

(ခ) လွှတ်တော်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီ ပေးခြင်း၊

(ဂ) ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိသည့်အခါ ယင်း၏တာဝန်ကို ယာယီ ထမ်းဆောင်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော် လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက် ခြင်း။

**အခန်း(၆)**

**လွှတ်တော်အစည်းအဝေးများ**

**အစည်းအဝေးများကျင်းပခြင်း**

၃၃။ **အစည်းအဝေးနေ့ရက်နှင့် အချိန်သတ်မှတ်ခြင်း။** အစည်းအဝေးနေ့ရက်နှင့် အချိန်သတ်မှတ် ခြင်းနှင့်စပ်လျဉ်း၍ –

(က) လွှတ်တော်အစည်းအဝေးများကိုသာမန်အားဖြင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရ ရုံးပိတ်ရက် များမှအပ ကျန်နေ့ရက်များတွင် နံနက် ၁ဝနာရီမှ ညနေ ၄နာရီထိ ကျင်းပနိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေးကို ရုံးပိတ်ရက်များ အပါအဝင် တစ်ဆက်တစ်စပ်တည်း ကျင်းပရန် လိုအပ်လျှင်သော်လည်းကောင်း၊ သတ်မှတ်ချိန်ထက် ကျော်လွန် ၍ကျင်းပရန် လိုအပ်လျှင်သော်လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ ဆောင်ရွက်နိုင်သည်။

၃၄။ **အစည်းအဝေးအထမြောက်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်ကျင်းပရာတွင် –

(က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပသောနေ့များ တွင် အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်စာအုပ်တွင် လက်မှတ်ရေးထိုး ရမည်။

(ခ) လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေး တစ်ရပ်ရပ် ၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ဂ) အစည်းအဝေးအထမြောက်ရန်လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့် ကြောင်းသိရှိသည့်အခါ ဥက္ကဋ္ဌသည် ခေါင်းလောင်းကို တစ်မိနစ်တီး၍ အချက်ပေးရ မည်။ ယင်းသို့ အချက်ပေးခေါင်းလောင်းတီးပြီးနောက် ငါးမိနစ်အတွင်း အစည်းအဝေး အထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်သေးလျှင် အစည်းအဝေးကို ထို့နေ့တွင်ပင် အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ရက်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၃၅။ **အစည်းအဝေးစတင်ကြောင်းကြေညာခြင်း။** အစည်းအဝေးစတင်ခြင်းနှင့်စပ်လျဉ်း၍ –

(က) သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးကျင်းပသည့်နေ့တိုင်းတွင် နည်းဥပဒေ ၃၄ အရ အစည်းအဝေးအထမြောက်ခြင်း ရှိ မရှိ စိစစ်စေရမည်။

(ခ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခြင်းမပြုရသေးမီ ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် သဘာပတိက အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာရမည်။

(ဂ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးနောက် ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

၃၆။ **ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း။** လွှတ်တော်တွင်ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ရာ၌ –

(က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင် ဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တစ်ကြိမ်လျှင် အများဆုံး မိနစ် ၂၀ အထိသာ ဆွေးနွေးရမည်။ သို့ရာတွင် လွှတ်တော်၏လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါက ဥက္ကဋ္ဌသည် ယင်းလွှတ်တော် ကိုယ်စားလှယ်အား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြ ဆွေးနွေးခွင့်ပြုနိုင်သည်။

၃၇။ **ဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်း။** လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်–

(က) အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၃၈။ **တံခါးပိတ်အစည်းအဝေးကျင်းပခြင်း။** ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ကိစ္စများကိုလည်းကောင်း ဆွေးနွေးစဉ်းစားရန်လိုအပ်ပါက –

(က) ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်အရ လွှတ်တော်အစည်းအဝေးများကို တံခါးပိတ်ကျင်းပရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ ကျင်းပသည့် တံခါးပိတ် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအပြင် ဥက္ကဋ္ဌက တက်ရောက်စေလိုသည့် ပုဂ္ဂိုလ်များနှင့် သတ်မှတ်ပေးထားသည့် တာဝန်ထမ်းဆောင်ရန် လိုအပ်သူများသာ လွှတ်တော်အစည်းအဝေးခန်းမတွင် ရှိစေရမည်။

၃၉။ **အစည်းအဝေးမှတ်တမ်းပြင်ဆင်ခွင့်။** လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြား၍ တက်ရောက်သော ပုဂ္ဂိုလ်များသည်-

(က) လွှတ်တော်အစည်းအဝေးတွင် မိမိဆွေးနွေးခဲ့သည့် စကားရပ်များနှင့် စပ်လျဉ်း၍ ကွဲလွဲ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိလျှင် လွှတ်တော်ရုံးသို့ စာဖြင့်ပြင်ဆင်ချက်ပေးပို့နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပြင်ဆင်ချက်ပေးပို့ရာတွင် မိမိအမှန်တကယ်ပြောဆိုခဲ့သော စကားရပ်များကိုမူ ပြင်ဆင်ခွင့်မရှိစေရ။

၄၀။ လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်တွင် ပါဝင်ဆောင်ရွက် ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၄၁။ လွှတ်တော်အစည်းအဝေးက ချမှတ်သည့် ဆုံးဖြတ်ချက်များကို လွှတ်တော်ရုံးက မှတ်တမ်းပြုစု၍ အစည်းအဝေးပြီးဆုံးသည့်နေ့မှ သုံးရက်အတွင်း ဥက္ကဋ္ဌထံ တင်ပြပြီး လက်မှတ်ရေးထိုးထားရမည်။

၄၂။ **အစည်းအဝေးတွင်လိုက်နာရန်စည်းကမ်းချက်များ။** လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေးတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စရပ်များကို တံခါးပိတ်အစည်းအဝေးမှအပ အခြားအစည်းအဝေး၌ တင်ပြခြင်း မပြုရ။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားမပြောဆိုရ။

(ဂ) မည့်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်း မပြုရ။

(ဃ) နိုင်ငံရေးပါတီတစ်ခုခုကို ထိပါးပုတ်ခတ်ပြောဆိုခြင်းမပြုရ၊

(င) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက်မချမှတ်သေးသော မည်သည့်ကိစ္စရပ်ကိုမျှ ရည်ညွှန်းထည့်သွင်း ပြောဆိုခြင်းမပြုရ၊

(စ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ် ပြောဆိုခြင်း မပြုရ၊

(ဆ) လွှတ်တော်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ လွှတ်တော်တွင်ဖြစ်စေ၊ လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပြောကြားဆွေးနွေးချက်များကို ထိပါးပုတ်ခတ် ပြောဆိုခြင်း

သော်လည်းကောင်း၊ ယင်းအစည်းအဝေးများတွင် ဆောင်ရွက်သည့် ကိစ္စများကို မဖွယ်မရာသော အသုံးအနှုန်းဖြင့် ပြောကြားခြင်းသော်လည်းကောင်း မပြုရ။

(ဇ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိခိုက်သောစကား မပြောဆိုရ။

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏အစဉ်အလာများ၊ ထုံးတမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

(ည) ရှုန့်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ မပြုရ။

(ဋ) ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရ။

(ဌ) ဆွေးနွေးဆဲကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သော စကားမပြောဆိုရ။

(ဍ) မိမိကိုယ်မိမိ အမွှမ်းတင်ခြင်းအားဖြင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်းဖြင့်လည်းကောင်း၊ မသမာသော နည်းများဖြင့်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပိုင်ခွင့်ကို အလွဲသုံးစား မပြုရ။

(ဎ) ဥပဒေကြမ်း တင်သွင်းသည့်ကိစ္စနှင့် ကြိုတင်ပြုစုလာသောစာတမ်းကို ဖတ်ကြားတင်သွင်းရန် ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စများမှအပ အခြားကိစ္စများတွင် နှုတ်ဖြင့်သာ ဆွေးနွေးပြောကြားရမည်။

၄၃။ **အရေးယူရန်နည်းလမ်းများ။** ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နည်းဥပဒေ ၄၂တွင် ဖော်ပြထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် သတိပေးရမည့်အပြင် တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) မိမိ၏ သတိပေးချက်ကို လွှတ်တော်ကိုယ်စားလှယ်က မလိုက်နာဘဲ ဆက်လက်ဖောက်ဖျက် ကျူးလွန်နေလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးခြင်းကို ရပ်စဲရန် ညွှန်ကြားရမည်။

(ဂ) ညွှန်ကြားချက်ကို မလိုက်နာပါက အစည်းအဝေးကို ခေတ္တရပ်နား၍ ယင်းလွှတ်တော်ကိုယ်စားလှယ်အား မည်ကဲ့သို့ အရေးယူရမည်ကို စဉ်းစားပြီး အောက်ပါ အချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်နိုင်သည်-

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့ရက်အတွက် ဆွေးနွေးခွင့်ရုပ်ဆိုင်းခြင်း၊

(၃) ထိုနေ့ရက်အတွက် လွှတ်တော်အစည်းအဝေးခန်းမမှ ထွက်ခွာသွားစေခြင်း၊

(၄) ကျင်းပဆဲလွှတ်တော်အစည်းအဝေးကာလတစ်လျှောက်လုံးအတွက် အစည်းအဝေးတက်ရောက်ခွင့် ရုပ်သိမ်းခြင်း၊

(၅) ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်ခြင်း၊

(၆) နိုင်ငံတော်၏ လျှို့ဝှက်ချက်ကို ဖောက်ဖျက်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေကို ဖောက်ဖျက်ပါက ပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း အရေးယူခြင်း၊

**ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း**

၄၄။ **ခွင့်ပန်ကြားခြင်း။** လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့်စပ်လျဉ်း၍ -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့် ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ခွင့်ပြုချက်ကို တင်ပြတောင်းခံရမည်။

(ခ) သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကိုဆွေးနွေးခြင်း မပြုစေဘဲ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။

၄၅။ **ခွင့်မဲ့ပျက်ကွက်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် ယင်းသို့ပျက်ကွက်ကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့ခွင့်မဲ့ပျက်ကွက်သည့်အတွက် ထိုလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကြေညာရမည်။

(ဂ) အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလနှင့် နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ(ဈ) နှင့် နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၃)(၄) တို့အရ အစည်းအဝေး တက်ရောက်ခွင့် ရပ်သိမ်းထားသည့် ကာလများကို ထည့်သွင်း ရေတွက်ခြင်း မပြုရ။

(ဃ) နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်သွားလျှင် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌက တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

## အခန်း(၇)

## တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနအရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း

၄၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)နှင့်အညီ တိုင်းဒေသကြီး ဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၂)နှင့်အညီ တိုင်းဒေသကြီး ဝန်ကြီးဦးရေကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၀၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့်အညီ

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးရေတို့ကိုလည်းကောင်း သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ် ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၄၇။ နည်းဥပဒေ ၄၆ အရ ဆုံးဖြတ်သတ်မှတ်ထားသည့် တိုင်းဒေသကြီး ဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရဝန်ကြီးဦးရေကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးရေကိုလည်းကောင်း အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

**တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက်ရယူခြင်း**

၄၈။ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက်ရယူရမည်။

၄၉။ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက် ရယူရမည်။

၅၀။ တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်ပါတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) နှင့် (၂)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁)တို့နှင့် အညီ အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက် ရယူရမည်-

(က) တိုင်းဒေသကြီး ဝန်ကြီးများ၊

(ခ) တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊

(ဂ) တိုင်းဒေသကြီး ဥပဒေချုပ်၊

(ဃ) တိုင်းဒေသကြီး စာရင်းစစ်ချုပ်။

၅၁။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၄၈၊ ၄၉ နှင့် ၅၀ တို့အရ လွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရေးအတွက် -

(က) အဆိုပြုထားသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လွှတ်တော်အစည်းအဝေး၌ ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ ကြေညာသော အမည်စာရင်းပါပုဂ္ဂိုလ်တစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ(က)၊ ပုဒ်မ၂၇၁ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၁၀ တို့တွင် သတ်မှတ်ထားသော သက်ဆိုင်ရာအရည်အချင်းများနှင့် မပြည့်စုံကြောင်းသက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသောလွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာရမည်။

၅၂။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၅၁ အရ ဆောင်ရွက်ရာတွင် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိလျှင် ယင်းသို့မရှိသော အမည်စာရင်းပါပုဂ္ဂိုလ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန် ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာရမည်။

၅၃။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၅၂ အရ လွှတ်တော်သို့ ကြေညာပြီးနောက် ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသော ပုဂ္ဂိုလ်အား သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း နိုင်ငံတော်သမ္မတက အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတထံ လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လည်းကောင်း အကြောင်းကြားရမည်။

၅၄။ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)ပါ ကြေညာချက်အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံတင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသောပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်းပူးတွဲတင်ပြရမည်။

၅၅။ နည်းဥပဒေ ၅၄ အရ တင်သွင်းသော ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် ဥက္ကဋ္ဌသည် လွှတ်တော်၏ အဆုံးအဖြတ်ကို ဦးစွာရယူရမည်။

၅၆။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း လွှတ်တော်ကဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် မရှိကြောင်း ကြေညာပြီး နည်းဥပဒေ ၅၃ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၅၇။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာရမည်။ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း ဆွေးနွေးရမည်။

၅၈။ နည်းဥပဒေ ၅၇ အရ ဆွေးနွေးပြီးသည့်အခါ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။ လွှတ်တော်က –

(က) ကန့်ကွက်ကြောင်းအဆိုကို သဘောမတူကြောင်းဆုံးဖြတ်လျှင် နည်းဥပဒေ ၅၃ ပါ အတိုင်း ဆောင်ရွက်ရမည်။

(ခ) ကန့်ကွက်ကြောင်းအဆိုကို သဘောတူကြောင်းဆုံးဖြတ်လျှင် လွှတ်တော်၏ သဘောတူညီချက် မရရှိသည့်ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံတင်သွင်းနိုင်ကြောင်း နိုင်ငံတော်သမ္မတက အဆိုပြုသည့်ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတ

ထံလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံလည်းကောင်း ဥက္ကဋ္ဌက အကြောင်း ကြားရမည်။

၅၉။ နည်းဥပဒေ ၅၄ အရ လွှတ်တော်တွင် ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦးဦးနှင့်ပတ်သက်၍ –

(က) နိုင်ငံတော်သမ္မတက အဆိုပြုသည့်ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတက လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ယင်းကန့်ကွက်ကြောင်းအဆိုတင်သွင်းခံရသူ၏ အမည်စာရင်းကို ရုပ်သိမ်းလိုလျှင် ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ခ) ကန့်ကွက်ကြောင်းအဆိုတင်သွင်းခံရသူ ကိုယ်တိုင်ကလည်း မိမိအား အမည်စာရင်း တင်သွင်းထားခြင်းကို ရုပ်သိမ်းလိုလျှင် ရုပ်သိမ်းနိုင်သည်။

(ဂ) ကန့်ကွက်ကြောင်းအဆိုတင်သွင်းသူသည် ကန့်ကွက်ကြောင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မဆုံးဖြတ်မီ မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)၊(ခ)နှင့် (ဂ)တို့အရ ရုပ်သိမ်းခြင်းကိုခွင့်ပြုရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရ အမည်စာရင်းရုပ်သိမ်းခြင်းကို ခွင့်ပြုလျှင် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတကလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ် ထပ်မံအဆိုပြုခွင့်ရှိသည်။

**ကတိသစ္စာပြုခြင်း**

၆၀။ နည်းဥပဒေ ၄၈၊ ၄၉နှင့် ၅၀တို့ပါ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများအတွက် လွှတ်တော် က သဘောတူညီချက်ပေးသည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းများကို စတင်ဆောင်ရွက်ရန် လုံလောက်သည့် အဖွဲ့ဝင်ဦးရေဖြစ်သည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘောရရှိလျှင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့ အစည်းဝင်များအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူများအား လွှတ်တော်အစည်း အဝေးတွင် ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ နောက်ဆက်တွဲ(ဂ)ပါအတိုင်း ကတိသစ္စာပြုစေရမည်။ ယင်းသို့ ကတိသစ္စာမပြုမီ –

(က) တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၉ ပုဒ်မခွဲ(က) နှင့် (ခ)၊ ပုဒ်မ ၃၁၀ ပုဒ်မခွဲ(စ) နှင့် (ဆ)တို့နှင့် ညီညွတ်ပြီးဖြစ်ရမည်။

(ဂ) တိုင်းဒေသကြီးဝန်ကြီးများအနက် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသော တပ်မတော်သားဝန်ကြီးများမှအပ ကျန်တိုင်းဒေသကြီး

ဝန်ကြီးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂ ၊ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)နှင့် ညီညွတ်ပြီးဖြစ်ရမည်။

(ဃ) တိုင်းဒေသကြီးဥပဒေချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၈နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(င) တိုင်းဒေသကြီးစာရင်းစစ်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၃နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

၆၁။ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့်အညီ တိုင်းဒေသကြီး ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ထားသော တိုင်းဒေသကြီးဝန်ကြီးသည် လည်းကောင်း၊ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များသည် လည်းကောင်း တိုင်းဒေသကြီးဝန်ကြီးအဖြစ် လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ နောက်ဆက်တွဲ(ဂ)ပါ အတိုင်းကတိသစ္စာပြုရမည်။ ယင်းသို့ ကတိသစ္စာ မပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)နှင့် ညီညွတ်ပြီးဖြစ်ရမည်။

## အခန်း(၈)

## လွှတ်တော်ကော်မတီနှင့် အဖွဲ့များ

၆၂။ **ဖွဲ့စည်းခြင်း။** လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌသည် –

(က) ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄ အရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သော နိုင်ငံသားများဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ၏ သို့မဟုတ် အဖွဲ့များ တွင် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် သင့်လျော်သည့် နိုင်ငံသား များ၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းကော်မတီနှင့် အဖွဲ့များအလိုက် တာဝန်ယူ ဦးဆောင်မည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း သတ်မှတ်ပေးရမည်။

၆၃။ ကော်မတီနှင့် အဖွဲ့များသည် ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ၊ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

**ဆက်သွယ်ဆောင်ရွက်ခြင်း**

၆၄။ နည်းဥပဒေ ၆၂အရ ဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆ

ရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၆၅။ **ကော်မတီ သို့မဟုတ် အဖွဲ့၏အစည်းအဝေးများ။** ကော်မတီ သို့မဟုတ် အဖွဲ့၏ အစည်းအဝေး များတွင် -

(က) ခန့်အပ်ထားသည့် ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက် မနည်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ တက်ရောက်ရမည့် ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင် ဦးရေ မပြည့်လျှင် ပြည့်သည်အထိ ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌက အစည်းအဝေး အချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

(ဂ) ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌသည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီ သို့မဟုတ် အဖွဲ့၏ ဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင်သည် အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

(ဃ) မဲဆန္ဒယူရာ၌ ကော်မတီ သို့မဟုတ် အဖွဲ့၏ ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

၆၆။ **ကော်မတီ သို့မဟုတ် အဖွဲ့၏အစီရင်ခံစာ တင်ပြခြင်း။** ကော်မတီ သို့မဟုတ် အဖွဲ့၏ အစည်း အဝေးတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက -

(က) ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီ သို့မဟုတ် အဖွဲ့၏အစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကို ကော်မတီ သို့မဟုတ် အဖွဲ့က သဘောတူလျှင် ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ကော်မတီ သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင် သို့မဟုတ် အဖွဲ့ဝင်က လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

**ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် နုတ်ထွက်ခြင်း**

၆၇။ ကော်မတီ အသီးသီး၏ ကော်မတီဝင်တစ်ဦးသည် -

(က) တစ်ဆက်တည်းကျင်းပသော ကော်မတီ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ သုံးကြိမ်တိုင်တိုင် မတက်ရောက်လျှင် ကော်မတီဝင် အဖြစ်မှ အလိုအလျောက်ရပ်စဲသည်။

(ခ) အောက်ဖော်ပြပါ ရာထူးတစ်ခုခုသို့ ရွေးချယ်တင်မြှောက်ခံရပါက ကော်မတီဝင် အဖြစ်မှ အလိုအလျောက် ရပ်စဲသည် -

(၁) ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည့် ရာထူး၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရလျှင်ဖြစ်စေ ကော်မတီဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲသည်။

(ဃ) ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီဝင်တစ်ဦးက ခိုင်လုံသော အကြောင်းဖော်ပြလျက် လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာလျှင် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ရမည်။

**ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း**

၆၈။ ဥက္ကဋ္ဌသည် ကော်မတီအသီးသီးက လိုက်နာရန် လုပ်ထုံးလုပ်နည်းများနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌထံ ညွှန်ကြားချက်များပေးပို့နိုင်သည်။

၆၉။ ကော်မတီဥက္ကဋ္ဌ အသီးသီးသည် လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကော်မတီ လုပ်ငန်းအရပ်ရပ်တို့နှင့် စပ်လျဉ်း၍သော်လည်းကောင်း သင့်လျော်သည်ဟု ထင်မြင်ချက် ယူဆလျှင် ဥက္ကဋ္ဌထံ အဆုံးအဖြတ်တောင်းခံနိုင်ပြီး ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

**အစားထိုးတာဝန်ပေးအပ်ခြင်း**

၇၀။ နည်းဥပဒေ ၆၇အရဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မတီဝင်နေရာ လစ်လပ်လျှင် ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကော်မတီဝင်နေရာ လစ်လပ်ကြောင်းလွှတ်တော်သို့ ကြေညာရမည်။

(ခ) ယင်းကော်မတီဝင်နေရာတွင် အစားထိုးတာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား လွှတ်တော်သို့ အမည်စာရင်းတင်သွင်း၍ အတည်ပြုချက်ရယူရမည်။

## အခန်း(၉)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၇၁။ **လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း။** လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် အောက်ပါအကြောင်းအရာတစ်ခုခု ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရ ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသော အကြောင်း တစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်အနိစ္စရောက်ခြင်း၊

၇၂။ **လစ်လပ်ကြောင်းကြေညာခြင်း။** နည်းဥပဒေ ၇၁ အရ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲသည့် ကိစ္စတွင် ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်။

(ခ) လစ်လပ်သော လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အစားထိုးရွေးကောက် တင်မြှောက်နိုင်ရေးအတွက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

## အခန်း(၁၀)

## ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းခြင်းနှင့် အစားထိုးရွေးကောက်တင်မြှောက်ခြင်း

**၇၃။ တာဝန်မှရုပ်သိမ်းရန် အဆိုလွှာတင်သွင်းခြင်း။** ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၀ အရ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးကိုဖြစ်စေ တာဝန်မှရုပ်သိမ်းရန် အဆိုလွှာတင်သွင်းလိုလျှင် ကတိသစ္စာပြုပြီး သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံသည် မိမိတို့ လက်မှတ်ရေးထိုးထားသော အဆိုလွှာကို -

(က) ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်ဖြစ်ပါက ဒုတိယဥက္ကဋ္ဌထံ တင်သွင်းရမည်။

(ခ) ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်ဖြစ်ပါက ဥက္ကဋ္ဌထံ တင်သွင်းရမည်။

(ဂ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို တာဝန်မှရုပ်သိမ်းရန် ဖြစ်ပါက လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ တင်သွင်းရမည်။

**ဥက္ကဋ္ဌအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၇၄။ နည်းဥပဒေ၇၃ ၊ နည်းဥပဒေခွဲ (က)အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန်အဆိုလွှာ တင်သွင်းခြင်း ဖြစ်ပါက ယင်းကိစ္စကို ဆောင်ရွက်ရန်အလို့ငှာ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင် ရမည်။

၇၅။ ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးတွင် တာဝန်မှ ရုပ်သိမ်းရန် တင်သွင်းသည့်အဆိုလွှာနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၇၄ အရ ဥက္ကဋ္ဌ တာဝန်ကို ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် -

(က) တာဝန်မှ ရုပ်သိမ်းလိုကြောင်း အဆိုကို လွှတ်တော်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

(ခ) တာဝန်မှ ရုပ်သိမ်းလိုကြောင်း အဆိုလွှာတွင် လက်မှတ်ရေးထိုးသော လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးအား ယင်းအဆိုကို လွှတ်တော်သို့ တင်သွင်းစေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်သွင်းသောအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်း၍ ဆွေးနွေးခွင့်ပြုရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးပြီးသည့်အခါ အဆိုနှင့်စပ်လျဉ်း၍ ဆက်လက် အရေးယူဆောင်ရွက်ရန် သင့် မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာတွင် ဆန္ဒမဲ လက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးသည့် နည်းလမ်းနှင့်အညီအောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမအတွင်း ဥက္ကဋ္ဌတာဝန် ယာယီ ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက် ၌ ပြုလုပ်ရမည်။

(၂) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရ မည့် လုပ်ငန်းကိုတာဝန်ယူ ဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကိုဖွဲ့စည်းပေးရမည်။

(၃) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့် စာရွက် စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ စီစဉ်ထားရှိရမည်။

(၄) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲ လက်မှတ် ပုံစံ(၁၀) များကို ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်၍ ပုံစံ(၁၁)၌ ဖြည့်သွင်းပြုစုပြီး ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက် ရယူ၍ လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

(၅) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲငယ်(၂) အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှ မရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သောနေရာတွင် ထားရှိရမည်။

(၆) (ကက)လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ် ပုံစံ (၁၀) ကို ထုတ်ယူရန် သတ်မှတ်ထားသောနေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ(၁၂)တွင် လက်မှတ်ရေးထိုး ရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင်ဆန္ဒမဲလက်မှတ်၌ ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန် အဆိုကို ထောက်ခံလျှင် မင်ဖြင့်အမှန်အမှတ်အသား (✔)ကို လည်းကောင်း၊ ဥက္ကဋ္ဌအားတာဝန်မှ ရုပ်သိမ်းရန် အဆိုကို ကန့်ကွက်လျှင်မင်ဖြင့် ကြက်ခြေ အမှတ်အသား(✘)ကိုလည်းကောင်းအထင်အရှား ပြုရမည်။ ထို့နောက်ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ခခ) တာဝန်မှရုပ်သိမ်းရန် အဆိုတင်သွင်းခြင်းခံရသော ဥက္ကဋ္ဌသည်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့လဲလှယ်သည့် နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ (၁၃)တွင် ဖြည့်သွင်းပြုစု၍ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယ ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင် ထားရှိရမည်။

(၈) ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင်-

(ကက)ဥက္ကဋ္ဌတာဝန်ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲငယ် (၂)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။ ဆန္ဒမဲ ပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲ လက်မှတ်များတွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(ခ ခ) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၁၂)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူ ရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီခြင်းရှိ မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ(၁၂) ဖြင့်ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က ပိုနေကြောင်း ကြီးကြပ်သူ အရာရှိက တင်ပြလာလျှင် ဥက္ကဋ္ဌတာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(ဂ ဂ) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၁၂) ဖြင့်ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က လျော့နည်းပါက လျော့နည်းသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ် မရှိ ပါက မရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြလာသည့်အခါ ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာ ၍ ဆန္ဒမဲလက်မှတ်ကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

၇၆။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ အဆိုကို ထောက်ခံသောဆန္ဒမဲလက်မှတ်နှင့် အဆိုကို ကန့်ကွက်သော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါ ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိက ဥက္ကဋ္ဌတာဝန် ယာယီ ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြ၍ မှန်ကန်ပါက ဥက္ကဋ္ဌတာဝန်ယာယီ ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည်-

(က) ဆန္ဒမဲပုံးအတွင်းသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဂ) အမှန်အမှတ်အသား(✔)နှင့် ကြက်ခြေအမှတ်အသား(✘)မှအပ အခြားအမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား(✔)သို့မဟုတ် ကြက်ခြေအမှတ်အသား(✘) ထင်ရှားအောင် ဆန္ဒမပြုထားသော ဆန္ဒမဲလက်မှတ်၊

(င) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(စ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

၇၇။ ကြီးကြပ်သူအရာရှိသည် အောက်ပါဆန္ဒမဲလက်မှတ်အရေအတွက်များကို ပုံစံ(၁၄-က)နှင့် ပုံစံ(၁၄-ခ)တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်းဖြည့်စွက်၍ ဥက္ကဋ္ဌတာဝန် ယာယီ ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြ အတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည် -

(က) ပုံစံ (၁၄-က)တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ်အရေအတွက်၊

( ခ ) ပုံစံ(၁၄-ခ)တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလ ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၇၈။ ကြီးကြပ်သူအရာရှိသည် ထောက်ခံဆန္ဒမဲ စုစုပေါင်းနှင့် ကန့်ကွက်ဆန္ဒမဲစုစုပေါင်းတို့ကို ပုံစံ(၁၅)တွင် ဖြည့်စွက်၍ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြအတည်ပြု ချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။

၇၉။ **အရေးယူဆောင်ရွက်ရန် ရှိ မရှိ ကြေညာခြင်း။** ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် ပုံစံ (၁၅)ပါ ဆန္ဒမဲပေးမှုအခြေအနေရ ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆိုကို ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံး သုံးပုံ နှစ်ပုံက -

(က) ထောက်ခံခြင်းမရှိလျှင် အရေးယူဆောင်ရွက်ရန် မရှိကြောင်း ကြေညာရမည်။

( ခ ) ထောက်ခံလျှင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာရမည်။

၈၀။ **စုံစမ်းစစ်ဆေးခြင်း။** နည်းဥပဒေ ၇၉၊ နည်းဥပဒေခွဲ (ခ)အရ အရေးယူဆောင်ရွက်ရန် ကြေညာ ထားသော အဆိုနှင့် စပ်လျဉ်း၍ -

(က) စုံစမ်းစစ်ဆေးရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စုံစမ်းစစ် ဆေးရေးအဖွဲ့ကို ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ဖွဲ့စည်း ရမည်။

(ခ) စုံစမ်းစစ်ဆေးအဖွဲ့က စုံစမ်းစစ်ဆေးသည့်အခါ တာဝန်မှရုပ်သိမ်းရန် အဆို တင်သွင်း ခြင်းခံရသော ဥက္ကဋ္ဌ ကိုယ်တိုင်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး အားကိုယ်စားလှယ် ခန့်၍သော်လည်းကောင်း ချေပခွင့်ရှိသည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို ယင်းအဖွဲ့ ဖွဲ့စည်းသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌ ထံ တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို ရရှိသည့်အခါ ယင်းအစီရင်ခံစာကို လွှတ်တော်သို့ ဆောလျင်စွာ တင်ပြရမည်။

၈၁။ **စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန် တင်သွင်းသော အဆိုသည် -

(က) မှန်ကန်ခြင်းမရှိကြောင်း တင်ပြချက်ဖြစ်ပါက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် မရှိကြောင်း ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

( ခ ) မှန်ကန်ပြီးအရေးယူသင့်ကြောင်း တင်ပြချက်ဖြစ်ပါက တာဝန်မှရုပ်သိမ်းရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရရှိရေးအတွက် လွှတ်တော်၏အဆုံးအဖြတ်ရရှိရန် ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌက နည်းဥပဒေ ၇၅ မှ ၇၉ အထိ ပါအတိုင်း လျှို့ဝှက်မဲဆန္ဒပေးသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၈၂။ **ဆုံးဖြတ်ချက်ကိုကြေညာခြင်း။** နည်းဥပဒေ ၈၁၊ နည်းဥပဒေခွဲ(ခ)အရ ဆောင်ရွက် ရာတွင် ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းရန် အဆိုအား ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံး သုံးပုံ နှစ်ပုံက –

(က) ထောက်ခံခြင်းမရှိလျှင် အရေးယူဆောင်ရွက်ရန် မရှိကြောင်း ကြေညာရမည်။

( ခ ) ထောက်ခံလျှင် ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းကြောင်း ကြေညာရမည်။

၈၃။ နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ(ခ)အရ ဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းလျှင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သောကြောင့် ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌသည် လိုအပ်သလို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အကြောင်းကြားရမည်။

၈၄။ နည်းဥပဒေ ၇၅ နှင့် ၈၂၊ နည်းဥပဒေခွဲ(ခ)အရ တာဝန်မှ ရုပ်သိမ်းခြင်းခံရသော ဥက္ကဋ္ဌသည် တာဝန်မှ ရုပ်သိမ်းရန် ဆောင်ရွက်ဆဲကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးများဆုံးရှုံးခြင်းမရှိစေရ။ ကျင်းပဆဲလွှတ်တော်အစည်းအဝေးများတွင်လည်း လွှတ်တော်ကိုယ်စားလှယ် အဖြစ် တက်ရောက်ဆောင်ရွက်ခွင့်ရှိသည်။

၈၅။ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် ဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းရန်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက အဆိုတင်သွင်းပြီး သုံးပုံနှစ်ပုံက ဆက်လက်အရေးယူ ဆောင်ရွက်ရန် ထောက်ခံသဖြင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနေသည့်အချိန်တွင် ဥက္ကဋ္ဌ တာဝန်ယာယီထမ်းဆောင်နေသော ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေး၏ မူလ အစီအစဉ်များကို ဆက်လက်ကြီးကြပ်ဆောင်ရွက်ရမည်။

**ဒုတိယဥက္ကဋ္ဌအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၈၆။ နည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ(ခ)အရ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန် တင်သွင်းသော အဆိုလွှာကို လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလတွင် ရရှိခြင်းဖြစ်လျှင် ဥက္ကဋ္ဌသည် နည်းဥပဒေ ၇၅ မှ ၈၂ အထိ ပါရှိသော ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

၈၇။ ဒုတိယဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သောကြောင့် ဥက္ကဋ္ဌသည်

လိုအပ်သလို ဆောင်ရွက်နိုင်ရန်တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲမှတစ်ဆင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၈၈။ နည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ (ဂ)အရ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား လွှတ်တော် အစည်းအဝေး ကာလတွင် တာဝန်မှရုပ်သိမ်းရန် အဆိုလွှာတင်သွင်းခြင်းဖြစ်ပါက –

(က) အခမ်းအနားမှူးအဖြစ်ဆောင်ရွက်နေသော လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးသည် ယင်းသို့ အဆိုပြုလွှာ လက်ခံရရှိကြောင်း ကြေညာ၍ လွှတ်တော်၏ ဆောင်ရွက်ဆဲ မူလ အစီအစဉ်များကို ရပ်ဆိုင်းပြီး လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ရန် သဘာပတိ တစ်ဦးအား လွှတ်တော်ကတင်မြှောက်ရေးအတွက် ဆောင်ရွက်ရမည်။

(ခ) သဘာပတိတင်မြှောက်ခြင်းကို နည်းဥပဒေ ၇ မှ ၁၅ အထိပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ တင်မြှောက်လိုက်သည့် သဘာပတိသည် ဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှ ရုပ်သိမ်းရန် ကိစ္စများမှအပ လွှတ်တော်အစည်းအဝေးတွင် အခြားကိစ္စများကို ဆောင်ရွက်ခွင့် မရှိစေရ။

(ဃ) သဘာပတိသည် –

(၁) တာဝန်မှရုပ်သိမ်းလိုကြောင်းအဆိုကို လွှတ်တော်အစည်းအဝေးတွင် ထည့်သွင်း ရမည်။

(၂) တာဝန်မှရုပ်သိမ်းလိုကြောင်းအဆိုလွှာတွင် လက်မှတ်ရေးထိုးသော ကတိသစ္စာ ပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ယင်းအဆိုကို လွှတ်တော် သို့ တင်သွင်းစေရမည်။

(၃) နည်းဥပဒေခွဲငယ် (၂) အရ တင်သွင်းသောအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်းစေ၍ ဆွေးနွေးခွင့် ပြုရမည်။

(၄) လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီးသည့်အခါ အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်အရေးယူဆောင်ရွက်ရန် သင့် မသင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦး ချင်းစီအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရရှိရန် ဆောင်ရွက်ရမည်။ယင်းသို့ ဆောင်ရွက်ရာတွင် နည်းဥပဒေ ၇၅ မှ ၇၉ အထိပါ ဆန္ဒမဲလက်မှတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(င) သဘာပတိသည် နည်းဥပဒေခွဲ(ဃ)ပါအတိုင်း ဆောင်ရွက်ပြီးနောက် ရရှိသည့် ဆန္ဒမဲ အခြေအနေအရ ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ သုံးပုံ နှစ်ပုံက –

(၁) ဥက္ကဋ္ဌ တစ်ဦးတည်းအား တာဝန်မှ ရုပ်သိမ်းရန်အဆိုကို ထောက်ခံလျှင် အစည်းအဝေးကို ကြီးကြပ်ရန် တာဝန်အား ဒုတိယဥက္ကဋ္ဌသို့ လွှဲပြောင်းပေး

ရမည်။ ယင်းသို့တာဝန်လွှဲပြောင်းပေးခြင်းခံရသော ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအား တာဝန် မှ ရုပ်သိမ်းရန် အဆိုနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၈၀ မှ ၈၄ အထိပါ နည်းလမ်း အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(၂) ဒုတိယဥက္ကဋ္ဌတစ်ဦးတည်းအား တာဝန်မှ ရုပ်သိမ်းရန်အဆိုကို ထောက်ခံလျှင် အစည်းအဝေးကို ကြီးကြပ်ရန် တာဝန်အား ဥက္ကဋ္ဌသို့ လွှဲပြောင်းပေးရမည်။ ယင်းသို့တာဝန်လွှဲပြောင်းပေးခြင်းခံရသော ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန် အဆိုနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၈၀ မှ ၈၄ အထိပါ နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(၃) ဥက္ကဋ္ဌနှင့် ဒုတိဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန် အဆိုကို ထောက်ခံလျှင် အစည်းအဝေးကို သဘာပတိက ဆက်လက်ကြီးကြပ်ပြီး ဥက္ကဋ္ဌနှင့် ဒုတိဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန်မှ ရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၈၀မှ ၈၄အထိပါ နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၈၉။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန်အဆိုနှင့်စပ်လျဉ်း၍ အစည်းဝေးကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သော ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် နည်းဥပဒေ ၈၈၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၁)အရဖြစ်စေ၊ နည်းဥပဒေခွဲငယ် (၂)အရဖြစ်စေ၊ နည်းဥပဒေခွဲငယ် (၃)အရဖြစ်စေ ဆောင်ရွက်ပြီးနောက် ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက –

(က) ဥက္ကဋ္ဌ တစ်ဦးတည်းကို တာဝန်မှရုပ်သိမ်းရန် ထောက်ခံလျှင် ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

(ခ) ဒုတိယဥက္ကဋ္ဌ တစ်ဦးတည်းကို တာဝန်မှ ရုပ်သိမ်းရန် ထောက်ခံလျှင် ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းကြောင်း ဥက္ကဋ္ဌကကြေညာရမည်။

(ဂ) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို တာဝန်မှ ရုပ်သိမ်းရန် ထောက်ခံလျှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန်မှ ရုပ်သိမ်းကြောင်း သဘာပတိက ကြေညာရမည်။

၉၀။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ တာဝန်မှ ရုပ်သိမ်းလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သောကြောင့် သက်ဆိုင်သည့် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် လိုအပ်သလို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြား ရမည်။

၉၁။ နည်းဥပဒေ ၇၄၊ ၈၆၊ ၈၈တို့အရ တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တာဝန်မှ ရုပ်သိမ်းရန် ဆောင်ရွက်ဆဲကာလအတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိစေရ။ ကျင်းပဆဲ လွှတ်တော်အစည်းအဝေးများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်ရောက်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်နိုင်သည်။

**ဥက္ကဋ္ဌအား အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှ ရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၉၂။ ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် တင်သွင်းသည့် အဆိုလွှာနှင့် စပ်လျဉ်း၍ နည်းပဒေ ၇၄ အရ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် –

(က) လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရေးအတွက် လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူရမည်။

(ခ) လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူရာတွင် အဆိုလွှာရောက်ရှိသည့်နေ့ရက်မှ ၂၁ရက်အတွင်း ခေါ်ယူပြီး နည်းဥပဒေ ၇၅မှ ၈၄အထိ ပါရှိသော နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က)အရ ခေါ်ယူသော လွှတ်တော်အထူးအစည်းအဝေးတွင် ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် ကိစ္စမှအပ အခြားကိစ္စများကို တင်သွင်းဆုံးဖြတ်ခြင်းမပြုရ။

(ဃ) တာဝန်မှ ရုပ်သိမ်းရန်အဆိုလွှာကို လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တင်သွင်းပြီး သုံးပုံနှစ်ပုံကဆက်လက်အရေးယူရန် ထောက်ခံသဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးနေသည့် အခြေအနေတွင် လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းထားရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရန် လွှတ်တော်အစည်းအဝေးကို ပြန်လည်ခေါ်ယူကျင်းပရမည်။

**ဒုတိယဥက္ကဋ္ဌအား အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန်ဆောင်ရွက်ခြင်း**

၉၃။ ဒုတိယဥက္ကဋ္ဌအား လွှတ်တော် အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှ ရုပ်သိမ်းရန် တင်သွင်းသည့် အဆိုလွှာနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌသည် နည်းဥပဒေ ၉၂ ပါနည်းလမ်းနှင့် အညီ ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၉၄။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှ ရုပ်သိမ်းရန် နည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ (ဂ)အရ တင်သွင်းသည့်အဆိုလွှာကို လက်ခံရရှိသောအခါ လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးသည် ယင်းအဆိုလွှာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

၉၅။ နည်းဥပဒေ ၉၂၊၉၃ တို့အရ တင်ပြသည့်အဆိုလွှာနှင့် စပ်လျဉ်း၍ –

(က) ဥက္ကဋ္ဌသည် အဆိုလွှာကိုလက်ခံရရှိသည့်နေ့မှ ၂၁ ရက်အတွင်း လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ ခေါ်ယူသော လွှတ်တော်အထူးအစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့အား တာဝန်မှ ရုပ်သိမ်းရန်ကိစ္စမှအပ အခြားကိစ္စများကို တင်သွင်းဆုံးဖြတ်ခွင့် မပြုရ။

(ဂ) နည်းဥပဒေခွဲ (က)အရ ခေါ်ယူသော လွှတ်တော်အထူးအစည်းအဝေးကို ကြီးကြပ်ရန် သဘာပတိတစ်ဦးတင်မြှောက်ခြင်းကို နည်းဥပဒေ ၇ မှ ၁၅ အထိပါ နည်းလမ်းနှင့် အညီဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား တာဝန်မှရုပ်သိမ်းရန် အဆိုလွှာနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌသည်လည်းကောင်း၊ သဘာပတိသည် လည်းကောင်း နည်းဥပဒေ ၈၈၊ နည်းဥပဒေခွဲ (ဃ)နှင့် (င)၊ နည်းဥပဒေ ၈၉၊ ၉၀ နှင့် ၉၁တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ (က)အရ ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေး ခေါ်ယူခြင်းမပြုလျှင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးသည် နောက် ၂၁ရက်အတွင်း လွှတ်တော်အထူး အစည်းအဝေးကို ခေါ်ယူရမည်။

**အစားထိုးရွေးကောက်တင်မြှောက်ခြင်း**

၉၆။ ဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းသဖြင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းသဖြင့် ဒုတိယဥက္ကဋ္ဌနေရာလစ်လပ်လျှင်လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို တာဝန်မှ ရုပ်သိမ်းသဖြင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နေရာလစ်လပ်လျှင်လည်းကောင်း လစ်လပ်သည့် နေရာအသီးသီးကို အစားထိုးရွေးကောက်တင်မြှောက်နိုင်ရေးအတွက် နည်းဥပဒေ ၁၆ မှ ၂၇ အထိပါရှိသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## လွှတ်တော်သို့ တင်သွင်းသည့်မေးခွန်းများ

**မေးခွန်းများ**

၉၇။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်တွင် မေးခွန်းမေးမြန်းလိုလျှင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ လွှတ်တော်အစည်းအဝေးမစတင်မီ အနည်းဆုံး ၁၀ ရက်(ရုံးပိတ်ရက်များမပါ) ကြိုတင်၍ မေးခွန်းများကို လက်မှတ်ရေးထိုးပြီး မေးခွန်းမေးမြန်းလိုကြောင်း အကြောင်းကြားစာ နှင့်အတူ ပေးပို့ရမည်။ သို့ရာတွင် အရေးတကြီးကိစ္စနှင့်သက်ဆိုင်သော မေးခွန်းကို ကန့်သတ် ထားသော ၁၀ ရက်တွင်ဖြေဆိုရန် ဖြေကြားမည့် သက်ဆိုင်ရာပုဂ္ဂိုလ်က သဘောတူကြောင်း ပြန်ကြားလျှင် ဖြေဆိုရန် သတ်မှတ်သောနေ့တွင် ဥက္ကဋ္ဌက မေးမြန်းခွင့်ပြုနိုင်သည်။

၉၈။ တိုင်းဒေသကြီးအစိုးရအား မေးမြန်းသော မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ရသော အများပြည်သူဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

၉၉။ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား မေးမြန်းသောမေးခွန်းသည် ထိုပုဂ္ဂိုလ်တာဝန်ခံရသည့် ဥပဒေကြမ်း သို့မဟုတ် အဆို သို့မဟုတ် လွှတ်တော်နှင့်စပ်လျဉ်းသော အခြားကိစ္စအတွက် မေးမြန်း ခြင်း ဖြစ်စေရမည်။

၁၀၀။ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းဖြေကြားရန် ဖြစ်သည်။

**မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့်စည်းကမ်းချက်များ**

၁၀၁။ **ကန့်သတ်ချက်များ။** မေးခွန်းတစ်ရပ်သည်အောက်ပါကန့်သတ်ချက်များနှင့်ကိုက်ညီစေရမည် –

(က) ကိစ္စတစ်ရပ်ရပ်တွင် ထင်မြင်ယူဆချက် တောင်းဆိုခြင်း၊ ဥပဒေဆိုင်ရာ နက်နဲသော ပြဿနာများကို ဖြေရှင်းချက်တောင်းဆိုခြင်း သို့မဟုတ် မဖြစ်ပေါ်သေးသော ကိစ္စနှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်းတို့ကိုမပြုရ။

(ခ) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းမပြုရ၊

(ဂ) လွှတ်တော်သို့ တင်ပြခြင်း မပြုရသေးသော တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၏ လုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မေးမြန်းခြင်းမပြုရ။

(ဃ) ကျင်းပဆဲ လွှတ်တော်အစည်းအဝေးတွင် ဖြေဆိုပြီးသောမေးခွန်းများနှင့် သဘောထား ခြင်း တူညီသောမေးခွန်း သို့မဟုတ် ဖြေဆိုရန်ငြင်းဆိုခဲ့သော မေးခွန်းမျိုးမဖြစ်စေရ။

(င) နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပေါက်ကြားစေမည့် မေးခွန်းမဖြစ်စေရ။

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ။

(ဆ) နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ။

၁၀၂။ **စည်းကမ်းချက်များ။** မေးခွန်းတစ်ရပ်သည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီစေ ရမည် –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသောမေးခွန်းမဖြစ်စေရ။

(ခ) အကြောင်းကိစ္စတစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်းသောအချက်သာ ပါရှိရမည် ဖြစ်ပြီး ရှင်းလင်းလွယ်ကူစွာ နားလည်စေရန်မှတစ်ပါး အမည်နာမ သို့မဟုတ် ဖော်ပြ ချက်များ မပါရှိစေရ။

(ဂ) မိမိ၏ဖော်ပြချက်မှန်ကန်ကြောင်း မေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ် က လွှတ်တော်ကို တာဝန်ခံရမည်။

(ဃ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမပါရှိသည့်ယူဆ ချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သိက္ခာကို ထိခိုက်စေသော ဖော်ပြ ချက် များမပါရှိစေရ။

(င) လိုအပ်ခြင်းမရှိဘဲ ရှည်လျားသောမေးခွန်းမဖြစ်စေရ။

(စ) အသေးအဖွဲကိစ္စရပ်များနှင့်စပ်လျဉ်းသော မေးခွန်းမဖြစ်စေရ။

(ဆ) လိုအပ်ခြင်းမရှိဘဲ အတိတ်ကာလဖြစ်ရပ်များကို စုံစမ်းမေးမြန်းသည့် မေးခွန်း မဖြစ် စေရ။

(ဇ) လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင် ပါရှိသော အကြောင်းများကို သိရှိရန်မေးမြန်းခြင်းမပြုရ။

(ဈ) နိုင်ငံရေးကိစ္စအလို့ငှာ မေးခွန်းမေးမြန်းရာတွင် ဘာသာသာသနာကို အလွဲသုံးစားပြုသော မေးခွန်းမဖြစ်စေရ။

(ည) မိမိကိုယ်မိမိ အမွှမ်းတင်သော၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချသော မေးခွန်း မဖြစ်စေရ။

**မေးခွန်းများခွင့်ပြုခြင်း**

၁၀၃။ ဥက္ကဋ္ဌသည် မေးခွန်းတစ်ရပ်ကို လက်ခံခွင့်ပြုရန် သင့်၊ မသင့် စဉ်းစားရာ၌ ဤဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် မေးခွန်းတစ်ခုလုံးကိုသော်လည်းကောင်း၊ မေးခွန်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။ ထို့ပြင် မေးခွန်းမေးမြန်းပိုင်ခွင့်ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ခွင့်မပြုရ။

၁၀၄။ မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ဥက္ကဋ္ဌက ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ကို ဆွေးနွေးခြင်းမရှိစေရ။

**နှုတ်ဖြင့် ဖြေဆိုရမည့်မေးခွန်းများ**

၁၀၅။ နှုတ်ဖြင့်ဖြေဆိုရမည့်မေးခွန်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမေးမြန်းသော မေးခွန်းကို လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားပေးစေလိုလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့သည့် မေးခွန်း၌ ကြယ်ပွင့်အမှတ်အသားပြထားရမည်။

(ခ) ဥက္ကဋ္ဌက ခွင့်ပြုသော မေးခွန်းများကို အစည်းအဝေးအစီအစဉ်တွင် သက်ဆိုင်သော နေ့အတွက် မေးခွန်းစာရင်းတွင် ထည့်သွင်းပြီး မေးခွန်းများ မေးမြန်းချိန်တွင် ကြယ်ပွင့်ပြထားသော မေးခွန်းများအတွက် မေးခွန်းစာရင်းတွင် ဖော်ပြထားသည့် အစဉ်လိုက်အတိုင်း ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ခေါ်ခြင်းအားဖြင့်မေးမြန်း ခွင့်ပြုနိုင်သည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းစာရင်းတွင် မိမိအမည်နှင့်ယှဉ်၍ ပြထားသော အမှတ်စဉ်ကို ပြောကြားခြင်းဖြင့် ကြယ်ပွင့်ပြထားသော မေးခွန်းကို မေးမြန်းရမည်။

(ဃ) ဖြေကြားသောအဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက် တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့် ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြု။

( င) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရက်အတွင်း ကြယ်ပွင့်ပြထားသော မေးခွန်း ၁၀ ခုထက်ပို၍ မေးမြန်းခြင်းမပြုရ။

၁၀၆။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က မိမိ၏မေးခွန်းကို ကြယ်ပွင့်အမှတ်အသား သီးခြား မပြလျှင်သော်လည်းကောင်း၊ ကြယ်ပွင့်အမှတ်အသားပြထားသော မေးခွန်းမေးမြန်းသည့် အချိန်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် မရှိလျှင်သော်လည်းကောင်း မေးခွန်း၏အဖြေများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်နိုင်ရေးအတွက် မေးခွန်းစတင်ရရှိသည့်နေ့မှ ၁၀ ရက် အတွင်း လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့ရမည်။

**မေးခွန်းများကိုဖြေကြားခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း**

၁၀၇။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသော မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်ကဖြစ်စေ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကဖြစ်စေ ဖြေကြားရမည်။

၁၀၈။ လွှတ်တော်တွင်မေးမြန်းထားသော မေးခွန်းအားလုံးနှင့် ဖြေကြားပြီးဖြစ်သောအဖြေများကို လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရမည်။

၁၀၉။ လွှတ်တော်အစည်းအဝေး ကျင်းပပြီးစီးသည့် အချိန်အထိ ဖြေကြားရန် ကျန်ရှိနေသေးသော မေးခွန်းများ၏ အဖြေများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်နိုင်ရေးအတွက် ဖြေဆို မည့်သူသည် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့ထားရမည်။

၁၁၀။ တိုင်းဒေသကြီးအစိုးရက လွှတ်တော်တွင်ဖြေဆိုရန်ဖြစ်သော မေးခွန်းနှင့်အဖြေများကို လွှတ်တော်တွင် ဖြေကြားပြီးသည့်အထိ သို့မဟုတ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့ပြီး သည့်အထိ သတင်းထုတ်ပြန်ကြေညာခြင်း မပြုရ။

၁၁၁။ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်သော မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည်။

**မေးခွန်း၏အဖြေမှပေါ်ပေါက်လာသည့် အများပြည်သူတို့အတွက် အရေးကြီးသောကိစ္စဆွေးနွေးခြင်း**

၁၁၂။ မေးခွန်းတစ်ခုကို နှုတ်ဖြင့်ဖြေကြားသည်ဖြစ်စေ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ စာဖြင့် ပေးပို့ဖြေကြားသည်ဖြစ်စေ ယင်းမေးခွန်းနှင့် အဖြေတို့မှာ အများပြည်သူတို့အတွက် အရေးကြီးသော ကိစ္စများဖြစ်သည်ဟု ဥက္ကဋ္ဌက ဆုံးဖြတ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် နေ့ရက်နှင့် အချိန်များကို ဥက္ကဋ္ဌက သတ်မှတ်ပေးရမည်။

၁၁၃။ နည်းဥပဒေ ၁၁၂ ပါ ကိစ္စအတွက် ဆွေးနွေးရန် နေ့ရက်နှင့် အချိန် သတ်မှတ်ရာတွင် ဥက္ကဋ္ဌသည် သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးကျင်းပသည့်ရက်များတွင် ညနေ ၄နာရီ မှ ၅နာရီအထိ သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် လွှတ်တော်၏အခြားလုပ်ငန်းများသည် ညနေ ၄နာရီ မတိုင်မီ ပြီးဆုံးလျှင် ပြီးဆုံးသည့်အချိန်မှစ၍သော်လည်းကောင်း၊ လွှတ်တော်ရွှေ့ဆိုင်းရန် အဆိုရှိပါက ယင်းအဆိုကို ဆွေးနွေးပြီးဆုံးသည့်အချိန်မှ စ၍သော်လည်းကောင်း နည်းဥပဒေ ၁၁၂ပါ ကိစ္စကို ဆွေးနွေးရန် ၁နာရီထက်မပိုသောအချိန်ကို သတ်မှတ်ပေးရမည်။

၁၁၄။ နည်းဥပဒေ ၁၁၃ အရ သတ်မှတ်သည့်နေ့ရက်နှင့် အချိန်တို့ကို ဥက္ကဋ္ဌက လိုအပ်သလို ပြောင်းလဲ သတ်မှတ်နိုင်သည်။

၁၁၅။ **ဆွေးနွေးရန်နှင့် ဖြေကြားရန်နည်းလမ်း။** နည်းဥပဒေ ၁၁၂ပါ ကိစ္စရပ်များကို လွှတ်တော်၌ ဆွေးနွေးဖြေကြားရန် ဆောင်ရွက်ရာတွင် –

(က) ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးလိုသည့် အချက်ကို အတိုချုပ်ဖော်ပြ၍ မိမိကိုယ်တိုင်လက်မှတ်ရေးထိုးထားသော စာတွင် အနည်းဆုံး အခြားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကလည်း လက်မှတ်ရေးထိုးပြီး မိမိဆွေးနွေး လိုသည့် ရက်မတိုင်မီ သုံးရက်ကြိုတင်၍ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး မှ တစ်ဆင့် ဥက္ကဋ္ဌထံ ပေးပို့ရသည်။ ယင်းသို့ပေးပို့ရာတွင် မည်သည့်အကြောင်းကြောင့် ဆွေးနွေး လိုကြောင်း အတိုချုပ်ရှင်းလင်းချက် ပူးတွဲပေးရမည်။

(ခ) ဥက္ကဋ္ဌသည် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်၏ သဘောတူညီ ချက်ဖြင့် နည်းဥပဒေခွဲ (က) ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့ခြင်းပြုနိုင်သည်၊

(ဂ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ ပေးပို့သည့်စာပါကိစ္စရပ်မှ လွှတ်တော်တွင် ဆွေးနွေးသင့်သည်အထိ အရေးကြီးပြီး အများပြည်သူတို့နှင့် သက်ဆိုင်သောကိစ္စ ဖြစ်သည်ဟု ယူဆမှသာ ယင်းကိစ္စရပ်ကို ဆွေးနွေးခွင့်ပြုရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (ဂ)နှင့် ကိုက်ညီသော အကြောင်းကြားစာများအနက် ဆွေးနွေးရန် ရရှိသည့်အချိန်အပေါ် မူတည်၍ သင့်လျော်သော အကြောင်းကြားစာ များကိုသာ ရွေးချယ်ပြီး လွှတ်တော်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

(င) လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့် အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ အတိုချုပ်သာ ဆွေးနွေးရမည်။ ဆွေးနွေးရာတွင် နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချိန်ထက် ကျော်လွန်ဆွေးနွေးခြင်းမပြုရ။ ဖြေကြားမည့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကလည်း အတိုချုပ်သာ ဖြေကြားရမည်။

## အခန်း(၁၂)

## လွှတ်တော်သို့တင်သွင်းသည့်အဆိုများ

### အဆိုပေးပို့ခြင်း

၁၁၆။ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ်တင်သွင်းရမည် –

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊

(ခ) တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း များနှင့် စပ်လျဉ်းသောကိစ္စ၊

(ဂ) ဥက္ကဋ္ဌခွင့်ပြုသည့် အခြားကိစ္စများ။

၁၁၇။ နည်းဥပဒေ ၁၁၆ အရ လွှတ်တော်သို့ အဆိုတင်သွင်းလိုလျှင် အဆိုလွှာတွင် အဆိုပေးပို့သူက လက်မှတ်ရေးထိုးပြီး လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံး ၁၅ရက် ကြိုတင်၍ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ ပေးပို့ရမည်။

**ခြွင်းချက်**။ သတ်မှတ်ရက်အတွင်းအဆိုလွှာကို ပေးပို့နိုင်ခြင်းမရှိသော်လည်း ဥက္ကဋ္ဌသည်–

(၁) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း၏ အဆိုလွှာဖြစ်လျှင် လုံလောက်သော အကြောင်းရှိသည်ဟု ယူဆပါက လက်ခံခွင့်ပြုနိုင်သည်။

(၂) လွှတ်တော်ကိုယ်စားလှယ်၏ အဆိုလွှာဖြစ်လျှင် ယင်းအဆိုလွှာနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း၏ သဘောတူညီချက် ပါရှိပါက လက်ခံခွင့်ပြုနိုင်သည်။

**အဆိုနှင့်စပ်လျဉ်းသည့်ကန့်သတ်ချက်နှင့် စည်းကမ်းချက်များ**

၁၁၈။ **ကန့်သတ်ချက်များ။** အဆိုများသည် အောက်ပါကန့်သတ်ချက်များနှင့်ကိုက်ညီရမည် –

(က) ဥက္ကဋ္ဌသည် အဆိုတစ်ရပ်ကို လက်ခံ သင့် မသင့် ဆုံးဖြတ်ရာတွင် ဤနည်းဥပဒေနှင့် ညီညွတ်ခြင်းမရှိလျှင် အဆိုတစ်ရပ်လုံးကိုသော်လည်းကောင်း၊ အဆို၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

(ခ) အဆို သို့မဟုတ် အဆို၏အစိတ်အပိုင်းတစ်ခုကို ဥက္ကဋ္ဌက ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ကို ဆွေးနွေးခြင်းမပြုရ။

(ဂ) အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်း တူညီသည့် ကိစ္စမပါရှိရ။

(ဃ) ဥက္ကဋ္ဌက ခွင့်မပြုရသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရ။

၁၁၉။ **စည်းကမ်းချက်များ။** အဆိုများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသော အဆိုမဖြစ်စေရ။

(ခ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် မသက်ဆိုင်သော အဆိုမဖြစ်စေရ။

(ဂ) ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ်တစ်ခု ပါရှိရမည်။

(ဃ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထား မပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများ၊ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ဖော်ပြချက်များမပါရှိစေရ။

(င) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိစေရ။

(စ) အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်။

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏အစဉ်အလာများ၊ ထုံးတမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

(ဇ) နိုင်ငံရေးကိစ္စ အလို့ငှာ အဆိုတင်သွင်းရာတွင် ဘာသာသာသနာကို အလွဲသုံးစား လုပ်သော အဆိုမဖြစ်စေရ။

**လွှတ်တော်၏ မူလအစီအစဉ်ကိုရွှေ့ဆိုင်းနိုင်ခြင်း**

၁၂၀။ လွှတ်တော်အစည်းအဝေးများတွင် သာမန်အားဖြင့် တစ်နေ့အတွက် သတ်မှတ်ထားသော အစည်းအဝေးအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ သို့ရာတွင် ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆို သို့မဟုတ် အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးနိုင်ရေးအတွက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်၏မူလအစီအစဉ်ကို ရွှေ့ဆိုင်းနိုင်သည်။

၁၂၁။ **ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။** ဝမ်းသာကြောင်း အဆို သို့မဟုတ် ဝမ်းနည်းကြောင်းအဆို တစ်ရပ်ရပ်တင်သွင်းခြင်းကို ဥက္ကဋ္ဌသည် -

(က) လွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီမည်ဟု သဘောရရှိလျှင် ထိုအဆိုကို အချိန်မရွေး တင်သွင်းခွင့်ပြုရမည်။

(ခ) အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အစည်းအဝေး၏ မူလအစီအစဉ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

၁၂၂။ **အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း။** အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍-

(က) ဥက္ကဋ္ဌသည် အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်လျှင် ယင်းနေ့အတွက် လွှတ်တော် အစည်းအဝေး အစီအစဉ်နှင့် လုပ်ငန်းကိုရပ်ဆိုင်းစေ၍ အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ်အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်း ခွင့်ပြုနိုင်သည်-

(၁) အဆိုတင်သွင်းသောနေ့၏ အစည်းအဝေးအစီအစဉ် မစတင်မီဖြစ်စေ၊ အစည်းအဝေး အစီအစဉ်အတိုင်း ကျင်းပနေစဉ်ဖြစ်စေ စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး ဥက္ကဋ္ဌထံ တင်သွင်းသော အဆိုဖြစ်ရမည်။

(၂) ယင်းအဆိုသည် လောလောဆယ်ပေါ်ပေါက်လာသော ကိစ္စဖြစ်၍ အများပြည်သူနှင့် အရေးတကြီးသက်ဆိုင်သော ကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန် လိုအပ်သောကိစ္စလည်းဖြစ်ရမည်။

(၃) လွှတ်တော်တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သော ကိစ္စ ဖြစ်ရမည်။

(၄) ယင်းအဆိုသည် လွှတ်တော်သို့ အကြောင်းကြားထားပြီးဖြစ်၍ သင့်လျော်သော အချိန်အတွင်း တင်သွင်းဆွေးနွေးရန် သတ်မှတ်ပြီးသော ကိစ္စတစ်ရပ်လည်းမဖြစ်စေရ။ ထို့ပြင်ဆွေးနွေးစဉ်းစားရန် သတ်မှတ်ပြီးသော ကိစ္စတစ်ရပ်လည်း မဖြစ်စေရ။ လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စလည်း မဖြစ်စေရ။

(၅) လွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းကို ခွင့်မပြုနိုင်သော ကိစ္စတစ်ရပ်လည်း မဖြစ်စေရ၊

(ခ) ဥက္ကဋ္ဌသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ (က)ပါ စည်းကမ်းချက်များနှင့် ညီညွတ်သည်ဟု ယူဆလျှင် -

(၁) မေးခွန်းများ မေးခွန်းဖြေကြားပြီးသည့်နောက်တွင်ဖြစ်စေ၊ ထို့နေ့အတွက် အစီအစဉ်တွင် ဖော်ပြထားသော ကိစ္စရပ်များကို မစတင်မီဖြစ်စေ ယင်းအဆိုကို လွှတ်တော်သို့ ဖတ်ပြရမည်။

(၂) ထို့နေ့အတွက် သတ်မှတ်ထားသော အစည်းအဝေးအစီအစဉ်ကို မွန်းလွဲ သုံးနာရီခွဲ အချိန်တွင် ရပ်ဆိုင်း၍ အရေးတကြီးအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က သဘောတူညီသည်ဟု ယူဆရမည်။ ထို့နောက် အစည်းအဝေး၏ မူလအစီအစဉ်ကို ထို့နေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ သတ်မှတ်ရွှေ့ဆိုင်းလိုက်သည့် နေ့ရက်နှင့် အချိန်တွင် ယင်းအဆိုကို ဆွေးနွေးစေရမည်။

(ဂ) ဤအဆိုကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် မရလျှင် ၁၅ မိနစ်ထက် ပို၍ ဆွေးနွေးခြင်းမပြုရ။

**စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာအဆို**

၁၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုဖြစ်စေ၊ တိုင်းဒေသကြီး ဝန်ကြီးကိုဖြစ်စေ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများကိုဖြစ်စေ၊ တိုင်းဒေသကြီး ဥပဒေချုပ်ကိုဖြစ်စေ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ကိုဖြစ်စေ စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ၂၆၇၊ ၂၇၂နှင့် ၃၁၁တို့ပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်း ဆောင်ရွက်ခွင့်ရှိပါသည်။

**အဆိုကို ဆွေးနွေးခြင်းနှင့် ရုပ်သိမ်းခွင့်ပြုခြင်း**

၁၂၄။ **အဆိုကို ဆွေးနွေးရန်တင်သွင်းခြင်း။** လွှတ်တော်၌ အဆိုတစ်ရပ်ကို ဆွေးနွေးရန် တင်သွင်းရာတွင် -

(က) အဆိုတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်သောအခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် မိမိ၏ အဆိုကို ဦးစွာဖတ်ပြ၍ တင်သွင်းပြီးမှ ဆွေးနွေးပြောဆိုနိုင်သည်။ သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရမည်။

(ခ) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်တွင် မရှိခဲ့လျှင် ယင်းက စာဖြင့် ရေးသားလွှဲအပ်ခြင်းခံရသော အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ထိုအဆိုကို တင်သွင်းနိုင်သည်။ ဤသို့ လွှဲအပ်ခြင်းခံရသော

လွှတ်တော် ကိုယ်စားလှယ် မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌ၏ ခွင့်ပြုချက် မရလျှင်သော်လည်းကောင်း ထိုအဆိုသည် မတင်သွင်းသောအဆိုဟု မှတ်ယူရမည်။ ဤနည်းဥပဒေခွဲများသည် နည်းဥပဒေ ၇၃၊ ၇၄၊ ၈၆၊ ၈၈နှင့် ၁၂၁ မှ ၁၂၃ အထိတွင် ရည်ညွှန်းထားသောအဆိုများနှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(ဂ) အဆိုတစ်ရပ်ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

၁၂၅။ **အဆိုကို ဆွေးနွေးရန်အစီအစဉ်။** လွှတ်တော်၌ အဆိုတစ်ရပ်ကို ဆွေးနွေးတင်ပြရာတွင်–

(က) ဥက္ကဋ္ဌက လက်ခံခွင့်ပြုသော အဆိုများအနက် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းက ပေးပို့သော အဆိုများကို ဦးစားပေးတင်သွင်းခွင့်ပြုပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများကို တင်သွင်းရန် ရှေ့နောက်စီစဉ်ရာတွင် လက်ခံရရှိသည့် အစီအစဉ်အတိုင်း သတ်မှတ်ရမည်။

(ခ) ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရမည်။

(ဂ) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး နေ့စဉ်အစီအစဉ်၌ အဆိုလေးခုထက်ပို၍ ထည့်သွင်းခြင်းမပြုရ။

(ဃ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆဲဖြစ်၍ မဆုံးဖြတ်ရသေးသော အဆိုကို နောက်တစ်နေ့တွင် ဆက်လက်ဆွေးနွေးရမည်။

(င) လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည်။

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အဆိုတစ်ရပ်ကို တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခြင်းမပြုရ။ သို့ရာတွင် မိမိနှင့် သက်ဆိုင်သော ကိစ္စတစ်ခုကို ဖြေရှင်းလိုလျှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဖြေရှင်းနိုင်သည်။

(ဆ) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကလည်း ပြန်လည်ဖြေရှင်းသည့်သဘောဖြင့် နောက်တစ်ကြိမ် ဆွေးနွေးနိုင်ခွင့်ရှိသည်။

(ဇ) အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ဖြေရှင်း ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်သည် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီးသည်ဖြစ်စေ၊ မဆွေးနွေးရသေးသည်ဖြစ်စေ ပြန်ကြားဆွေးနွေးခွင့်ရှိသည်။

၁၂၆။ **အဆိုကို ရုပ်သိမ်းခြင်း။** လွှတ်တော်အစည်းအဝေးတွင် –

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

(ခ) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းထားသော အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့် ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

**အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။**

၁၂၇။ **လွှတ်တော်၏ ဆန္ဒကို ရယူခြင်း။** အဆိုတစ်ရပ်ကိုအဆုံးအဖြတ်ပေးနိုင်ရန်လွှတ်တော်တွင် ဆန္ဒရယူရာ၌ -

(က) အဆိုတစ်ရပ်ကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးနေစဉ် ဆွေးနွေးခြင်းကို ရပ်စဲ၍ လွှတ်တော်၏ ဆန္ဒရယူရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌအား တောင်းဆိုနိုင်သည်။ ယင်းအဆိုကို လုံလောက်စွာဆွေးနွေးပြီးဖြစ်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင် အဆိုတင်သွင်းသူနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် မချေပရသေးပါက ချေပစေပြီး ဥက္ကဋ္ဌသည် ဆွေးနွေးခြင်းကို ရပ်စဲ၍ လွှတ်တော်၏ ဆန္ဒရယူရမည်။

(ခ) အချက်ပေါင်းများစွာပါဝင်သော အဆိုတစ်ရပ်ကို ဆန္ဒရယူသောအခါ ဥက္ကဋ္ဌသည် မိမိ၏ သဘောအရ အဆိုကို ပိုင်း၍သော်လည်းကောင်း၊ အချက်တစ်ခုစီခွဲခြား၍ လည်းကောင်း ဆန္ဒရယူနိုင်သည်။

၁၂၈။ လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသော အဆို၏ မိတ္တူတစ်စုံစီကို လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးက သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

**ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း**

၁၂၉။ **ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်သောပုဂ္ဂိုလ်။** လွှတ်တော်သို့တင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ပြုလုပ်လိုလျှင် အောက်ပါပုဂ္ဂိုလ်များက ပြင်ဆင်ချက်ကို လွှတ်တော်သို့ တင်သွင်း နိုင်သည် -

(က) တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းပုဂ္ဂိုလ်အား ကိုယ်စားပြုသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

(ခ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး။

၁၃၀။ **ပြင်ဆင်ချက်အဆိုတင်သွင်းရမည့်ကာလ။** နည်းဥပဒေ ၁၂၉ ပါ ပုဂ္ဂိုလ်တစ်ဦးဦးကပြင်ဆင်ချက် အဆိုတင်သွင်းရာတွင် –

(က) ယင်းပြင်ဆင်ချက်ကို ဆွေးနွေးမည့်နေ့ရက်မတိုင်မီ အနည်းဆုံးသုံးရက် ကြိုတင်၍ ပေးပို့ရမည်။

(ခ) ဥက္ကဋ္ဌက သင့်လျော်သည်ဟု ယူဆပါက နည်းဥပဒေခွဲ (က)ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့နိုင်သည်။

၁၃၁။ **ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ။** ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း သည့် ကန့်သတ်ချက်များမှာ -

(က) အဆိုတွင်ပါရှိသော ကိစ္စနှင့်စပ်လျဉ်းသော ပြင်ဆင်ချက်ဖြစ်ရမည့်အပြင် ထိုကိစ္စ၏ သဘောတွင်လည်း အကျုံးဝင်သော ပြင်ဆင်ချက်ဖြစ်ရမည်။

(ခ) အဆိုနှင့် ဆန့်ကျင်သည့်သဘော သက်ရောက်မည့် ပြင်ဆင်ချက်မဖြစ်စေရ။

(ဂ) အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်သည့် ပြင်ဆင်ချက် မဖြစ်စေရ။

(ဃ) သိမ်ဖျင်းသော ပြင်ဆင်ချက် မဖြစ်စေရ။

(င) အဆို၏ အစိတ်အပိုင်းတစ်ခုနှင့် စပ်လျဉ်းသော ပြင်ဆင်ချက်ကို ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီးသောအခါ ထိုအစိတ်အပိုင်းထက် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ခြင်း မဖြစ်စေရ။ သို့ရာတွင် ဥက္ကဋ္ဌက တင်ပြသော ပြင်ဆင်ချက် ရုပ်သိမ်းခဲ့လျှင် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ရန် အဆို တင်သွင်းနိုင်သည်။

(စ) ပြင်ဆင်ချက်အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီနေသည့်ကိစ္စများ မပါရှိစေရ။

၁၃၂။ **ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းခြင်း။** လွှတ်တော်အစည်းအဝေးတွင် –

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော ပြင်ဆင်ချက် အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

(ခ) ပြင်ဆင်ချက်အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းသော ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

၁၃၃။ **ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။** ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ –

(က) ထိုပြင်ဆင်ချက်အဆိုကို လွှတ်တော်၏ဆန္ဒရယူခြင်းမပြုမီ ဥက္ကဋ္ဌက မူလအဆိုနှင့် ပြင်ဆင်ချက် အဆိုတို့ကို ဖတ်ပြရမည်။

(ခ) ပြင်ဆင်ချက်အဆိုကို ဆုံးဖြတ်ရန် ဆန္ဒမယူမီ ဆွေးနွေးချက်အားလုံးကို ပြီးပြတ်အောင် ပြုလုပ်ရမည်။

(ဂ) ပြင်ဆင်ချက်အဆိုကို အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော်၏ဆန္ဒရယူရာတွင် နည်းဥပဒေ ၁၂၇ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၃)

## လွှတ်တော်သို့ တင်သွင်းသည့်ဥပဒေကြမ်းများ

### ဥပဒေကြမ်းပေးပို့ခြင်း

၁၃၄။ လွှတ်တော်သို့ ဥပဒေကြမ်းများ ပေးပို့ခြင်းနှင့် စပ်လျဉ်း၍ –

(က) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့ခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော အောက်ပါဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့၍ တင်သွင်းဆွေးနွေးဆုံးဖြတ်ရမည် -

(၁) တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊

(၂) တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊

(၃) တိုင်းဒေသကြီး အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် နည်းဥပဒေခွဲ (ခ)ပါ ဥပဒေကြမ်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များမှအပကျန် ကိစ္စရပ်များနှင့်စပ်လျဉ်းသောဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းခွင့်ရှိသည်၊

(ဃ) ဥပဒေကြမ်း တင်သွင်းခွင့်ရှိသူများသည် နည်းဥပဒေခွဲ (ခ) တွင်ဖော်ပြထားသော ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကို ပေးပို့ရာတွင် ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်တို့နှင့်အတူ မိတ္တူသုံးစုံပြုစု၍ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့ရမည်။

၁၃၅။ **ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်း။** နည်းဥပဒေ ၁၃၄ အရ ဥပဒေတစ်ရပ် ပေးပို့ရာတွင် -

(က) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး မကျင်းပမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ ပေးပို့ရမည်။

(ခ) သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်းမရှိသော်လည်း လုံလောက်သော အကြောင်းရှိသည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

၁၃၆။ **ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း။** ဥက္ကဋ္ဌသည် -

(က) တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းက ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ရန် နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ(က) အရ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသောကော်မတီသို့ လွှဲပြောင်းပေးရမည်။ ယင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များက ပေးပို့သော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ -

(၁) ယင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

(၂) လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ် ရယူရမည်။

(၃) လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လျှင် ထိုဥပဒေကြမ်းကို နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) အရ ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီသို့ လွှဲအပ်ရမည်။

(၄) လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ယင်းဥပဒေကြမ်းအား လွှတ်တော်ကလက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာရမည်။

၁၃၇။ **ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း။** ဥပဒေကြမ်းတစ်ရပ်ကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်းနှင့်စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၁၃၄၊ နည်းဥပဒေခွဲ(ခ)ပါ ဥပဒေကြမ်းများမှအပ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများက ပေးပို့သည့် အခြားဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့သည်နှင့် တစ်ပြိုင်နက် လွှတ်တော်ရုံးသည် အဆိုပါဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်က ပေးပို့သော ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်ပါက ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို နိုင်ငံတော် ပြန်တမ်းတွင် ကြေညာစေရမည်။

**ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း**

၁၃၈။ ဥပဒေကြမ်းတင်သွင်းရမည့် အစီအစဉ်။ လွှတ်တော်တွင် ဥပဒေကြမ်းများကို တင်သွင်းရာ၌ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းက တင်သွင်းလျှက် နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)အရ ဥပဒပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီကစိစစ်ပြီး ဥပဒေကြမ်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းလျက်နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)အရ ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီက စိစစ်ပြီးသော ဥပဒေကြမ်း။

**ခြွင်းချက်။** သို့ရာတွင် အရေးတကြီး ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေကြမ်း တစ်ရပ်ကို နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)အရ ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသောကော်မတီ၏ စိစစ်ချက်နှင့်အတူ တင်သွင်းခြင်းရှိလာလျှင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု ထင်မြင်သည့် အတိုင်း ဦးစားပေးအစီအစဉ် သတ်မှတ်နိုင်သည်။

၁၃၉။ **ဥပဒေကြမ်းကိုတင်သွင်းခြင်း။** နည်းဥပဒေ ၁၃၈ ပါ ဥပဒေကြမ်းတင်သွင်းရာတွင် -

(က) ဥပဒေကြမ်းကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်အားလည်းကောင်း၊ သက်ဆိုင်ရာကိုယ်စားလှယ်အားလည်းကောင်း လွှတ်တော်သို့တင်သွင်းစေရမည်၊

(ခ) ဥပဒေကြမ်းကို နည်းဥပဒေခွဲ (က)ပါအတိုင်း တင်သွင်းပြီးနောက် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီ၏ အစီရင်ခံစာကို ယင်းကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သူအား ဖတ်ကြားရှင်းလင်းစေရမည်။

၁၄၀။ နည်းဥပဒေ ၁၃၉ အရ ဥပဒေကြမ်း တင်သွင်းပြီးပါက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

၁၄၁။ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် ဆွေးနွေးရမည်။

၁၄၂။ **ဥပဒေကြမ်းပြင်ဆင်ချက်အဆိုတင်သွင်းခြင်း။** လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် –

(က) တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းက တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ ပြင်ဆင်ချက်အဆို တင်သွင်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က) အရ တင်သွင်းမည့် ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်းဆွေးနွေးမည့် ရက်မတိုင်မီ သုံးရက် (ရုံးပိတ်ရက်များမပါ) ကြိုတင်ပေးပို့ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု ထင်မြင်ယူဆပါက ယင်းကာလအပိုင်းအခြားကို လျှော့နိုင်သည်။

(ဂ) ဥက္ကဋ္ဌက အခြားနည်းဖြင့် ဆုံးဖြတ်ခြင်းမရှိလျှင် ပြင်ဆင်ချက်များကို ဥပဒေကြမ်း၏ သက်ဆိုင်ရာအပိုဒ် အစဉ်လိုက်ဆွေးနွေးရမည်။

**ဥပဒေကြမ်းကိုအတည်ပြုခြင်း**

၁၄၃။ **ဥပဒေကြမ်းကို အတည်ပြုရန်အဆိုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။** ဥပဒေကြမ်း တစ်ရပ်ရပ်ကို ဆွေးနွေးရာတွင်–

(က) ပြင်ဆင်ချက်တစ်စုံတစ်ရာ မပြုလုပ်လျှင် လွှတ်တော်၌ ဆွေးနွေးပြီးသည်နှင့် ဥပဒေကြမ်းတင်သွင်းသည့် ပုဂ္ဂိုလ်သည် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းနိုင်သည်။

(ခ) ပြင်ဆင်ချက်တစ်စုံတစ်ရာ ပြုလုပ်လျှင် ယင်းပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ထိုနေ့တွင်ပင် အတည်ပြုရန် အဆိုတင်သွင်းခြင်းမပြုရ။ ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တွင်သာ ယင်းအဆိုကို တင်သွင်းရမည်။

(ဂ) ဥပဒေကြမ်းကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ဆွေးနွေးနေစဉ် ဥပဒေကြမ်းကို ပြင်ဆင်လိုက်သည့်အတွက် လိုအပ်သော အခြားပြင်ဆင်ချက်များ သို့မဟုတ် အသုံးအနှုန်းဆီလျော်ညီညွတ်စေရန် ပြင်ဆင်သော အချက်များမှအပ အခြားပြင်ဆင်ချက်များကို တင်သွင်းခြင်း မပြုရ။

(ဃ) ဥပဒေကြမ်းကို အတည်ပြုရန် အဆို သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်မှာ ဥပဒေကြမ်းကို ထောက်ခံသော အကြောင်းပြချက်များ သို့မဟုတ် ဥပဒေကြမ်းကို ပယ်ရန် အကြောင်းပြချက်များသာ ဖြစ်ရမည်။ ယင်းအကြောင်းပြချက်များကို ရှင်းလင်းစေရန်မှတစ်ပါး ဥပဒေကြမ်း၏ အသေးစိတ်ကို ထည့်သွင်းပြောဆိုခြင်းမပြုရ။

(င) လွှတ်တော်တွင် ဆွေးနွေးဆဲ ဥပဒေကြမ်းတစ်ရပ်ရပ်သည် မည်သည့်အဆင့်တွင် ရောက်ရှိနေစေကာမူ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဥပဒေကြမ်း ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းရန် အဆိုတင်သွင်းနိုင်သည်။

၁၄၄။ **လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။** ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုရန် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရာ၌ ဥက္ကဋ္ဌသည် -

(က) ဥပဒေကြမ်းတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း၊ တစ်ပိုဒ်ချင်းစီ လွှတ်တော်သို့ တင်ပြရမည်။

(ခ) အပိုဒ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များကို ဆွေးနွေးပြီးနောက် လွှတ်တော်က ဆုံးဖြတ်ချက်ချမှတ်ပြီးသောအခါ "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသော အပိုဒ်သည်" ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) လွှတ်တော်က သဘောတူပါက "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသော အပိုဒ်သည်" ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာရမည်။

(ဃ) ဥပဒေကြမ်းတစ်ရပ် သို့မဟုတ် ဥပဒေကြမ်းတစ်ရပ်၏ အစိတ်အပိုင်းကို လွှတ်တော်သို့ တစ်ပိုဒ်ချင်းစီ တင်ပြရန်မလိုဟု သဘောရပါက ဥပဒေကြမ်းတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

## အခန်း(၁၄)

## တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း

### ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်တင်သွင်းခြင်း

၁၄၅။ တိုင်းဒေသကြီးအစိုးရက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုပြီး ပေးပို့သော တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော် ခေါ်ယူရမည်။

၁၄၆။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

### ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်း

၁၄၇။ တိုင်းဒေသကြီးအစိုးရက တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေအပါအဝင် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် လိုအပ်သလို

ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၁၄၈။ လွှတ်တော်သည် နည်းဥပဒေ ၁၄၇ အရ တင်သွင်းသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အောက်ပါစရိတ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ -

(က) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(ခ) တိုင်းဒေသကြီးက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီးက ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(ဂ) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(ဃ) လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များ။

၁၄၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်သေးသဖြင့် နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီ ပြဋ္ဌာန်းခြင်း မပြုနိုင်လျှင် တိုင်းဒေသကြီးအစိုးရသည် နောက်လာမည့် ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကို လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

၁၅၀။ လွှတ်တော်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ရေးဆွဲထားသည့် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ သာမန်အသုံးစရိတ်များကို လိုအပ်သလို ခေါင်းစဉ်လွှဲပြောင်းအတည်ပြုနိုင်သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်များကိုမူ ခေါင်းစဉ်လွှဲပြောင်းအတည်ပြုခွင့် မရှိစေရ။

**တိုင်းဒေသကြီး၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**

၁၅၁။ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ လျာထားချက်တင်သွင်းခြင်း၊ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်း။ တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ -

(က) လွှတ်တော်က သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသောသုံးငွေများအပြင် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန် လိုအပ်သည့်အခါ တိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဥက္ကဋ္ဌက သတ်မှတ်သောနေ့

တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီးဝန်ကြီးချုပ်ကဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ကဖြစ်စေ လွှတ်တော်သို့ တင်သွင်းရမည် –

(၁) လွှတ်တော်က ခွင့်ပြုပြီးသော အသုံးစရိတ်ထက်ပို၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း သုံးငွေထပ်မံလိုအပ်ခြင်း၊

(၂) ထိုနှစ်အတွင်း တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် မပါရှိသည့် လုပ်ငန်းသစ်တစ်ရပ်ရပ်အတွက် လွှတ်တော်၏ ခွင့်ပြုချက် လိုအပ်သော အသုံးစရိတ်ပေါ်ပေါက်ခြင်း၊

(၃) မူလလျာထားသည့် ရငွေအောက်လျော့နည်းရရှိခဲ့သည့်အတွက် သုံးစွဲရန်ငွေ မလုံလောက်သဖြင့် ပြည်ထောင်စုမှ အထောက်အပံ့ရယူရန် လိုအပ်ခြင်း။

(ခ) လျာထားချက်တင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို နည်းဥပဒေ ၁၄၅ မှ ၁၄၈ ထိပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၅)

## တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်း

၁၅၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ဥပဒေကြမ်း မတင်သွင်းမီ –

(က) ဥပဒေကြမ်း တင်သွင်းရန် ကြိုတင်အကြောင်းကြားစာကို လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ ပေးပို့ခြင်းမပြုရ။

(ခ) နိုင်ငံတော်ပြန်တမ်းတွင် ကြိုတင်ကြေညာခြင်းမပြုရ။

(ဂ) ဥပဒေကြမ်း၏ မိတ္တူများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ကြိုတင်ဝေငှခြင်းမပြုရ။

၁၅၃။ နည်းဥပဒေ ၁၅၂ပါ ဥပဒေကြမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှတ်တော်သို့ ဖတ်ကြား တင်သွင်းပြီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဥပဒေကြမ်းများကို နိုင်ငံတော်ပြန်တမ်းတွင် ဆောလျင်စွာ ထည့်သွင်းဖော်ပြရမည်။

(ခ) ယင်းသို့ ထည့်သွင်းဖော်ပြပြီးနောက် အဆိုပါဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လိုက်နာရမည့် နည်းလမ်းမှာ နည်းဥပဒေ ၁၃၉ မှ ၁၄၄ အထိပါ နည်းလမ်းအတိုင်းဖြစ်သည်။

## အခန်း(၁၆)

## ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် ဆောင်ရွက်ခြင်း

၁၅၄။ လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် ဥက္ကဋ္ဌသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးပို့ရမည်။

၁၅၅။ နည်းဥပဒေ ၁၅၄အရ ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုး ချက်ကို ရရှိပြီးသည့် ဥပဒေဖြစ်သည်ဟု လွှတ်တော်ကမှတ်ယူရမည်။

၁၅၆။ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို လွှတ်တော်ရုံးက နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၇)
## နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လွှတ်တော်သို့ တင်ပြအတည်ပြုခြင်း

၁၅၇။ တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စား လှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၁၅၈။ နည်းဥပဒေ ၁၅၇ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိ ပါက ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင် စေရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှာ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ယင်းသို့ အဆိုတင်သွင်းခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၅၉။ နည်းဥပဒေ ၁၅၈ အရ လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းလျှင် နည်းဥပဒေ ၁၃၉ မှ ၁၄၃ အထိ ပါရှိသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၈)
## နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၁၆၀။ တိုင်းဒေသကြီး၏နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန်အကြောင်း ပေါ်ပေါက်သည့်အခါ ယင်း နယ်နိမိတ်နှင့် အကျုံးဝင်သည့် မြို့နယ်အတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဂ) အရ ထောက်ခံ ဆန္ဒမဲ ပေးသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူရာတွင် –

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက် ထောက်ခံလျှင် ယင်းသို့ ထောက်ခံခြင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရေးအတွက် သက်ဆိုင်ရာဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(ခ) သက်ဆိုင်ရာလွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန် နိုင်ငံတော်သမ္မတထံတင်ပြရမည်။

## အခန်း(၁၉)

## နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ဆက်သွယ်ရေး

၁၆၁။ **နိုင်ငံတော်သမ္မတက လွှတ်တော်နှင့်ဆက်သွယ်ခြင်း။** နိုင်ငံတော်သမ္မတကနိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း သို့မဟုတ် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးအား လွှတ်တော်တွင် နှုတ်ဖြင့်တင်ပြစေလိုကြောင်း အကြောင်းကြားသည့်အခါ ဥက္ကဋ္ဌသည် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

၁၆၂။ **လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဆက်သွယ်ခြင်း။** လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါနည်းတစ်နည်းနည်းဖြင့် အကြောင်းကြားနိုင်သည် –

(က) လွှတ်တော်တွင် အဆိုတစ်ရပ်တင်သွင်း အတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

၁၆၃။ **တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်နှင့်ဆက်သွယ်ခြင်း။** တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း အဆိုပြုလာသည့်အခါ ဥက္ကဋ္ဌသည် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း(၂၀)

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်လွှတ်တော်

၁၆၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်းကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖြတ်သိမ်းပြီး ဖြစ်သည်ဟုမှတ်ယူရမည်။

၁၆၅။ မိမိအားပေးအပ်ထားသော တာဝန်ကိုပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီအရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်းမရှိသေးသဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊

လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၂၁)

## ရန်ပုံငွေသုံးစွဲခြင်း

၁၆၆။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။

၁၆၇။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေး ရန်ပုံငွေကို နယ်မြေဒေသခံ ပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ပြုသည်။

## အခန်း(၂၂)

## အထွေထွေ

၁၆၈။ လွှတ်တော်သက်တမ်း တစ်ရပ်ရပ်အတွက် လွှတ်တော်စိစစ်ရေးကော်မတီမဖွဲ့စည်းရသေးမီ လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးလုပ်ငန်းများကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၁၆၉။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးက သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော်အစည်းအဝေး ခန်းမအတွင်း၌ နေရာချထားရမည်။ နောင်ကျင်းပသော လွှတ်တော် အစည်းအဝေးများတွင် ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း နေရာချထားရမည်။

၁၇၀။ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သောပုဂ္ဂိုလ်များ လွှတ်တော် အစည်းအဝေးသို့တက်ရောက်ရန် လွှတ်တော်အစည်းအဝေးခန်းမတွင် သီးသန့်နေရာသတ်မှတ်ပေးရမည်။

၁၇၁။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသူသည် လွှတ်တော်ရုံးမှတစ်ဆင့် ဥက္ကဋ္ဌထံ ခွင့်ပြုချက်တောင်းခံရမည်။ တက်ရောက်လေ့လာသောပုဂ္ဂိုလ်များသည် လွှတ်တော်၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရန် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရမည်။ လိုက်နာခြင်း မရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်ဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ် အရ သော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၁၇၂။ လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပမည်ဟု ဥက္ကဋ္ဌကကြေညာလျှင် ဥက္ကဋ္ဌက ခွင့်ပြုထားသူများမှအပ ကျန်ပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမမှ ထွက်ခွာပေးရမည်။

၁၇၃။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ အစည်းအဝေးသို့တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦး ကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

၁၇၄။ လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်၏ ကော်မတီ၊ ကော်မရှင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်နေသည့် အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၁၇၅။ လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၇၆။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၇၇။ လွှတ်တော်ရုံးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၏ ရုံးများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်သည်။ ထိုသို့ဆက်သွယ်ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးက ဆက်သွယ်ဆောင်ရွက်ရမည်။

၁၇၈။ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် လွှတ်တော်ရုံး၏ ဝန်ထမ်းရေးရာကိစ္စအဝဝကို ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၇၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများအမှတ်၇/၂၀၁၀)ကို ပဲခူးတိုင်းဒေသကြီး၏ နယ်နိမိတ်အတွင်း ဤနည်းဥပဒေဖြင့် အစားထိုးလိုက်သည်။

ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

နောက်ဆက်တွဲ(က)

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်/သဘာပတိ ကတိသစ္စာပြုချက်

[နည်းဥပဒေ ၅(ဂ) နှင့် ၁၅ (က)]

"ကျွန်ုပ်…………………..သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်/ သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

နောက်ဆက်တွဲ(ခ)

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုချက်

[နည်းဥပဒေ ၂၈]

"တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်ပွဲတင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ်...........................................သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရာများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်း ရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိ သစ္စာပြုပါသည်။

နောက်ဆက်တွဲ(ဂ)

## တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ

## ကတိသစ္စာပြုချက်

[နည်းဥပဒေ ၆၀ နှင့် ၆၁]

"ကျွန်ုပ်........................သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်လုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

နောက်ဆက်တွဲ(ဃ)

## မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း

[နည်းဥပဒေ ၃၁ (ထ)(၂)]

လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့ တင်သွင်းသော အခြားအကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့အတွက် လွှတ်တော် ကိုယ်စားလှယ်များက မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းကို အသုံးပြုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဥက္ကဋ္ဌသည် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြောင်မဲပေးစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါက အကျိုးအကြောင်းရှင်းလင်းဖော်ပြ၍ သဘောတူသူများအား မိမိနေရာများတွင် မတ်တတ်ရပ်ပြရန် ညွှန်ကြားရမည်။ ထက်ဝက်ကျော်က သဘောတူလျှင် လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင်အညီ ဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်ရမည်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ဥပဒေကြမ်း တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ အဆိုတစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှတ်တော်မှ လက်ခံစဉ်းစား ပေးပါရန် အဆိုတစ်ရပ် တင်သွင်းသည့်အခါ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိပါက ဆွေးနွေးရန် နည်းလမ်းကို လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်လျှင် ခွင့်ပြုရန် သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားရမည်။ အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော် ကိုယ်စားလှယ် ဦးရေသည် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ခြောက်ပုံ တစ်ပုံနှင့် အထက် ဖြစ်လျှင် ခွင့်ပြုသည်ဟုလည်းကောင်း၊ ခြောက်ပုံတစ်ပုံမပြည့်လျှင် ခွင့်မပြုဟု လည်းကောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ကြေညာရမည်။

**ပုံစံ(၁)**

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌလောင်း**
**အမည်စာရင်းတင်သွင်းလွှာ**
**[နည်းဥပဒေ ၇ (ခ) ၊ ၁၆ (က) နှင့် ၂၇ (ခ)]**
**ရက်စွဲ ၊ ---------------------**

| | | | |
|---|---|---|---|
| ၁။ | အမည်စာရင်းတင်သွင်းခံရသူအမည် | - | ---------------------------- |
| | မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် | - | ---------------------------- |
| | လက်မှတ် | - | ---------------------------- |
| ၂။ | အမည်စာရင်းတင်သွင်းသူအမည် | - | ---------------------------- |
| | မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် | - | ---------------------------- |
| | လက်မှတ် | - | ---------------------------- |
| ၃။ | ထောက်ခံသူအမည် | - | ---------------------------- |
| | မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် | - | ---------------------------- |
| | လက်မှတ် | - | ---------------------------- |

မိမိအမည် စာရင်းတင်သွင်းခံရသူသည် * သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက * သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူထားပြီးဖြစ်ပါသည်။

လက်မှတ် ----------------------
အမည် ----------------------
မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် ----------------------

* မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပုံစံ(၂)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌလောင်း**

**အမည်စာရင်းထုတ်ယူရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ**

**[နည်းဥပဒေ ၇ (ခ) ၊ ၁၆ (က) နှင့် ၂၇ (ခ)]**

**ရက်စွဲ ၊ ----------------**

| အမှတ်စဉ် | အမည်စာရင်းတင်သွင်းလွှာထုတ်ယူသူအမည် | မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

**ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ**

လက်မှတ် - ----------------------

အမည် - ----------------------

ရာထူး - ----------------------

ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

* မလိုအပ်သည်ကိုပယ်ဖျက်ရန်

ရုံးတံဆိပ်



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း**

**[နည်းဥပဒေ ၇ (င)၊ ၁၆ (င) နှင့် ၂၇ (ခ)]**

**ရက်စွဲ၊-----------------**

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်းအမည် (အက္ခရာစဉ်အလိုက်) | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မဲဆန္ဒနယ်/တပ်မတော်သားကိုယ်စားလှယ် | ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |

မှန်ကန်ကြောင်းအတည်ပြုသည်။

လက်မှတ် - -----------------
အမည် - -----------------
ရာထူး - ကြီးကြပ်သူအရာရှိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

လက်မှတ် - ----------------------
အမည် - --------------------
တာဝန် - *အခမ်းအနားမှူး/သဘာပတိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ဆန္ဒမဲလက်မှတ်**
***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ တင်မြှောက်ခြင်း**
**[နည်းဥပဒေ ၈ (ဃ)၊ ၁၈ (ဃ) နှင့် ၂၇ (ခ)]**
**ရက်စွဲ၊-----------------**

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်းအမည် (အက္ခရာစဉ်အလိုက်) | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မဲဆန္ဒနယ်/တပ်မတော်သား ကိုယ်စားလှယ် | ပါတီ | တစ်သီးပုဂ္ဂလ | ထောက်ခံ(✓) ကန့်ကွက်(✗) |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |

မှတ်ချက်။ ထောက်ခံသူတစ်ဦးတည်းကိုသာ အမှန်အမှတ်အသား(✓)ပြုရန်နှင့်ကန့်ကွက်သူများကို ကြက်ခြေခတ်အမှတ်အသား(✗)ပြုရန်ဖြစ်ပါ သည်။

လက်မှတ် – ------------------
အမည် – ------------------
ရာထူး – ကြီးကြပ်သူအရာရှိ
ရုံး – ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပုံစံ(၅)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲလက်မှတ်များကို**
**ရေတွက်၍ မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၈ (ဃ)၊ ၁၈ (ဃ) နှင့် ၂၇ (ခ)]**
**ရက်စွဲ၊-----------------**

သဘာပတိ/ ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်း တင်မြှောက်ခြင်းအတွက် ဆန္ဒမဲပေးပွဲတွင် အသုံးပြုရန် ယူဆောင်လာသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ----------------------------------------- ( တိတိ) ဖြစ်ပါသည်။

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ---------------------- | လက်မှတ် | - | ---------------------- |
| အမည် | - | ---------------------- | အမည် | - | ---------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *အခမ်းအနားမှူး/သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ(၆)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ**
**တင်မြှောက်ရာတွင် ဆန္ဒမဲလက်မှတ်**
**ထုတ်ယူရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ**
**[နည်းဥပဒေ ၈ (စ) ၊ ၁၈ (စ) နှင့် ၂၇ (ခ)]**

**ရက်စွဲ၊----------------**

| အမှတ်စဉ် | ဆန္ဒမဲလက်မှတ်ထုတ်ယူသူအမည် | မဲဆန္ဒနယ်/ တပ်မတော်သားကိုယ်စားလှယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

**ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ**

လက်မှတ် - ----------------------
အမည် - ----------------------
ရာထူး - ကြီးကြပ်သူအရာရှိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ(၇)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌတင်မြှောက်ပွဲတွင်**

**ဖျက်ဆီးပစ်သော ဆန္ဒမဲလက်မှတ်အရေအတွက်ကို**

**မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၈ (ဆ) ၊ ၁၈ (ဆ) နှင့် ၂၇ (ခ)]**

**ရက်စွဲ၊-----------------**

ဆန္ဒမဲပေးပွဲတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်းရေးသားမိ၍ ဆန္ဒမဲလက်မှတ်အသစ်ဖြင့် လဲလှယ်ပေးပြီး ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်သည့်အရေအတွက်မှာ ------------------ (တိတိ) ဖြစ်ပါသည်။

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ---------------------- | လက်မှတ် | - | ---------------------- |
| အမည် | - | ---------------------- | အမည် | - | ---------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *အခမ်းအနားမှူး/သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၈-က)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ ရွေးကောက်**

**တင်မြှောက်ရာတွင်ပယ်မဲအဖြစ်သတ်မှတ်သော**

**ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၁၀ (က)၊ ၂၀ (က) နှင့် ၂၇ (က)]**

**ရက်စွဲ၊----------------**

(က) ဆန္ဒမဲပုံးထဲသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(ခ) တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(ဃ) အမှန်အမှတ်အသား(✓) နှင့် ကြက်ခြေခတ် အမှတ်အသား(✗)များမှအပ အခြားအမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုး ထားရှိခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် အရေအတွက် -------( တိတိ)

ပယ်မဲအရေအတွက်စုစုပေါင်း = -------( တိတိ)

မှန်ကန်ကြောင်းအတည်ပြုပါသည်။

| | | | |
|---|---|---|---|
| လက်မှတ် - | ------------------ | လက်မှတ် - | ------------------ |
| အမည် - | ------------------ | အမည် - | ------------------ |
| ရာထူး - | ကြီးကြပ်သူအရာရှိ | တာဝန် - | *အခမ်းအနားမှူး/သဘာပတိ |
| ရုံး - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၈-ခ)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ ရွေးကောက်**

**တင်မြှောက်ရာတွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်း**

**ရေတွက်ခွင့်မရှိသော ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၁၀ (ခ) ၊ ၂၀ (ခ) နှင့် ၂၇ (ခ)]**

**ရက်စွဲ၊----------------**

(က) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက် -------( တိတိ)

(ခ) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက် -------( တိတိ)

ပယ်မဲအရေအတွက်စုစုပေါင်း = -------( တိတိ)

မှန်ကန်ကြောင်းအတည်ပြုပါသည်။

| | |
|---|---|
| လက်မှတ် - ------------------- | လက်မှတ် - ------------------- |
| အမည် - ------------------- | အမည် - ------------------- |
| ရာထူး - ကြီးကြပ်သူအရာရှိ | တာဝန် - *အခမ်းအနားမှူး/သဘာပတိ |
| ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
***သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိသော**
**ထောက်ခံဆန္ဒမဲ အများအနည်းအလိုက်အမည်စာရင်း**
**[နည်းဥပဒေ ၈ (ဃ)၊ ၁၈ (ဃ) နှင့် ၂၇ (ခ)]**
**ရက်စွဲ၊-----------------**

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်းအမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မဲဆန္ဒနယ်/တပ်မတော်သား ကိုယ်စားလှယ် | ပါတီ | တစ်သီးပုဂ္ဂလ | ရရှိသည့်ထောက်ခံ ဆန္ဒမဲစုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | | | | | | ---( တိတိ) |
| ၂ | | | | | | ---( တိတိ) |
| ၃ | | | | | | ---( တိတိ) |
| ၄ | | | | | | ---( တိတိ) |
| ၅ | | | | | | ---( တိတိ) |
| ၆ | | | | | | ---( တိတိ) |
| ၇ | | | | | | ---( တိတိ) |
| ၈ | | | | | | ---( တိတိ) |
| ၉ | | | | | | ---( တိတိ) |
| ၁၀ | | | | | | ---( တိတိ) |

**မှန်ကန်ကြောင်းအတည်ပြုသည်။**

လက်မှတ် - -------------------
အမည် - -------------------
ရာထူး - ကြီးကြပ်သူအရာရှိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

လက်မှတ် - -------------------
အမည် - -------------------
တာဝန် - *အခမ်းအနားမှူး/သဘာပတိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပုံစံ (၁၀)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
*** ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌအား တာဝန်မှ**
**ရုပ်သိမ်းရန်အဆိုနှင့် စပ်လျဉ်းသည့်ဆန္ဒမဲလက်မှတ်**
**[နည်းဥပဒေ ၇၅ (ဃ) (၄)]**
**ရက်စွဲ၊---------------**

| **အကြောင်းအရာ** | **ထောက်ခံ(✓)<br>ကန့်ကွက်(✗)** |
|---|---|
| *** ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆို** | |

**မှတ်ချက်။** **အဆိုကို ထောက်ခံလျှင် အမှန်အမှတ်အသား (✓)ပြုရန်နှင့် အဆိုကို ကန့်ကွက်လျှင် ကြက်ခြေခတ်အမှတ်အသား (×) ပြုရန်ဖြစ်ပါသည်။**

လက်မှတ် - ------------------
အမည် - ------------------
ရာထူး - ကြီးကြပ်သူအရာရှိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၁)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲလက်မှတ်**

**အရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၇၅ (ဃ) (၄)]**

**ရက်စွဲ ၊ ---------------**

* ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ဆန္ဒမဲပေးပွဲတွင် အသုံးပြုရန် ယူဆောင်လာသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ------------------------------------------( တိတိ) ဖြစ်ပါသည်။

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ------------------- | လက်မှတ် | - | ------------------- |
| အမည် | - | ------------------- | အမည် | - | ------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၂)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
*** ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်**
**အဆိုနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲတွင် ဆန္ဒမဲလက်မှတ်**
**ထုတ်ယူရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ**
**[နည်းဥပဒေ ၇၅ (ဃ) (၆)(ကက)]**
**ရက်စွဲ၊-----------------**

| အမှတ်စဉ် | ဆန္ဒမဲလက်မှတ်ထုတ်ယူသူအမည် | မဲဆန္ဒနယ်/တပ်မတော်သားကိုယ်စားလှယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

**ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ**

လက်မှတ် - -------------------
အမည် - -------------------
ရာထူး - ကြီးကြပ်သူအရာရှိ
ရုံး - ပဲခူးတိုင်းဒေသကြီးလွှတ်တော်

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၃)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

*** ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်**

**ဆန္ဒမဲပေးပွဲတွင် ဖျက်ဆီးပစ်သောဆန္ဒမဲလက်မှတ်**

**အရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၇၅ (ဃ) (၇)]**

**ရက်စွဲ ၊ ----------------**

* ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန် ဆန္ဒမဲပေးပွဲတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်းရေးသားမိ၍ ဆန္ဒမဲလက်မှတ်အသစ်ဖြင့် လဲလှယ်ပေးပြီး အဟောင်းကို ဖျက်ဆီးပစ်သည့် အရေအတွက်မှာ ----------------------( တိတိ) ဖြစ်ပါသည်။

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ------------------- | လက်မှတ် | - | ------------------- |
| အမည် | - | ------------------- | အမည် | - | ------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၄-က)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

*** ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်**

**ဆန္ဒမဲပေးပွဲတွင် ပယ်မဲအဖြစ် သတ်မှတ်သော**

**ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၇၇ (က)]**

**ရက်စွဲ ၊ ----------------**

| | | | |
|---|---|---|---|
| (က) | ဆန္ဒမဲပုံးထဲသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် | -------( | တိတိ) |
| (ခ) | ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် အရေအတွက် | -------( | တိတိ) |
| (ဂ) | အမှန်အမှတ်အသား(✓) နှင့် ကြက်ခြေခတ် အမှတ်အသား(✗)များမှအပ အခြားအမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် | -------( | တိတိ) |
| (ဃ) | အမှန်အမှတ်အသား(✓) နှင့် ကြက်ခြေခတ် အမှတ်အသား(✗) ထင်ရှားအောင် ဆန္ဒပြုမထား သောဆန္ဒမဲလက်မှတ်အရေအတွက် | -------( | တိတိ) |
| (င) | ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုး ထားရှိခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် | -------( | တိတိ) |
| (စ) | အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် အရေအတွက် | -------( | တိတိ) |
| | ပယ်မဲအရေအတွက်စုစုပေါင်း = | -------( | တိတိ) |

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | |
|---|---|---|---|
| လက်မှတ် | - ------------------- | လက်မှတ် | - ------------------- |
| အမည် | - ------------------- | အမည် | - ------------------- |
| ရာထူး | - ကြီးကြပ်သူအရာရှိ | တာဝန် | - *ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ သဘာပတိ |
| ရုံး | - ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၄-ခ)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

*** ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်**

**ဆန္ဒမဲပေးပွဲတွင် ထည့်သွင်းရေတွက်ခွင့်မရှိသော**

**ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၇၇ (ခ)]**

**ရက်စွဲ ၊ ---------------**

| | | | |
|---|---|---|---|
| (က) | ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်ကမူလ ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက် | | -------( တိတိ) |
| (ခ) | မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက် | | -------( တိတိ) |
| | စုစုပေါင်း | = | -------( တိတိ) |

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ------------------- | လက်မှတ် | - | ------------------- |
| အမည် | - | ------------------- | အမည် | - | ------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

ပုံစံ (၁၅)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

*** ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်**

**ဆန္ဒမဲပေးမှု အခြေအနေကို မှတ်တမ်းတင်ရန်ပုံစံ**

**ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**

**[နည်းဥပဒေ ၇၈]**

**ရက်စွဲ ၊ ----------------**

| | | |
|---|---|---|
| လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ | -------( | တိတိ) |
| အဆိုအတည်ဖြစ်ရန် အနည်းဆုံးရရှိရမည့် | | |
| ထောက်ခံဆန္ဒမဲအရေအတွက် | -------( | တိတိ) |
| ထောက်ခံဆန္ဒမဲအရေအတွက် | -------( | တိတိ) |
| ကန့်ကွက်ဆန္ဒမဲအရေအတွက် | -------( | တိတိ) |

**မှန်ကန်ကြောင်းအတည်ပြုပါသည်။**

| | | | | | |
|---|---|---|---|---|---|
| လက်မှတ် | - | ------------------- | လက်မှတ် | - | ------------------- |
| အမည် | - | ------------------- | အမည် | - | ------------------- |
| ရာထူး | - | ကြီးကြပ်သူအရာရှိ | တာဝန် | - | *ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ သဘာပတိ |
| ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ရုံး | - | ပဲခူးတိုင်းဒေသကြီးလွှတ်တော် |

*** မလိုအပ်သည်ကို ပယ်ဖျက်ရန်**

# အပိုင်း(၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများမှ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်တွင်ပါဝင်သည့်နယ်မြေများစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ မကျင်းပမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြို၍တင်၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြား၍ တိုင်းဒေသကြီးကော်မရှင်ခွဲက ထပ်ဆင့်ကြေညာရမည်ဖြစ်ပြီး ယင်းသို့ ကြေညာရာတွင် နည်းဥပဒေ ၃ အရ –

(က) မြို့နယ်တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ မဲဆန္ဒနယ်မြေအမှတ်(၁)နှင့် (၂)အဖြစ် သတ်မှတ်သည်။ မဲဆန္ဒနယ်တစ်ခုနှင့်တစ်ခု လူဦးရေအချိုးညီစွာ ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေအရ တစ်ဆက်တစ်စပ်တည်းဖြစ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတို့ဖြင့် သတ်မှတ်သည်။ သို့ဖြစ်၍ မြို့နယ်တစ်ခုတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစီ သတ်မှတ်ထားခြင်းဖြစ်သည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့အရ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း သုညဒသမ တစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးအတွက် လူမျိုးတစ်မျိုးလျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခွင့်ရရှိမည်ဖြစ်ပြီး ယင်းတိုင်းရင်းသားလူမျိုးတစ်မျိုးစီအတွက် တိုင်းဒေသကြီးတစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်စီအဖြစ် သတ်မှတ်သည်။

### လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ အရ အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား/အမျိုးသမီး မရွေး ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည် –

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာ တင်သွင်းချိန်တွင်–

(၁) အသက်(၂၅)နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူ၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချ နေထိုင်ခဲ့သူ၊

(၃) မဲစာရင်းတွင် ပါဝင်သူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ) ဤဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။

၃။ ဥပဒေပုဒ်မ ၉ အရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ တစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့် ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

၄။ ဥပဒေပုဒ်မ ၁၀ အရ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိစေရ–

(က) ထောင်ဒဏ်ကျခံနေရသူ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ လွှတ်တော် ကိုယ်စားလှယ်အရည်အချင်း ပျက်ယွင်းစေသောပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(င) မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှဖြစ်စေ မွေးဖွားသည့် နိုင်ငံသား၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာ ခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(ဆ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသောအခွင့်ရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဇ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူ သုံးစွဲသည့်အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ည) သာသနာ့ဝန်ထမ်း၊

(ဋ) နိုင်ငံ့ဝန်ထမ်း၊

(ဌ) နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဍ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသူ။

၅။ ဥပဒေပုဒ်မ ၁၁ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါအချက်တစ်ခုခုနှင့်ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ –

(က) သာသနာ့ဝန်ထမ်းအဖြစ် အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း ခံရသူ၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း၊

(င) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊

(စ) မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဇ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသူဟု သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း၊

(ဋ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဇ)၊ (ဈ) သို့မဟုတ် (ဋ)ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဌ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဋ)ပါ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး က အကြောင်းကြားခံရခြင်း။

၆။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် ပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတိုင်ကြားချက်ကိုရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိ မရှိ ဆုံးဖြတ်စေနိုင်သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် ခန့်ထားခြင်း**

၇။ ပုဒ်မ ၂၂အရ ရွေးကောက်ပွဲတွင် –

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)ပါ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲသို့ဖြစ်စေ၊ သက်ဆိုင်ရာ ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့ဖြစ်စေ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရ မည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ပါ မဲဆန္ဒနယ်အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်း တင်သွင်းလွှာကို တင်သွင်းရမည်။

(ဂ) ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် တစ်ပြိုင်တည်းအမည်စာရင်းတင်သွင်းခြင်း မပြုရ။

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊ လက်ခံရန် သင့် မသင့်ကို သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်း တင်သွင်းလွှာ လက်ခံထားသည့် ပုဒ်မ ၂၂ပါ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးက စိစစ်ရမည်။

၈။ နည်းဥပဒေ ၁၉ တွင် –

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အမည်စာရင်းတင်သွင်းရန် သတ်မှတ် ထားသော နောက်ဆုံးနေ့ရက်နှင့် အချိန်မတိုင်မီ သတ်မှတ်ထားသော ရုံးချိန်အတွင်း မိမိကိုယ်တိုင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာပါ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် ကဖြစ်စေ အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်။

(ခ) အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ် တရားသူကြီးအဆင့်ထက် မနိမ့်သောတရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ လက်မှတ် ရေးထိုးပြီးဖြစ်ရမည်။ ထိုတရားသူကြီးကလည်း ကိုယ်စားလှယ်လောင်းသည် မိမိ၏ ရှေ့မှောက်တွင် ယင်းသို့ လက်မှတ်ရေးထိုးကြောင်းထပ်ဆင့် လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးပြီး ဖြစ်ရမည်။

(ဂ) နည်းဥပဒေ ၁၈(က)နှင့် (ခ)တို့အရ သတ်မှတ်ထားသော ကော်မရှင်အဖွဲ့ခွဲအသီးသီး သည် သတ်မှတ်ထားသည့် ကာလကုန်ဆုံးပြီးမှ တင်သွင်းလာသည့် အမည်စာရင်း တင်သွင်းလွှာကို လက်ခံခြင်းမပြုရ။

(ဃ) နည်းဥပဒေ ၁၈(က)နှင့် (ခ)တို့အရ သတ်မှတ်ထားသော ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် မိမိတို့လက်ခံရရှိထားသော အမည်စာရင်းတင်သွင်းလွှာ မိတ္တူတစ်စောင်စီကို မဲဆန္ဒနယ်အလိုက်စုစည်း၍ သတ်မှတ်ထားသည့်နေ့ရက်တွင် စိစစ်ပြီး ရွေးကောက်ပွဲဥပဒေပါ အရည်အချင်းများနှင့်ကိုက်ညီပါက သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကိုပုံစံ(၁၀)ဖြင့်ကြေညာရမည်။ ထို့နောက် ကြေညာချက်မိတ္တူတစ်စောင်ကို တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ဖြစ်ပါက ကော်မရှင်သို့လည်းကောင်း၊ ကျန်မဲဆန္ဒနယ်များအတွက် ဖြစ်ပါက ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း အမြန်ဆုံးနည်းဖြင့် ပေးပို့ရမည်။

၉။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၆)တွင် လိုအပ်ချက်များကို အပြည့်အစုံဖြည့်သွင်းထားခြင်းမရှိလျှင်လည်းကောင်း၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများပြည့်စုံစွာ ပူးတွဲထားခြင်းမရှိလျှင်လည်းကောင်း၊ ယင်းအမည်စာရင်းတင်သွင်းလွှာကို နည်းဥပဒေ ၁၈(က)နှင့် (ခ)တို့အရ သတ်မှတ်ထားသော ကော်မရှင်အဖွဲ့ခွဲအသီးသီးက ငြင်းပယ်ရမည်။

၁၀။ နည်းဥပဒေ ၂၂ တွင် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားသူတစ်ဦးအား မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားလိုလျှင် ပုံစံ(၇-က)ဖြင့် ခန့်ထားရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

(ခ) အမည်စာရင်း တင်သွင်းလွှာနှင့်အတူ ခန့်စာနှစ်စောင်ကို ပူးတွဲတင်သွင်းရမည်။ ခန့်စာများပါ ရွေးကောက်ကိုယ်စားလှယ်၏ ဓါတ်ပုံပေါ်၌ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်၍ တစ်စောင်အား အမည်စာရင်းတင်သွင်းသူသို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ယခင်ထုတ်ပေးထားသော ခန့်စာနှင့်အတူ ရုပ်သိမ်းလွှာ ပုံစံ(၇-ခ)ဖြင့်တင်ပြရမည်။ ထို့နောက်မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူတစ်ဦးကိုလည်းကောင်း မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် နည်းဥပဒေ ၂၂နှင့်အညီပုံစံ(၇)၊ ပုံစံ(၇-က) တို့ဖြင့် ထပ်မံခန့်ထားရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းအတည်ပြုပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အတွက် စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးရမည်။

၁၁။ နည်းဥပဒေ ၂၃ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် -

(က) မဲရုံအသီးသီးတွင် မိမိကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် တစ်ဦးစီ ခန့်ထားနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခန့်ထားရာတွင် ပုံစံ(၈)ဖြင့် ခန့်ထားရမည်။

(ဂ) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်အသီးသီးအတွက် ခန့်စာနှစ်စောင်စီကို ဆန္ဒမဲပေးရန် သတ်မှတ်ထားသော နေ့ရက်မတိုင်ခင် အနည်းဆုံး(၇)ရက် ကြိုတင်၍ ပေးပို့ရမည်။

၁၂။ နည်းဥပဒေ ၂၄ တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၂၃ အရ ခန့်ထားသော မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ကို သဘောတူလျှင် ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့၏ ဓာတ်ပုံပေါ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတံဆိပ် ရိုက်နှိပ်၍ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ်လောင်းထံသို့ ပြန်လည်ပေးအပ်ရမည်။ ယင်းခန့်စာကို မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့က ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးထံ အပ်နှံရမည်။

၁၃။ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်နှုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းက ယင်းအား ခန့်ထားခြင်းမှ ရုပ်သိမ်းလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၈-က)ဖြင့် တင်ပြရမည်။ ထို့နောက် နည်းဥပဒေ ၂၃ နှင့်အညီ ပုံစံ(၈)ဖြင့် အခြားသူတစ်ဦးကို မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်အဖြစ် လွှတ်တော်ကိုယ်စားလှယ်လောင်းက အစားထိုးခန့်ထားနိုင်သည်။

၁၄။ ပုဒ်မ ၂၄ အရ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးက စိစစ်သည့်အချိန်တွင် -

(က) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်းကို ထိုကိုယ်စားလှယ်လောင်း ရွေးကောက်ခံမည့်မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်း

တစ်ဦးက လုံလောက်သောအထောက်အထားများတင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်နိုင်သည်။

၁၅။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ပုဒ်မ ၂၄အရ စိစစ်ပြီးနောက် ပုဒ်မ ၂၆(က)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပုဒ်မ ၂၆(ခ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာသည့် အမိန့်ချမှတ်နိုင်သည်။

၁၆။ ပုဒ်မ ၂၆ အရ ချမှတ်သည့်အမိန့်ကို မကျေနပ်လျှင် ပုဒ်မ ၄၊ ပုဒ်မခွဲ(က)ပါ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသူဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ပါ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသူဖြစ်ပါက ကော်မရှင်သို့လည်းကောင်း သတ်မှတ်ထားသည့်အတိုင်း အယူခံခွင့်ရှိသည်။ ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၏ အဆုံးအဖြတ်သည် ပုဒ်မ ၅၃ ပါပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

၁၇။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် မိမိ၏ အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

၁၈။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးကိုဖြစ်စေ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။

၁၉။ (က) လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းနှင့် ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရာတွင် ထိုသူ၏ သဘောတူညီချက်ပါရှိရမည်။

(ခ) ပုဒ်မခွဲ(က) အရ ခန့်ထားသည့် ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးအား ခန့်ထားနိုင်သည်။

၂၀။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်စာရင်းကို သတ်မှတ်ထားသည့် အရေအတွက်အတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကော်မရှင်သို့ ပေးပို့လာသည့်အခါ ကော်မရှင်က ယင်းအမည်စာရင်းကို စိစစ်၍ အများပြည်သူသိရှိနိုင်ရန် ကြေညာရမည်။

၂၁။ အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေကြောင်း စိစစ်တွေ့ရှိလျှင် ကော်မရှင်သည် ထိုလွှတ်တော်

ကိုယ်စားလှယ်အစား အခြားတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ အမည်စာရင်းကို အစားထိုးပေးပို့ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို အစားထိုးပြောင်းလဲလိုကြောင်း ကော်မရှင်သို့ အကြောင်းကြားသည့်အခါ အစားထိုးပြောင်းလဲလိုသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို အများပြည်သူသိရှိနိုင်ရန် ကြေညာရမည်။ ထိုသို့ကြေညာသည့်နေ့မှစ၍ ပြောင်းလဲခြင်းခံရသော မူလလွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာခြင်း

၂၃။ ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပါ ပြဋ္ဌာန်းချက် အပိုဒ်(၇၂)ကို အောက်ပါအတိုင်း ကောက်နှုတ်ဖော်ပြပါသည် -

(က) နည်းဥပဒေ ၆၇(ခ)အရ ပုံစံ(၁၉)ဖြင့်ပေးပို့သည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် အများဆုံး ရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခံရသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။ ယင်းကြေညာချက် တစ်စောင်ကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ အမြန်ပေးပို့တင်ပြရမည်။

(ခ) "နည်းဥပဒေ ၆၈(က)အရ ပုံစံ(၁၉-ခ)ဖြင့်ပြုစုသည့်" ခိုင်လုံသော ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။ ယင်းကြေညာချက် တစ်စောင်ကို ကော်မရှင်သို့ အမြန်ဆုံးပေးပို့တင်ပြလာရမည်။

(ဂ) ကော်မရှင်သည် နည်းဥပဒေခွဲ(က)နှင့် (ခ)တို့ဖြင့် ပေးပို့တင်ပြလာသည့် ကြေညာချက်များအရ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက် ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း(၈)ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအားလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးရမည်။ ယင်းလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကာလ ကုန်ကျသောစရိတ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို သိရှိနိုင်ရန် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက် အပိုဒ် (၇၃)မှ (၈၄)အထိကို မူရင်းအတိုင်း ကောက်နုတ်ဖော်ပြပါသည်။

**ရွေးကောက်ပွဲ ကုန်ကျစရိတ်များ**

၂၄။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည် -

(က) ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေဖြင့်သော်လည်းကောင်း၊ ပြည်တွင်းရှိနိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသောငွေဖြစ်သော်လည်းကောင်း၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းက ထောက်ပံ့သည့်ငွေဖြစ်သော်လည်းကောင်း ကျခံပြီးသည့် ကုန်ကျစရိတ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က ပေးရန်ကျန်ရှိသေးသည့် အသုံးစရိတ်ငွေများ။

၂၅။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေကျပ်သိန်းတစ်ရာထက်ပို၍ သုံးစွဲခြင်းမပြုရ။ သို့ရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂(ခ) အရ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပါက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်အထိသုံးစွဲနိုင်သည်။

၂၆။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ကူညီရန်အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး မည်သူကိုမျှမခန့်ထားရ -

(က) ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၊

(ခ) မဲရုံအသီးသီးအတွက် မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊ အကူကိုယ်စားလှယ်တစ်ဦးစီ၊ စာရေးတစ်ဦးစီ၊ မဲဆော်သြသူတစ်ဦးစီ၊ ရုံးအကူတစ်ဦးစီအပြင် မဲရုံတစ်ရုံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်ဦးရေ ၃၀၀ထက်ပိုလျှင် နောက်ထပ်စာရေးတစ်ဦး၊ မဲဆော်သြသူတစ်ဦးနှင့် ရုံးအကူတစ်ဦး။

၂၇။ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်များကို ပေးချေနိုင်သည်။

၂၈။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ "ရက်ပေါင်း(၃၀)အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ" သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်က အောက်ပါကော်မရှင်အဖွဲ့ခွဲအသီးသီးထံ တင်သွင်းရမည်။ ယင်းစာရင်းများ မှန်ကန်ကြောင်း မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီး တစ်ဦးဦး ရှေ့မှောက်၌ ပြုလုပ်သော ကျမ်းကျိန်လွှာကိုလည်း ပူးတွဲတင်သွင်းရမည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄(က)ပါ မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အတွက်ဖြစ်လျှင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရမည်။

(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄(ဃ)ပါ မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရမည်။

၂၉။ နည်းဥပဒေ ၇၇ ပါ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းကို တင်သွင်းလာသည့်အခါ ယင်းကုန်ကျစရိတ်ငွေစာရင်းတင်သွင်းသည့် နေ့ရက်ကိုလည်းကောင်း သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်းမပြုကိုလည်းကောင်း ယင်းစာရင်း၌ မှတ်တမ်းတင်ထားရမည်။

၃၀။ (က) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းနှင့် ကျမ်းကျိန်လွှာကို ရရှိပြီးနောက် (၂)ရက်အတွင်း နည်းဥပဒေ ၇၇ ပါ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် နည်းဥပဒေ ၇၇ အရ တင်သွင်းသော ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း ပုံစံ(၂၀) မိတ္တူတစ်စုံစီကို မိမိရုံးတွင် အများပြည်သူမြင်နိုင်သည့် နေရာ၌ ကပ်ထားရမည်။

(ခ) ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းကို မိတ္တူကူးယူလိုပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ်(၁၀၀၀)ပေးဆောင်ပါက မဲဆန္ဒရှင်မည်သူမဆို ကုန်ကျစရိတ်စာရင်းမိတ္တူမှန် လျှောက်ထားရယူခွင့်ရှိသည်။

၃၁။ နည်းဥပဒေ ၇၇ ပါ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် သတ်မှတ်ထားသောနေ့ရက် ကုန်ဆုံးသည့်နေ့မှစ၍ (၇)ရက်အတွင်း ကော်မရှင်သို့ အောက်ပါအချက်များပါဝင်သည့် အစီရင်ခံစာကို တင်သွင်းရမည်-

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များနှင့် မတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းပါက ယင်းသို့ တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်းပြု မပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သည့်လွှတ်တော်ကိုယ်စားလှယ် လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်း ပျက်ယွင်းသူအဖြစ် ကြေညာသင့်ကြောင်းတင်ပြချက်။

၃၂။ နည်းဥပဒေ ၇၇ပါ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် နည်းဥပဒေ ၈၀ အရ အစီရင်ခံစာ တင်သွင်းပြီးနောက် အောက်ပါအချက်များပါဝင်သည့် ကြော်ငြာစာကို မိမိရုံးရှိ အများပြည်သူမြင်နိုင်သည့် နေရာ၌ ကပ်ထားရမည် -

(က) ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များနှင့် မတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းပါက ယင်းသို့တင်သွင်းသည့် နေ့ရက်၊ သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်းပြု မပြု၊

(ဃ) "ရွေးကောက်ပွဲကုန်ကျစရိတ်ကို သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ရန် တင်ပြထားသူများ"

၃၃။ "သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် တို့သည်" နည်းဥပဒေ ၇၇ပါ ကော်မရှင်အဖွဲ့ခွဲ အသီးသီးက နည်းဥပဒေ ၈၁ အရကြော်ငြာစာ ကပ်သည့်နေ့မှ (၁၅)ရက်အတွင်း မိမိအားအရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ယင်းလျှောက်ထားချက် မိတ္တူ တစ်စောင်ကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၃၄။ နည်းဥပဒေ ၈၃ တွင် ကော်မရှင်သည် -

(က) "နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ" "နည်းဥပဒေ ၈၂ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ" စိစစ်၍ ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်းစေရမည်။

(ခ) ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာအပေါ် မူတည်၍ အရည်အချင်းပျက်ယွင်းသူများ အဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်ရမည်။

၃၅။ နည်းဥပဒေ ၈၄တွင် ကော်မရှင်သည် အရည်အချင်းပျက်ယွင်းသူဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်အမည်စာရင်းများကို ကော်မရှင်ကြေညာချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

## ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း

၃၆။ နည်းဥပဒေ ၈၇တွင် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၈(က)ပါ ပုဂ္ဂိုလ်တစ်ဦးဦးက ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်အတွက်ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ထိုမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို "နည်းဥပဒေ ၇၂(က)နှင့် (ခ)တို့အရ" တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက ကြေညာသည့်နေ့မှစ၍ "(၄၅)ရက်အတွင်း" ကော်မရှင်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ကသော်လည်းကောင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

၃၇။ ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကဆောင်ရွက်ရမည့် ကိစ္စများနှင့် ရွေးကောက်ပွဲ ခုံအဖွဲ့မှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းအသေးစိတ်ကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇မှ ပုဒ်မ ၈၁ပါ ပြဋ္ဌာန်းချက်တွင်လည်းကောင်း၊ နည်းဥပဒေ ၈၈မှ ၁၀၃အထိပါ ပြဋ္ဌာန်းချက်တွင်လည်းကောင်း သတ်မှတ်ဖော်ပြထားသည်။

## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၃၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်။

၃၉။ ပုဒ်မ ၅၇ မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာ

သုံးခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းတို့ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ ပုဒ်မ ၅၈ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် သော်လည်းကောင်း၊ ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး သို့မဟုတ် အလုပ်အကိုင်နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို သော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးကို သော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

၄၁။ ပုဒ်မ ၅၉ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်းအကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို သော်လည်းကောင်း ယင်းတို့ကိုပေးပို့ရာတွင် အသုံးပြုသော စာအိတ် သို့မဟုတ်

အထုပ်ကိုသော်လည်းကောင်း တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအားပေးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးများကို အခွင့်အာဏာမရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ည) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

၄၂။ ပုဒ်မ ၆ဂ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ကြောင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေး ကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ ပုဒ်မ ၆၁ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် (၅၀၀) အကွာအတွင်း၌ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မဲဆွယ်ခြင်း၊

(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊

(ဂ) ရွေးကောက်ပွဲ၌ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

**ရှင်းလင်းချက်။** ဤပုဒ်မပါကိစ္စအလို့ငှာ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ကြော်ငြာ၊ စာရွက်စာတမ်းစသည်တို့ ကပ်ထားခြင်းနှင့် ချိတ်ဆွဲထားခြင်းတို့ မပါဝင်။

၄၄။ ပုဒ်မ ၆၂ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ပြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရား ဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ မဲရုံမှကိုက်(၅၀၀)အတွင်း၌ ဖြစ်စေ အသံချဲ့စက်အစရှိသော အသံကိုကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ် ခြင်းအစရှိသော စည်းကမ်းမဲ့သည့်အပြုအမူကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ ပုဒ်မ ၆၃ မည်သူမဆို မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း၊ မဲရုံ၌ မဖွယ်မရာသော အမူကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏ တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏အခွင့်အာဏာရ မဲရုံအဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူက မဲရုံမှ ဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရှိဘဲ မဲရုံသို့ ပြန်ဝင်လာကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားတစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၆။ ပုဒ်မ ၆၄ မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်း ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၆၅ ဤအခန်းပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

(ခ) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူ ဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲ မကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်သော်လည်းကောင်း၊

ရွေးကောက်ပွဲကျင်းပသောနေ့ရက်မှ (၁၅)ရက်အတွင်းသော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်သည်။

# အပိုင်း(၅)

## တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(၁)အရ သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ရပိုင်ခွင့်ရှိသည်။

၂။ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်သည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

### ချီးမြှင့်ငွေ

၃။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့သည် လစဉ်ချီးမြှင့်ငွေကျပ် သိန်းသုံးဆယ် ခံစားခွင့်ရှိသည်။ (ပုဒ်မ ၃)

၄။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများသည် လစဉ်ချီးမြှင့်ငွေ ကျပ်သိန်းနှစ်ဆယ် ခံစားခွင့်ရှိသည်။ [ပုဒ်မ ၄(ခ) (ဂ) (ဃ)]

၅။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ခန့်ထားခြင်းခံရသော တပ်မတော်သား ပဲခူးတိုင်း ဒေသကြီးဝန်ကြီးသည် ပုဒ်မ ၄(ဂ)ပါ မိမိနှင့် သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သား အဖြစ် ခံစားခွင့်ရှိသော လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကို သာ ခံစားခွင့်ရှိသည်။ (ပုဒ်မ ၇)

၆။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီး များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်းအငြိမ်း စားလစာ ကိုပါ ခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိသူများသည် ဤကာလအတွင်း အဆိုပါ နိုင်ငံရေးပင်စင်ကို ခံစားခွင့် မရှိစေရ။ (ပုဒ်မ ၈)

### တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ်

၇။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင်တည်းခိုနေထိုင်စရိတ် ၅၀၀၀၀/– ကို ခံစားခွင့်ရှိသည်။ (ပုဒ်မ ၉)

၈။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ရသည့် ကိစ္စ ဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာလျှင် တည်းခိုနေထိုင် စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေးကျင်းပရာ အရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ်ခံစားခွင့်မရှိစေရ။ (ပုဒ်မ ၁၀)

**စားသောက်စရိတ်**

၉။ တိုင်းဒေသကြီးအဆင့်ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်ကျင်းပလျှင် ကျပ်-၅၀၀၀ိ/- ခံစားခွင့်ရှိသည်။ (ပုဒ်မ ၁၁)

၁၀။ အစည်းအဝေးတက်ရောက်ရသည့် ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလ တာဝန်အတွက်သာ စားသောက်စရိတ် ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၁၁။ တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်အရ ခရီးသွားလာရာတွင် -

(က) ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် နှုန်းများအတိုင်း ခရီးစရိတ်ခံစားခွင့်ရှိသည်။

(ခ) အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာနေရာသို့ သွားလာရခြင်းအတွက်ကိုမူ တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ၉ပါ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။ (ပုဒ်မ ၁၃)

**အဆောင်အယောင်**

၁၂။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည်-

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူနှစ်ဦး၊

(ဈ) ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အခမဲ့ခံစားခွင့်၊

(ည) မော်တော်ယာဉ်လေးစီး၊

(ဋ) ယာဉ်မောင်းလေးဦး၊

(ဌ) မော်တော်ယာဉ်လေးစီးအတွက် တစ်စီးလျှင်စက်သုံးဆီတစ်လဂါလန် ၆၀နှုန်း၊

(ဍ) မော်တော်ယာဉ်လေးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။ (ပုဒ်မ ၁၄)

၁၃။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည် -

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူနှစ်ဦး၊

(ဈ) ဥယျာဉ်လုပ်သားနှစ်ဦး၊

(ည) မော်တော်ယာဉ်သုံးစီး၊

(ဋ) ယာဉ်မောင်းသုံးဦး၊

(ဌ) မော်တော်ယာဉ်သုံးစီးအတွက် တစ်စီးလျှင်စက်သုံးဆီတစ်လဂါလန် ဖ၀နှုန်း၊

(ဍ) မော်တော်ယာဉ်သုံးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။ (ပုဒ်မ ၁၅)

၁၄။ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည် –

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်။ အစိုးရနေအိမ် စီစဉ်ပေးနိုင်ခြင်းမရှိသေးပါက သင့်လျော်သည့် ငှားရမ်းခ ရခွင့်ရှိသည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူတစ်ဦး

(ဈ) ဥယျာဉ်လုပ်သားတစ်ဦး၊

(ည) မော်တော်ယာဉ်နှစ်စီး၊

(ဋ) ယာဉ်မောင်းနှစ်ဦး၊

(ဌ) မော်တော်ယာဉ်နှစ်စီးအတွက် တစ်စီးလျှင်စက်သုံးဆီတစ်လ ဂါလန် ဖ၀နှုန်း၊

(ဍ) မော်တော်ယာဉ်နှစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ။ (ပုဒ်မ ၁၆)

**လစာချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကိုစတင်ခံစားခြင်း**

၁၅။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သက်ဆိုင်ရာသဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့်ချိန်မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။ (ပုဒ်မ ၁၉)

၁၆။ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများသည် တိုင်းဒေသကြီး လွှတ်တော်သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့်နေ့မှစ၍ ဥပဒေပါ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။ (ပုဒ်မ ၁၉)

၁၇။ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။ (ပုဒ်မ ၂၀)

၁၈။ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ခန့်အပ်ခြင်းခံရသော တပ်မ တော်သား တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များသည် တပ်မတော်သား ဖြစ်ပြီး တပ်မတော်မှ လစာ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို ရွေးချယ်ခံစားပါက ယင်းလစာ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။ (ပုဒ်မ ၂၁)

**ပင်စင်ခံစားခြင်း**

၁၉။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ဝန်ကြီးများအပါအဝင် တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များသည် –

(က) သက်တမ်းကာလအပြည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသည့် လစဉ် ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲ တည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ် ရာထူးအတွက် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်လျှင်ဖြစ်စေ၊ ယင်း တာဝန်ထမ်းဆောင်သည့်ကာလအတွက် မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာလမပြည့်မီ ကွယ်လွန်ပါက ယင်းတို့ရရှိသည့်လစဉ်ချီးမြှင့်ငွေကို အခြေခံ ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစု နိုင်ငံရေး ပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင်တစ်ရပ်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။ (ပုဒ်မ ၂၁)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ**

**ချီးမြှင့်ငွေ**

၂၀။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၆/၂၀၁၁ဖြစ်သော ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်

များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ခံစားခွင့်သည် ယင်းဥပဒေနှင့်အညီဖြစ်သည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့်ငွေကျပ်နှစ်သိန်း ခံစားခွင့်ရှိသည်။ [ယင်းဥပဒေပုဒ်မ ၃(ခ)]

(ခ) ၂၀၁၅ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ လစဉ်ချီးမြှင့်ငွေကို ကျပ်နှစ်သိန်းအစား ကျပ်ငါးသိန်း ခံစားခွင့် ရှိမည်ဖြစ်သည်။ (၂၀၁၅ ပြင်ဆင်ချက် ပုဒ်မ ၃)

၂၂။ တပ်မတော်သားဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ်ခံစားခွင့်ရှိသည့် လစာတို့အနက်မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။ (ယင်းဥပဒေပုဒ်မ ၄)

၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေခံစားနေစဉ်အတွင်း နိုင်ငံဝန်ထမ်းအငြိမ်းစား လစာကိုပါခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိထားသူများသည် ဤကာလအတွင်း အဆိုပါနိုင်ငံရေး ပင်စင်ကိုခံစားခွင့်မရှိစေရ။ (ယင်းဥပဒေပုဒ်မ ၅)

**စရိတ်**

**တည်းခိုနေထိုင်စရိတ်နှင့်အခြားအသုံးစရိတ်**

၂၄။ (က) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော ရေးရာကော်မတီနှင့် အဖွဲ့များ၏ အဖွဲ့ဝင်များသည် တာဝန်အရခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်၂၀၀၀နှင့် အခြားအသုံးစရိတ်ကျပ် ၃၀၀၀ ခံစားခွင့်ရှိသည်။ (ယင်းဥပဒေပုဒ်မ ၆)

(ခ) ၂၀၁၅ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ တည်းခိုနေထိုင်စရိတ် ကျပ် ၂၀၀၀အစား ကျပ် ၅၀၀၀နှင့် အခြားအသုံးစရိတ် ကျပ် ၃၀၀၀အစား ကျပ်၅၀၀၀ ခံစားခွင့်ရရှိမည်ဖြစ်သည်။ (ပြင်ဆင်ချက် ဥပဒေပုဒ်မ ၄)

၂၅။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရေးရာကော်မတီဝင်များသည် အစည်းအဝေး တက်ရောက်ရသည့် ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ်ခံစားခွင့်ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေးကျင်းပရာ အရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ်ခံစားခွင့်မရှိစေရ။ (ယင်းဥပဒေပုဒ်မ ၇)

**စားသောက်စရိတ်**

၂၆။ (က) လွှတ်တော်ကိုယ်စားလှယ်များနှင့် ရေးရာကော်မတီဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ်၅၀၀၀ခံစားခွင့် ရှိသည်။

အစည်းအဝေး တက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေး ကျင်းပသည့် သတ်မှတ်ကာအတွက်သာ စားသောက်စရိတ် ခံစားခွင့်ရှိသည်။(ယင်းဥပဒေပုဒ်မ ၈၊၉)

(ခ) ၂၀၁၅ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ စားသောက်စရိတ်ကို ကျပ် ၅၀၀၀ အစား ကျပ် ၁၀၀၀၀ ခံစားခွင့်ရှိမည်ဖြစ်သည်။ (ပြင်ဆင်ချက် ဥပဒေပုဒ်မ ၅)

**ခရီးစရိတ်**

၂၇။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရေးရာကော်မတီဝင်များသည်တာဝန်အရခရီးသွားလာရာတွင်–

(က) ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် နှုန်းများအတိုင်း ခရီး စရိတ်ခံစားခွင့်ရှိသည်။ (ယင်းဥပဒေပုဒ်မ ၁၀)

(ခ) အစည်းအဝေး ကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပ နေရာသို့ သွားလာရခြင်းအတွက်ကိုမူ ယင်းဥပဒေပုဒ်မ ၆ ပြင်ဆင်ချက်ပုဒ်မ ၄ ပါ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။

**နိုင်ငံရေးပင်စင်ခံစားခွင့်**

၂၈။ လွှတ်တော်ကိုယ်စားလှယ်များသည် –

(က) သက်တမ်းကာလအပြည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသော လစဉ် ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲ တည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကိုခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင်ဖြစ်စေ သက်တမ်းတစ်ခုတွင် လစ်လပ် သောနေရာအတွက် တာဝန်ပေးအပ်ခြင်းခံရလျှင် တာဝန်ထမ်းဆောင်ရသော ကာလ အတွက်ရရှိသော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ တစ်လုံးတစ်ခဲတည်း နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းမပြည့်မီ ကွယ်လွန်ပါက ယင်းတာဝန်ထမ်းဆောင်သည့် ကာလတွင်ရရှိသော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံး တစ်ခဲတည်းသော မိသားစုနိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင် တစ်ရပ်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိ နှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။ (ယင်းဥပဒေပုဒ်မ ၁၃)

**လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ဆောင်ရွက်ခြင်း**

၂၉။ တိုင်းဒေသကြီးလွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံး များကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။ (လွှတ်တော်ဥပဒေပုဒ်မ ၈၁)

၃၀။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်း ဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ ဖွင့်လှစ်နိုင်သည်။ (လွှတ်တော် ဥပဒေပုဒ်မ ၈၂)

၃၁။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့်နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကိုရေးဆွဲပြုစုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။ (လွှတ်တော် ဥပဒေပုဒ်မ ၈၀)

၃၂။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည့်လျောက် နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးမှန်းခြေငွေစာရင်းတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံ ပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့် အညီသုံးစွဲရမည်။ (လွှတ်တော် ဥပဒေပုဒ်မ ၈၄၊ နည်းဥပဒေ ၁၆၇)

# အပိုင်း(၆)

## အခန်း(၁)

## လွှတ်တော်ရုံးဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးလက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရုံးများ၏ ဖွဲ့စည်းပုံသစ်အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးကို အရာထမ်း ဝန်ထမ်း(၁၈)ဦး၊ အမှုထမ်းဝန်ထမ်း (၁၀၆) ဦး၊ စုစုပေါင်း(၁၂၄)ဦးဖြင့် ဖွဲ့စည်းထားရှိရာ လက်ရှိတွင် အရာထမ်းဝန်ထမ်း(၁၂)ဦး၊ အမှုထမ်းဝန်ထမ်း(၆၂)ဦး၊ စုစုပေါင်း(၇၄)ဦး ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးဖြစ်သော ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစီးသည့် အရာထမ်းဝန်ထမ်း(၁၂)ဦး၊ အမှုထမ်းဝန်ထမ်း (၆၂)ဦး၊ စုစုပေါင်း (၇၄)ဦးဖြင့် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးဖြစ်သော ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ရုံး၏ ဝန်ထမ်းရေးရာ ကိစ္စအဝဝကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးဖြစ်သော ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအဝဝကို အနီးကပ်ကြီးကြပ် ကွပ်ကဲပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနခွဲ(၄)ခု၊ ဌာနစု(၁၀)ခုဖြင့် ဖွဲ့စည်းထားရှိပါသည်။

## အခန်း(၂)

## လွှတ်တော်ရုံးအဖွဲ့အုပ်ချုပ်ရေးလုပ်ငန်းများ

၄။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးအဖွဲ့ ဝန်ထမ်းများ၏ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှု အဝဝကို လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ အနီးကပ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်းတို့ကို ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌထံတင်ပြပြီး လွှတ်တော်ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ **ဒုတိယညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များ**

(က) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်း၊

(ခ) လွှတ်တော်ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ရုံးစီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းရေးရာကိစ္စများဖြစ်သော ဝန်ထမ်းခန့်ထားခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း၊ ချီးမြှင့်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ သဘောထားနှင့် အကြံပြုချက်တို့ကိုရယူပြီး ပြည်ထောင်စုလွှတ်တော်ရုံးထံ တင်ပြဆောင်ရွက်ခြင်း၊

၆။ **ညွှန်ကြားရေးမှူး၏ လုပ်ငန်းတာဝန်များ**

(က) ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တာဝန်ခံ၍ ရုံးလုပ်ငန်းများကိုကြီးကြပ် ကွပ်ကဲခြင်း၊

(ခ) ဒုတိယညွှန်ကြားရေးမှူး(၂)ဦး တာဝန်ယူလျက်ရှိသော ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လွှတ်တော်ရုံးလုပ်ငန်းနှင့် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

၇။ **ဒုတိယညွှန်ကြားရေးမှူး (ဌာနခွဲ ၁၊ ၂)၏ လုပ်ငန်းတာဝန်များ**

(က) ညွှန်ကြားရေးမှူးကိုတာဝန်ခံ၍ လက်ထောက်ညွှန်ကြားရေးမှူး(၂)ဦး တာဝန်ယူလျက်ရှိသော ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဌာနခွဲ ၁၊ ၂ ရှိ ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ဌာနခွဲ ၁၊ ၂ ရှိ လွှတ်တော်ရုံးလုပ်ငန်းနှင့် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

၈။ **ဒုတိယညွှန်ကြားရေးမှူး(ဌာနခွဲ ၃၊ ၄)၏ လုပ်ငန်းတာဝန်များ**

(က) ညွှန်ကြားရေးမှူးကိုတာဝန်ခံ၍ လက်ထောက်ညွှန်ကြားရေးမှူး(၂)ဦး တာဝန်ယူလျက်ရှိသော ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဌာနခွဲ ၃၊ ၄ ရှိ ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ဌာနခွဲ ၃၊ ၄ ရှိ လွှတ်တော်ရုံးလုပ်ငန်းနှင့် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲခြင်း။

၉။ **လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၁)၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးဖိတ်ကြားခြင်း၊

(ခ) ပုံမှန်အစည်းအဝေးများ၊

(ဂ) အထူးအစည်းအဝေးများ၊

(ဃ) အရေးပေါ်အစည်းအဝေးများ၊

(င) တံခါးပိတ်အစည်းအဝေးများ

(စ) အစည်းအဝေးအစီအစဉ်၊

(ဆ) သဘာပတိတင်မြှောက်ခြင်း၊

(ဇ) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း၊

(ဈ) ဆန္ဒမဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊

(ည) အစည်းအဝေးမှတ်တမ်းဆိုင်ရာကိစ္စရပ်များ၊

(ဋ) ရေးရာကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဌ) ရေးရာကော်မတီများ၏ ရုံးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဉ) ရေးရာကော်မတီအလိုက် ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ကိုယ်စားလှယ်များစိစစ်ရေးကိစ္စရပ်များ၊

(ဏ) တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များ၊

(တ) အစိုးရမဟုတ်သောအပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မှု ကိစ္စရပ်များ၊

(ထ) အစီရင်ခံစာကိစ္စရပ်များ၊

(ဒ) သတင်းနှင့်ပြန်ကြားရေးဌာန၏ လုပ်ငန်းတာဝန်များကိုကြီးကြပ်ကွပ်ကဲခြင်း၊

(ဓ) အထွေထွေကိစ္စရပ်များ။

၁၀။ **လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၂)၏ လုပ်ငန်းတာဝန်များ**

(က) ဒုတိယညွှန်ကြားရေးမှူးကို တာဝန်ခံ၍ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ခ) အထက်အဆင့်ဆင့် လွှတ်တော်များမှ ဥပဒေများနှင့်ပတ်သက်သည့် အမိန့်နှင့် ညွှန်ကြားချက်များနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ပေးပို့သည့် ဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(င) နည်းဥပဒေတင်သွင်းခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ပါ ဥပဒေပြုရေးကိစ္စရပ်များ၊

(ဆ) တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ ကွင်းဆင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊

(ဇ) တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေး မှတ်တမ်းများ၊

(ဈ) တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများ၊

(ည) ဥပဒေကြမ်းကော်မတီနှင့်အခြားကော်မတီများ၏ ပူးပေါင်းအစည်းအဝေးမှတ်တမ်းများ၊

(ဋ) နယ်နိမိတ်ပြင်ဆင်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဌ) အထွေထွေဆိုင်ရာကိစ္စရပ်များ၊

(ဍ) ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် နှင့်ပတ်သက်သော အဆို၊ မေးခွန်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်စိစစ်ရေး ကော်မတီနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ဎ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် မေးခွန်းမေးမြန်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဏ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် အဆိုတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(တ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် အဆို/ မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊

(ထ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ၏ အဆို၊ မေးခွန်း စိစစ်ရေးကိစ္စရပ်များ၊

( ဒ ) အစိုးရ၏အာမခံချက်များကတိများနှင့် တာဝန်ခံချက်စိစစ်ရေးကော်မတီနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊

( ဓ ) သီးခြားတာဝန်ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ **လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၃)၏ လုပ်ငန်းတာဝန်များ**

(က) နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊

(ခ) မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကိစ္စရပ်များ၊

(ဂ) အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးနှင့် လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) သတင်းမီဒီယာများနှင့် ဆက်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊

(င) ထူးခြားဖြစ်စဉ်များနှင့် အချိန်နှင့်တစ်ပြေးညီတင်ပြရမည့် ကိစ္စရပ်များ၊

(စ) ပြည်တွင်းပြည်ပခရီးသွားလာရေးကိစ္စရပ်များ၊

(ဆ) ကိုယ်စားလှယ်ရေးရာကိစ္စရပ်များ၊

(ဇ) ကိုယ်စားလှယ်များ၏ တိုင်ကြားခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဈ) ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(ည) ဝန်ထမ်းရေးရာကိစ္စရပ်များ၊

(ဋ) တိုင်ကြားစာနှင့်တင်ပြစာကိစ္စရပ်များ၊

၁၂။ **လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၄)၏ လုပ်ငန်းတာဝန်များ**

(က) ဘဏ္ဍာငွေစာရင်းဆိုင်ရာ ကိစ္စရပ်များ၊

( ခ ) လွှတ်တော်ကိုယ်စားလှယ်များ၏ လစာစရိတ်ချီးမြှင့်ငွေများ၊ နေ့တွက်စရိတ်များ ထုတ်ပေးခြင်း ကိစ္စရပ်များ

( ဂ ) အုပ်ချုပ်မှုဆိုင်ရာထောက်ပံ့မှုကိစ္စရပ်များ

(ဃ) အဆောက်အဦဆိုင်ရာကိစ္စရပ်များ၊

( င ) ပရိဘောဂဆိုင်ရာကိစ္စရပ်များ၊

(စ) ရုံးအသုံးအဆောင်၊ စာရေးကိရိယာများဝယ်ယူခြင်းနှင့် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဆ) မော်တော်ယာဉ်ဆိုင်ရာကိစ္စရပ်များ၊

( ဇ ) စက်သုံးဆီဆိုင်ရာကိစ္စရပ်များ၊

( ဈ ) ညွှန်ကြားချက်များ၊

(ည) စာကြည့်တိုက်ရှိစာအုပ်များအား မှတ်ပုံတင်သွင်းခြင်းနှင့် တိုက်ပိုင်အမှတ်များ ရေးသွင်းခြင်း၊

( ဋ ) စာကြည့်တိုက်ရှိစာအုပ်များကို ဌားရမ်းပါက မှတ်တမ်းထားရှိခြင်း၊ စာအုပ်များ မပျောက်ပျက်အောင်ထိန်းသိမ်းခြင်းနှင့်သေသပ်စွာထားရှိခြင်း၊

(ဌ) နေ့စဉ်ထုတ်သတင်းစာများကို သက်ဆိုင်ရာလူကြီးခန်းသို့ ပေးပို့ခြင်းနှင့် ကိုယ်စားလှယ်နားနေဆောင်သို့ပေးပို့ခြင်း၊

(ဍ) ဂျာနယ်များ၊ သတင်းများကို စုဆောင်း၍ လစဉ်အလိုက်မှတ်ပုံတင်ခြင်း/ တွဲခြင်း၊

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများကို ထိန်းသိမ်းထားရှိခြင်း၊

(ဏ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ထုတ်ဝေသော အစည်းအဝေးမှတ်တမ်းများကို ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များသို့ ဖြန့်ဝေခြင်း၊

(တ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ထုတ်ဝေသော အစည်းအဝေး မှတ်တမ်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဖြန့်ဝေခြင်း၊

(ထ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ထုတ်ဝေသော အစည်းအဝေး မှတ်တမ်းများကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေခြင်း၊

(ဒ) မှတ်တမ်းများထိန်းသိမ်းထားရှိခြင်း၊

(ဓ) သီးခြားပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

## အခန်း(၃)

## လွှတ်တော်ရုံးဝန်ထမ်းများနှင့် လွှတ်တော်ပုံမှန်အစည်းအဝေးများလုပ်ငန်းဆက်နွယ်ဆောင်ရွက်မှု

၁၃။ လွှတ်တော်၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းများတွင် ရုံးအဖွဲ့သည် အထောက်အကူပြု လုပ်ငန်းများဖြစ်သည့် မေးခွန်းများ၊ အဆိုများလက်ခံခြင်း၊ ရေးရာကော်မတီအစည်းအဝေးများ ကျင်းပရေး အတွက်စီစဉ်ပေးခြင်း၊ နေ့စဉ်တင်ပြမည့် အခမ်းအနားအစီအစဉ်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်အစည်းအဝေး ကာလအတွင်း အကြို/ အပို့ ပြုလုပ်ခြင်း၊ ဆေးခန်းဖွင့်လှစ်ပေးခြင်း၊ ဆက်သွယ်ရေးစခန်း ဖွင့်လှစ်ပေးခြင်း၊ လုံခြုံရေး စောင့်ရှောက်ခြင်း၊ တည်းခိုနေထိုင်ရေးစီစဉ်ပေးခြင်း၊ အုပ်ချုပ်မှုကိစ္စ အဝဝတို့ကို လွှတ်တော်ရုံးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ရမည်။

**အစည်းအဝေးကျင်းပခြင်းလုပ်ငန်း**

၁၄။ လွှတ်တော်ရုံးအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပရာတွင် ပုံမှန်အစည်းအဝေးများကို အစည်းအဝေးမစတင်မီ အနည်းဆုံး(၂၁)ရက်ကြိုတင်၍ လည်းကောင်း၊ အထူးအစည်းအဝေးခေါ်ယူရန်ရှိပါက အနည်းဆုံး(၁၅)ရက်ကြိုတင်၍လည်းကောင်း၊ အရေးပေါ် အစည်းအဝေး ခေါ်ယူရန်ရှိပါက အနည်းဆုံး(၃)ရက် ကြိုတင်၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ မဟုတ်သော တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ထံသို့ ယင်းဖိတ်ကြားလွှာများကို ပေးပို့ရမည်။

၁၅။ တိုင်းဒေသကြီးလွှတ်တော်ရုံးက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေး မစတင်မီ (၁၅)ရက်ကြိုတင်၍ အဆိုကိုလည်းကောင်း၊ (၁၀)ရက်ကြိုတင်၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလျှင် မေးခွန်း(၁၀)ခုထက်မပိုသော မေးခွန်းများကိုလည်းကောင်း တင်သွင်းမေးမြန်းနိုင်ကြောင်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီများအား တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တင်သွင်းနိုင်ရန်အတွက် စီဒီနှင့်တကွ အစီရင်ခံစာ ပြုစုတင်ပြရန် အကြောင်းကြားရမည်။

၁၆။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းလာသည့် အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနအလိုက် ခွဲခြားပြုစုပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသောအဆို၊ ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြ မေးခွန်းများအား ပြန်လည် ဖြေကြားနိုင်ရန် ကြိုတင်ညှိနှိုင်းပေးပို့ရမည်။

၁၇။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းလာသည့် အဆို၊ မေးခွန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးဌာနအလိုက် ရှင်းလင်းဖြေကြားချက်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများ၏ အစီရင်ခံစာများအား လွှတ်တော်အစည်းအဝေးတွင် တင်ပြနိုင်ရန်အတွက် အစီအစဉ်များကို ပိုင်းခြားရေးဆွဲ၍ အစီအစဉ်အသေးစိတ် လက်ကိုင်စာတမ်းများကို ပြုစုထားရမည်။

၁၈။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများမှ သိရှိဖြေကြားနိုင်ရန်နှင့် ဖြေကြားချက်များအား လွှတ်တော်အစည်းအဝေးကျင်းပမည့်နေ့မတိုင်မီ ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ စီဒီနှင့်တကွ ပြန်လည်ပေးပို့ရမည်။

၁၉။ တိုင်းဒေသကြီးလွှတ်တော်ရုံးအဖွဲ့သည် နေ့စဉ်အစည်းအဝေးအစီအစဉ် အသေးစိတ် လက်ကိုင်စာတမ်းများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့သည့်ဖြေကြားချက်များ၊ တိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီများမှပေးပို့သည့် အစီရင်ခံစာများနှင့် နေ့စဉ်အစည်းအဝေး ကောက်နုတ်ချက်များကို အစည်းအဝေး အစီအစဉ်နေ့အလိုက် စာတွဲများဖြင့်ပြုစု၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် သက်ဆိုင်ရာ အရာထမ်းများထံတင်ပြရမည်။

၂၀။ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးများကျင်းပပြီးစီးသည့်အခါ အစည်းအဝေး ကျင်းပစဉ် အသေးစိတ်အခြေအနေများကို အစည်းအဝေးမှတ်တမ်း စာအုပ်အဖြစ်ပြုစုပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် အခြားတိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် (၁၃)ခုသို့ ပေးပို့ဖြန့်ဝေရမည်။

# အပိုင်း(၇)

## တိုင်းဒေသကြီးလွှတ်တော်မှ ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများ

## ပုံမှန်အစည်းအဝေးကျင်းပရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ

### အခမ်းအနားအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) လွှတ်တော်ရုံးသည် ပုံမှန်အစည်းအဝေးမတိုင်မီ ရက်သတ္တပတ်(၁)ပတ်က ကြိုတင်ရေးဆွဲထားသော လျာထားချက်ကိုအခြေခံ၍ နေ့စဉ်အခမ်းအနား အစီအစဉ်များကို ရေးဆွဲရမည်။

(ခ) ထိုသို့ရေးဆွဲရာတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြေကြားနိုင်ရေးကို ညှိနှိုင်းမေးမြန်း အခြေခံ၍ ရေးဆွဲရမည်။ ရေးဆွဲပြီးသော အခမ်းအနားအစီအစဉ် မူကြမ်းကို ဥက္ကဋ္ဌမှ အတည်ပြုနိုင်ရေး တင်ပြ ရမည်။

(ဂ) ဥက္ကဋ္ဌမှ အတည်ပြုပြီးသော အခမ်းအနား အစီအစဉ်(မူကြမ်း)ကို မည်သို့သော အကြောင်းပြချက်နှင့်မှ ပြင်ဆင်ခြင်းမပြုပါ။

(ဃ) အခမ်းအနားအစီအစဉ်တွင် ပါဝင်သော်လည်း သက်ဆိုင်ရာဝန်ကြီးမှ တက်ရောက် ဖြေကြားနိုင်ခြင်း မရှိပါက ကိုယ်စားဖြေကြားနိုင်ရေး ဆောင်ရွက်ရမည်။

(င) အစီအစဉ်တွင် ပါဝင်သော်လည်း သက်ဆိုင်ရာကိုယ်စားလှယ်မှ တက်ရောက် နိုင်ခြင်းမရှိပါက ကိုယ်စားမေးမြန်းခြင်း သို့မဟုတ် ကြယ်ပွင့်မပြမေးခွန်း အဖြစ်ပြောင်းလဲခြင်း စသည်ဖြင့် လိုအပ်သလို ဆောင်ရွက်ရမည်။

### ဆက်စပ်မေးခွန်း မေးမြန်းခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသည့်အဖြေများ မရှင်းလင်းပါက ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅(ဃ)အရ ဆက်စပ် မေးခွန်း မေးမြန်းနိုင်သည်။

(ခ) ဆက်စပ်မေးခွန်းကို တစ်ကြိမ်သာ မေးမြန်းခွင့်ပြုသည်။

(ဂ) ဆက်စပ်မေးခွန်းမေးမြန်းသော အကြောင်းအရာသည် မူလဖြေကြားချက်တွင် ရှင်းလင်းမှုမရှိသည့် အတွက်ကြောင့်သာဖြစ်ပြီး အကြောင်းအရာအသစ်အတွက် မေးမြန်းခြင်း၊ ဖိအားပေးသည့် သဘော သက်ရောက်စေသည့် မေးမြန်းခြင်းများ မပြုရ။

(ဃ) အခမ်းအနားအစီအစဉ်တွင် ပါဝင်ခြင်းမရှိဘဲ တင်ပြဆွေးနွေးရန်ရှိပါက ဥက္ကဋ္ဌထံ တင်ပြပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိမှသာ ဆွေးနွေးနိုင်သည်။ ခွင့်ပြုချက်မရရှိဘဲ ဆွေးနွေးသည့် ဆွေးနွေးချက်များအား လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်း ဖော်ပြခြင်း ပြုမည်မဟုတ်ပါ။

## Power Point ဖြင့် ရှင်းလင်းတင်ပြခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) Power Pointဖြင့် ရှင်းလင်းတင်ပြလိုသော မှတ်တမ်းဓာတ်ပုံများကို အစည်းအဝေး မတိုင်မီ (၁)ရက်ကြိုတင်၍ လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

(ခ) အဆိုပါမှတ်တမ်းဓာတ်ပုံများသည် အစည်းအဝေးခန်းမအတွင်း၌ ပြသရန် မသင့်လျော်သော မှတ်တမ်းဓာတ်ပုံများ မဖြစ်စေရ။

(ဂ) ဗီဒီယို မှတ်တမ်းဖိုင်ဖြင့် တင်ပြခြင်းခွင့်မပြု။

(ဃ) မှတ်တမ်းဓာတ်ပုံများ စိစစ်အတည်ပြုမှု တင်ပြခွင့်ပြုမှုတို့သည် သတင်းနှင့်ပြန်ကြားရေး ကော်မတီ၏ သတ်မှတ်ချက် အတိုင်းအတည်ဖြစ်သည်။

## အစည်းအဝေးတက်ရောက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) သတ်မှတ်ထားသည့် ဝတ်စုံအတိုင်း ဝတ်ဆင်၍ အစည်းအဝေးသို့ တက်ရောက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)နှင့် အညီခွင့်တိုင်ကြားရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နံနက်ပိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်း၌ အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော် အခွင့်အရေးဆိုင်ရာ ကော်မတီမှ တစ်ဆင့် အချိန်မီ ခွင့်တိုင်ကြားရမည်။

(ဃ) အစည်းအဝေးကျင်းပနေစဉ်အတွင်း စကားပြောခြင်း၊ လက်ကိုင်ဖုန်းများအသုံးပြုခြင်း၊ ဓာတ်ပုံရိုက်ခြင်းစသည်ဖြင့် မသင့်လျော်သောဆောင်ရွက်ချက်များခွင့်မပြု။

## လွှတ်တော် Calendar ရေးဆွဲခြင်း

(က) ယခင်ဘဏ္ဍာရေးနှစ်က ရေးဆွဲခဲ့သည့် လွှတ်တော် Calendarကို အခြေခံ၍ ဘဏ္ဍာရေးနှစ် အသစ်မတိုင်မီ တစ်လခန့်မှကြိုတင်၍ လွှတ်တော်Calendarမူကြမ်းကို လွှတ်တော်ရုံးမှ ရေးဆွဲပြုစုရမည်။ လွှတ်တော် Calendar ကို တစ်လချင်းစီအတွက် လျာထားချက်အပြည့်အစုံ ဖော်ပြထားရှိပြီး အောက်ပါအချက်အလက်များ မပျက်မကွက်ပါရှိရန်လိုသည် –

(၁) ပုံမှန်အစည်းအဝေးကျင်းပရန် လျာထားသည့်ရက်၊

(၂) ရုံးပိတ်သည့်ရက်၊

(၃) RE လျာထားချက်အား ပေးပို့ရန်လျာထားသည့်ရက်၊

(၄) RE လျာထားချက်အား အတည်ပြုရန်လျာထားသည့်ရက်၊

(၅) RE ဥပဒေကြမ်းပေးပို့ရန် လျာထားသည့်ရက်၊

(၆) RE ဥပဒေကြမ်းအတည်ပြုရန် လျာထားသည့်ရက်၊

(၇) BE လျာထားချက်အား ပေးပို့ရန် လျာထားသည့်ရက် ၊

(၈) BE လျာထားချက်အား အတည်ပြုရန်လျာထားသည့်ရက်၊

(၉) BE ဥပဒေကြမ်းပေးပို့ရန် လျာထားသည့်ရက်၊

(၁၀) BE ဥပဒေကြမ်းအတည်ပြုရန် လျာထားသည့်ရက်၊

(၁၁) လွှတ်တော်နှစ်ပတ်လည် ကျင်းပသည့်ရက်၊

(၁၂) အစိုးရနှင့်လွှတ်တော် ညှိနှိုင်းအစည်းအဝေးကျင်းပရန် လျာထားသည့်ရက်၊

(၁၃) အရေးပေါ်အစည်းအဝေး၊ အထူးအစည်းအဝေး၊ ရေးရာကော်မတီအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကြားနာခြင်းအခမ်းအနား ကျင်းပနိုင်သည့်ရက်များ။

(ခ) လွှတ်တော် Calendar မူကြမ်းကို လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ထံ အဆင့်ဆင့်တင်ပြ၍ ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူရမည်။ ဥက္ကဋ္ဌ၏ အတည်ပြုချက်ရပြီးသော လွှတ်တော် Calendar ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးထံ ဖြန့်ဝေ၍ ရက်ပေါင်း (၃၀)အတွင်း အကြံပြုချက် ပေးပို့လိုပါက ပေးပို့နိုင်ရန် ဖိတ်ကြားရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပြုချက်ရရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။ လွှတ်တော် Calendar ရေးဆွဲခြင်းနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်ကို လက်ခံစဉ်းစားမည်ဖြစ်သော်လည်း အတည်ပြုချက်သည် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်အတိုင်းဖြစ်သည်။

(ဃ) လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်မှုသည် လွှတ်တော် Calendar ပါ သတ်မှတ်ချက်များအတိုင်း အနီးစပ်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**ရေးရာကော်မတီများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

**လွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းခြင်း**

(က) လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းရာတွင် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေ ၆၂(က)(ခ)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီသည် လွှတ်တော်တွင်ဖွဲ့စည်းရန် လျာထားသောကော်မတီ များအလိုက် ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးများ ရွေးချယ်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။

(ဂ) လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်းတို့ကို လွှတ်တော်ဥက္ကဋ္ဌက လျာထားသတ်မှတ်သူများဖြင့် ဖွဲ့စည်း၍ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

**ရေးရာကော်မတီအစည်းအဝေးကျင်းပခြင်း**

(က) ရေးရာကော်မတီအစည်းအဝေး ကျင်းပရန်အတွက် ခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌထံ (၃)ရက် ကြိုတင် တင်ပြရမည်။ ထိုသို့တင်ပြရာတွင် အစည်းအဝေးကျင်းပမည့် အကြောင်းအရာ၊ အစည်းအဝေးကျင်းပမည့်နေ့ရက်၊ အစည်းအဝေးတွင် ဖိတ်ကြား လိုသူများစသည်ဖြင့် တစ်ပါတည်း ထည့်သွင်းဖော်ပြ၍ ကော်မတီဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြရမည်။

(ခ) အစည်းအဝေးပြီးဆုံးပါက အစည်းအဝေးဆုံးဖြတ်ချက်ကို ကော်မတီ၏ သဘောတူညီချက်ဖြင့် အတည်ပြု၍ လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြရမည်။

**ရေးရာကော်မတီအလိုက်ကွင်းဆင်းဆောင်ရွက်ခြင်း**

(က) ကွင်းဆင်းဆောင်ရွက်ရန် အကြောင်းကိစ္စရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ (၃)ရက် ကြိုတင်၍ တင်ပြရမည်။ ထိုသို့တင်ပြရာတွင် ကွင်းဆင်းဆောင်ရွက်မည့်အကြောင်းအရာ၊ ကွင်းဆင်းမည့်

နေရာဒေသများ၊ ကွင်းဆင်းမည့်နေ့ရက်၊ ကွင်းဆင်းဆောင်ရွက်ရာတွင် လိုက်ပါမည့်ပုဂ္ဂိုလ်များ၊ ကွင်းဆင်းဆောင်ရွက်ရာတွင် ဖိတ်ကြားရမည့်ပုဂ္ဂိုလ်များ စသည်ဖြင့် တစ်ပါတည်း ထည့်သွင်းဖော်ပြ၍ ကော်မတီဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြရမည်။

(ခ) ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းစဉ် ပြီးဆုံးပါက ကွင်းဆင်းဆောင်ရွက်ချက် အစီရင်ခံစာကို ကော်မတီ၏ အတည်ပြုချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌထံပြန်လည် တင်ပြရမည်။

**ရေးရာကော်မတီအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းများ**

(က) လွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပသည့်အချိန်တိုင်းတွင် ရေးရာကော်မတီအလိုက် အစီရင်ခံစာများ တင်သွင်းရန်လိုအပ်သည်။ ကော်မတီအစီရင်ခံစာ ပြုစုရာတွင်အောက်ပါ အချက်များပါရှိရန် လိုအပ်သည် -

(၁) နိဒါန်း၊

(၂) ရည်ရွယ်ချက်၊

(၃) အစီရင်ခံသည့် ကာလအတွင်းဆောင်ရွက်ချက်၊

(၄) အစီရင်ခံသည့် ကာလအတွင်းတွေ့ရှိချက်၊

(၅) အကြံပြုချက်များ၊

(၆) နိဂုံး။

(ခ) အစီရင်ခံစာရေးသားရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် မလျော်ညီသော စကားလုံး ဝေါဟာရများမပါရှိရေး သတိပြုရမည်။ အကြံပြုချက်များဖော်ပြရာတွင်ညွှန်ကြားခြင်းသဘော မသက်ရောက်ဘဲ အကြံပြုခြင်းသဘော သက်ရောက်သည့် စကားလုံးများ သုံးစွဲရန် လိုအပ်သည်။

(ဂ) အစီရင်ခံစာတွင်ဖော်ပြသော အကြောင်းအရာများသည် အဓိပ္ပါယ်ရောထွေးခြင်း၊ အကြောင်းအရာများထပ်ခြင်း စသည့်အားနည်းချက်များမပါရှိဘဲ ရှင်းလင်း၍တိကျသော ဖော်ပြချက်များဖြစ်ရန် လိုအပ်သည်။

(ဃ) ရေးရာကော်မတီအစီရင်ခံစာအပေါ် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးရာတွင် ကန့်ကွက်ခြင်း၊ ပြင်ဆင်ရန်အဆိုပြုခြင်း စသည်တို့ကို ဆောင်ရွက်ခွင့်မရှိဘဲ အကြံပြုဆွေးနွေးခြင်းသာ ဆောင်ရွက်နိုင်သည်။

## သတင်းပေးပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

(က) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်ပြင်ပ နယ်မြေကွင်းဆင်း ဆောင်ရွက်ခြင်းကို Bago Region Hluttaw Website နှင့် Bago Region Hluttaw Facebook Page တို့မှ တစ်ဆင့် သတင်းပြန်ကြားနိုင်သည်။

(ခ) သတင်းပြန်ကြားပေးနိုင်ရန်အတွက် မိမိဆောင်ရွက်ချက်ကို "ဘ" (ဖ)လုံးဖြင့် ရေးသား၍ လွှတ်တော်ရုံးသို့ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဓာတ်ပုံမှတ်တမ်းနှင့်တကွ ပေးပို့ရမည်။

(ဂ) လွှတ်တော်ရုံးသတင်းပြန်ကြားရေးအဖွဲ့မှ သတင်းအား လိုအပ်သလို စိစစ်တည်းဖြတ်၍ သတင်းပြန်ကြားမည်ဖြစ်သည်။

(ဃ) သတင်းတည်းဖြတ်ခြင်းအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး သတင်းပြန်ကြားရေး ကော်မတီဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်များ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်များကို သတ်မှတ်ထားသော ပုံစံအတိုင်း ပြုစုထားရမည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်မှတ်တမ်း (၃)စုံကို လွှတ်တော်ရုံး၏ ရေးရာကော်မတီများဌာနတွင်ထားရှိရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်များအား မိတ္တူကူးယူရန်တောင်းခံခြင်း၊ ကြည့်ရှုရန်တောင်းခံခြင်းများအား မည်သည့်ဌာန၊ ပုဂ္ဂိုလ်မဆို လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်တောင်းခံရမည်။

(ဂ) ကိုယ်ရေးရာဇဝင်တွင်ရေးသွင်းထားသည့် အချက်အလက်များပြောင်းလဲမှုရှိပါက လွှတ်တော်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြား၍ပြင်ဆင်နိုင်ရေး ဆောင်ရွက်ရမည်။

## လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုသတ်မှတ်ထားသောပုံစံဖြင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြုလုပ်ရမည်။

(ခ) စိစစ်ရေးကတ်တွင် အသိအမှတ်ပြုလက်မှတ်အား ဒုတိယဥက္ကဋ္ဌမှ လက်မှတ်ရေးထိုး အတည်ပြုမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီတင်ပြရမည်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သဘောတူညီချက်ရရှိမှသာ လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ် ထပ်မံထုတ်ပေးမည်ဖြစ်သည်။

## လွှတ်တော်ယာဉ်ဝင်ခွင့်ကတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) လွှတ်တော်ယာဉ်ဝင်ခွင့်ကတ် ထုတ်ပေးရန်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်မှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌထံ တင်ပြလျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် ယာဉ်နံပါတ်၊ ယာဉ်အမျိုးအစား၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံ လက်မှတ်မိတ္တူ၊ နောက်ဆုံးမော်တော်ယာဉ် သက်တမ်းတိုးမည့်ရက်များ စသည်ဖြင့်ဖော်ပြ၍ လျှောက်ထားရမည်။

(ခ) ကိုယ်တိုင်စီးနင်းသည့် မော်တော်ယာဉ်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် ယာဉ်ဝင်ခွင့်ကတ်တစ်စောင်သာ ထုတ်ပေးမည် ဖြစ်သည်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုသတ်မှတ်ထားသော ပုံစံဖြင့် လွှတ်တော်ယာဉ်ဝင်ခွင့်ကတ် ပြုလုပ်ရမည်။

(င) ယာဉ်ဝင်ခွင့်ကတ်တွင် အသိအမှတ်ပြုလက်မှတ်အား ဒုတိယဥက္ကဋ္ဌမှ လက်မှတ်ရေးထိုး အတည် ပြုမည်။

(စ) ယာဉ်ဝင်ခွင့်ကတ်ပျောက်ဆုံး/ပျက်စီးပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌထံ အချိန်နှင့် တစ်ပြေးညီတင်ပြရမည်။ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သဘောတူညီချက်ရရှိမှ ယာဉ်ဝင် ခွင့်ကတ် ထပ်မံထုတ်ပေးမည်ဖြစ်သည်။

(ဆ) မော်တော်ယာဉ်ပြောင်းလဲ၍ မော်တော်ယာဉ်ဝင်ခွင့်အသစ် ထုတ်ပေးရမည်ဆိုပါက ယာဉ်ဝင်ခွင့် ကတ်အဟောင်းအား ပြန်လည်အပ်နှံရမည်။

## လွှတ်တော်လုပ်ငန်းနှင့် ဆက်စပ်သော ကြားနာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## ကြားနာခြင်းဆောင်ရွက်နိုင်သည့်အကြောင်းခြင်းရာများ

(က) အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းက အဆုံးအဖြတ်ပေးရန် လွှတ်တော်သို့ တင်ပြချက်များ၊

(ခ) တည်ဆဲဥပဒေအရ မဆန့်ကျင်ပါက သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ဆုံးဖြတ်ပြီးသော ကိစ္စရပ်များအား မကျေနပ်၍ စိစစ်ပေးရန် လွှတ်တော်သို့ တင်ပြချက်များ၊

(ဂ) နစ်နာမှုရှိသော ပြည်သူများက ၎င်းတို့၏ နစ်နာမှုများကို လွှတ်တော်သို့ တင်ပြချက်များ၊ အသနားခံစာများ၊

(ဃ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က စိစစ်ပေးရန် လွှဲပြောင်းလာသော အမှုတွဲများအရ သက်ဆိုင်သူများအားကြားနာခြင်း၊

(င) သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်က တင်ပြသည့် ကိစ္စရပ်များအား ကြားနာခြင်း၊

(စ) ပြည်သူများနှင့်စပ်လျဉ်းသော ထူးခြားဖြစ်စဉ်များအား ကြားနာခြင်း။

## ကြားနာမည့်အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) ကြားနာရန်ရှိသည့်အခါ ဦးစွာအမှုတွဲဖွင့် ဆောင်ရွက်ခြင်း၊

(ခ) ကြားနာရန်ကိစ္စ ပေါ်ပေါက်လာသောအခါ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ရောက်ရှိလာသည့် တင်ပြချက်များအပေါ် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(က)၊ (ခ)ပါ သတ်မှတ် ထားသော နည်းလမ်းအရ အဖွဲ့များဖွဲ့စည်း ရမည်။ ဖွဲ့စည်းသည့်အမိန့်ကို ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင် အားလုံးသို့ ပေးပို့ရမည်။

(ဂ) ကြားနာရေးအဖွဲ့ကို အဖွဲ့ဝင် (၃)ဦးမှ (၅)ဦးဖြင့် ပါဝင်ဖွဲ့စည်းသတ်မှတ်ပေးရမည်။

(ဃ) ရေးရာကော်မတီ အလိုက် ကြားနာခြင်းဖြစ်ပါက ထပ်မံဖွဲ့စည်းရန် မလိုအပ်ပါ။

(င) ကြားနာရမည့်ကိစ္စရပ်အတွက် အဆုံးအဖြတ်ပြုနိုင်ရန် အဖွဲ့၏သဘောထား မှတ်ချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်အစီရင်ခံရမည်။

## ကြားနာရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ

(က) ကြားနာမည့်နေ့ရက်ကို အဖွဲ့ကသက်ဆိုင်သူများအား ကြိုတင်အသိပေးအကြောင်း ကြားရမည်။

(ခ) တာဝန်ရှိသူများနှင့် သိရှိနားလည်သည်ဟု ယူဆရသူပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ဆွေးနွေးချက်များကို မှတ်တမ်းတင်ခြင်းပြုရမည်။

(ဂ) ကြားနာရမည့်ကိစ္စကို အဖွဲ့ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခံရသည့် အဖွဲ့ဝင် တစ်ဦးက ဖြစ်စေ အကျဉ်းချုပ်ဖတ်ကြားရမည်။

(ဃ) သက်ဆိုင်သူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ကြားနာနိုင်သည်။

(င) ကြားနာမှုကိစ္စရပ်များကို ဆောလျင်စွာ ကြားနာပြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။

(စ) အဖွဲ့၏ကြားနာရေးကိစ္စနှင့် စပ်လျဉ်း၍ နေ့စဉ်ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ပြီး အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ဆ) ကြားနာရာတွင် ထွက်ဆိုချက်မှတ်တမ်းများ၌ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးရမည်။

(ဇ) အဖွဲ့၏ အစီရင်ခံစာကို လျှို့ဝှက်အဆင့် သတ်မှတ်ထားရှိရမည်။

## ဥပဒေများ အတည်ပြုပြဋ္ဌာန်းခြင်းနှင့်၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဖြည့်စွက် အတည်ပြု ပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်ခြင်း

(က) ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား၂ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းရန်ရှိသောဥပဒေများကို ခေတ်ကာလနှင့်အညီရေးဆွဲပြဋ္ဌာန်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(၁) ပထမဦးစွာရေးဆွဲမည့်ဥပဒေသည် ခေတ်ကာလအခြေအနေရ တိုင်းဒေသကြီးအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်ခြင်း ရှိ/မရှိနှင့် ပြည်သူများအတွက် ဥပဒေရှုထောင့်အရ အကာအကွယ်ဖြစ်၊ မဖြစ် စသည်ဖြင့် လေ့လာသုံးသပ်ရပါမည်။

(၂) ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသောကော်မတီက ဥပဒေမူကြမ်းတစ်ခုကို ရေးဆွဲပြီး ယင်းဥပဒေမူကြမ်းနှင့်သက်ဆိုင်သည့် ကော်မတီနှင့်ပူးပေါင်းကာ ဥပဒေပညာရှင်များ၊ လုပ်ငန်းကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများအား ဖိတ်ကြား၍ ဆွေးနွေးသုံးသပ်ရပါမည်။

(၃) ဥပဒေမူကြမ်းရေးဆွဲပြီးပါက ပြည်သူများနှင့် Stakeholder များအား ချပြရှင်းလင်း၍ အကြံပြုချက်များရယူသင့်ပါသည်။ သို့မှသာ လက်တွေ့နယ်ပယ်ဖြစ်သောပြည်သူ လူထုကြားတွင် ပြည်သူကိုအကျိုးပြုသော၊ ပြည်သူကို အကာအကွယ်ပြုသော၊ ပြည်သူလိုလားချက်များပါဝင်သော ဥပဒေမူကြမ်းကောင်းတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

(ခ) အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့် နည်းဥပဒေများအနက် ခေတ်ကာလနှင့် မလျော်ညီတော့သည့်ဥပဒေနှင့် နည်းဥပဒေအချို့အား ပြန်လည်ပြင်ဆင်၍ အတည်ပြု ပြဋ္ဌာန်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည် –

(၁) အဆိုပါဥပဒေများနှင့်နည်းဥပဒေများအား ပြင်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းပုဂ္ဂိုလ်အား ကိုယ်စားပြုသည့်ပုဂ္ဂိုလ် တစ်ဦးဦး

ကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကလည်းကောင်း ပြင်ဆင်ချက်အဆိုအား ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နည်းဥပဒေ၁၃၀၊ ၁၃၁ နှင့်အညီ လွှတ်တော်သို့တင်သွင်းနိုင်ပါသည်။

(၂) ပြင်ဆင်ချက်အဆိုပါ ပြင်ဆင်လိုသည့်အချက်များအား တိုင်းဒေသကြီးလွှတ်တော်ဘကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ယင်းပြင်ဆင်ချက်အဆိုနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့်ကိုယ်စားလှယ် အမည်စာရင်းအား ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ ဆွေးနွေးမည့်ကိုယ်စားလှယ်များမှ ဆွေးနွေးမည့်အကြောင်းအရာအပြည့်အစုံကို ရေးသားဖော်ပြ၍ သတ်မှတ်ချိန်အမီအမည်စာရင်း တင်သွင်းရမည်။ ၄င်းနောက် ဥပဒေကြမ်း ကော်မတီနှင့် အခြားသက်ဆိုင်ရာကော်မတီများ၊ ပြင်ဆင်ချက်အဆို တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြင်ဆင်ချက်အဆိုအပေါ် ဆွေးနွေးလိုကြောင်း အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်စိစစ်ပြီး ပြင်ဆင်လိုသည့် အချက်များအား ဥပဒေကြမ်းကော်မတီက လွှတ်တော်တွင်တင်သွင်း၍ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၂၇နှင့်အညီ လွှတ်တော်၏ အတည်ပြုချက်ရယူ၍ ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဥပဒေနှင့်နည်းဥပဒေအား ပြင်ဆင်ရမည်။

**အဆို၊ အမေးတင်သွင်းမေးမြန်းရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ**

(က) အဆို၊ မေးခွန်းများပေးပို့ရာတွင် Computer ဖြင့်စာစီ၍ ကိုယ်စားလှယ်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်။

(ခ) အဆို၊ မေးခွန်းများကို သတ်မှတ်ရက် အချိန်မီပေးပို့ရမည်။ သတ်မှတ်သည့်ရက်တွင်ရုံးချိန်ကျော်လွန် ရောက်ရှိသော အဆိုမေးခွန်းများကို ငြင်းပယ်မည်ဖြစ်သည်။

(ဂ) သက်ဆိုင်ရာ အဆို၊ မေးခွန်းများကို လွှတ်တော်တွင် တင်သွင်းမေးမြန်းခြင်း မတိုင်မီသတင်းဌာနများသို့ ပေါက်ကြားခြင်း၊ သတင်းဌာနများမှ ကြိုတင်ရေးသား ဖော်ပြခြင်းများ တွေ့ရှိရပက လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် တင်သွင်းမေးမြန်း ခွင့်မပြုဘဲ ကြယ်ပွင့်မပြမေးခွန်း အဖြစ်သာ မေးမြန်းခွင့်ပြုမည်။

(ဃ) တင်သွင်းသောအဆိုနှင့်ပတ်သက်၍ အကြောင်းအရာအပြည့်အစုံ ဖော်ပြရမည်။ တင်သွင်းသော အဆိုနှင့် ပတ်သက်၍ထောက်ခံ/ကန့်ကွက်လိုသော ကိုယ်စားလှယ်များ အနေဖြင့် အကြောင်း အရာ အချက်အလက် အပြည့်အစုံဖော်ပြ၍ ထောက်ခံ/ကန့်ကွက် နိုင်သည်။

(င) ကြယ်ပွင့်မပြမေးခွန်းများမေးမြန်းရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည့်စုံစွာ ဖော်ပြနိုင်ရေး အထောက်အကူဖြစ်စေရန် ကြယ်ပွင့်မပြမေးခွန်း၏ အကျိုးအကြောင်း ဖော်ပြချက်ကို ပြည့်စုံစွာ ဖော်ပြပေးရမည်။

(စ) ကြယ်ပွင့်မပြမေးခွန်း အရေအတွက်သည် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခွင့်ပြုသည့် အရေအတွက် အတိုင်းသာဖြစ်သည်။

**ကတိကဝတ်အဖြစ် မှတ်တမ်းတင်ခြင်း၊ ကတိကဝတ်အဖြစ်မှ ပယ်ဖျက်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများ**

(က) ကတိကဝတ်အဖြစ်မှတ်တမ်းတင်ခြင်းကို အောက်ပါအချက်များအပေါ် မူတည်၍ သတ်မှတ် ဆောင်ရွက်ပါသည် -

(၁) ရရှိသည့် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ၌ ပါဝင်ခြင်းမရှိသော လုပ်ငန်းများကို ပြည်ထောင်စုသို့ တင်ပြ၍ ဆောင်ရွက်ပါမည်ဟု ဖြေကြားသည့်အတွက် ကတိကဝတ် မှတ်တမ်းတင်ခြင်း၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှ ဖြေကြားရာတွင် ဆက်စပ် မေးခွန်း များအတွက် ပြည့်စုံသော အချက်အလက်များ ကြိုတင်ပြင်ဆင်ထားမှုမရှိ၍ ပြည့်စုံစွာ ဖြေကြားနိုင်မှုမရှိသောကြောင့် ကတိကဝတ်မှတ်တမ်းတင်ခြင်း၊

(၃) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်ကော်မတီ၏ ကတိကဝတ်သတ်မှတ် သင့်သည်ဟု ဆုံးဖြတ်ချက်ကြောင့် ကတိကဝတ်မှတ်တမ်းတင်ခြင်း၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ဖြေကြားရာတွင် ဆောင်ရွက်ပေးမည် သို့မဟုတ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဟု အထောက်အထားခိုင်လုံစွာဖြင့် ရှင်းလင်း ပြတ်သားစွာ ဖြေကြားနိုင်မှုမရှိ၍ ကတိကဝတ် မှတ်တမ်းတင်ခြင်း၊

(၅) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ အဆိုတင်သွင်းရာတွင် အဆိုပါ အဆိုအား အတည်ပြုပါက ကတိကဝတ်မှတ်တမ်းတင်ခြင်း၊

(၆) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှ မေးခွန်းများအားပြန်လည် ရှင်းလင်း ဖြေကြားရာတွင် သက်ဆိုင်ရာဘဏ္ဍာနှစ်အတိအကျဖြင့် ထည့်သွင်းလျာထား ဆောင်ရွက် ပေးမည်ဟု ဖြေကြားပါက ကတိကဝတ်အဖြစ်မှတ်တမ်းတင်ခြင်း၊

(၇) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှ မေးခွန်းများအား ပြန်လည်ရှင်းလင်း ဖြေကြားရာတွင် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်မူဝါဒရေးရာမေးခွန်းများ၊ လုံခြုံ ရေးဆိုင်ရာ မေးခွန်းများအား ဆောင်ရွက်ပေးမည်ဟု ပြန်လည်ဖြေကြားရာတွင် ကာလ ကန့်သတ်ချက်မရှိသော်လည်း ကတိကဝတ်အဖြစ် မှတ်တမ်းတင်ခြင်း၊

(၈) သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များမှ မေးခွန်းများအား ပြန်လည် ရှင်းလင်း ဖြေကြားရာတွင် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ(ဘတ်ဂျက်)တွင် ပါဝင်ခြင်း မရှိသော်လည်း ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးမည်ဟု ဖြေကြားပါက ကတိကဝတ်အဖြစ် မှတ်တမ်းတင်ခြင်း၊

(၉) ရေးရာကော်မတီအသီးသီး၏ ပုံမှန်အစည်းအဝေးများတွင် တင်သွင်းသည့် အစီရင်ခံ စာများတွင် ပါဝင်သည့် အကြံပြုချက်များအပေါ် သက်ဆိုင်ရာဝန်ကြီး ဌာနဝန်ကြီး များမှ ပြန်လည်ရှင်းလင်းဖြေကြားရာတွင် ဆောင်ရွက်ပေးမည်ဆိုသည့် အချက်များ အား ကတိကဝတ်အဖြစ် မှတ်တမ်းတင်ခြင်း။

**ကတိကဝတ်အဖြစ် မှတ်တမ်းတင်ထားရှိမှုအား ကတိကဝတ်မှတ်တမ်းမှ ပယ်ဖျက်ခြင်း**

(က) မှတ်တမ်းတင်ထားသည့် ကတိကဝတ်တစ်ချက်ချင်းစီအား ပြီးပြတ်ကြောင်း ဓါတ်ပုံမှတ်တမ်း အပါအဝင် အထောက်အထားခိုင်လုံစွာဖြင့် တိုင်းဒေသကြီးအစိုးရမှ ကြားနာခြင်း တစ်စိတ် တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းအခမ်း အနားတွင် တင်ပြလာပါက ကတိကဝတ် မှတ်တမ်းမှ ပယ်ဖျက်ခြင်း၊

(ခ) ကတိကဝတ်တစ်ချက်ချင်းစီအား ခိုင်လုံသောအကြောင်းပြချက်ဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိတော့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကြောင်းပြန်ကြားခြင်းကြောင့် ကတိကဝတ် မှတ်တမ်းမှ ပယ်ဖျက်ခြင်း၊

(ဂ) တိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်ကော်မတီမှ အခြေအနေနှင့်အချိန်အခါ ပေါ်မူတည်၍ ကတိကဝတ်မှတ်တမ်းမှ ပယ်ဖျက်သင့်သည်ဟု ဆုံးဖြတ်ချက်အပေါ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှ အတည်ပြုသဖြင့် ကတိကဝတ် မှတ်တမ်းမှ ပယ်ဖျက်ခြင်း၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မှ ၎င်းတို့၏ကတိကဝတ်နှင့် သက်ဆိုင်သည့်အဆို၊ မေးခွန်းများအားပြီးမြောက်ကြောင်း သို့မဟုတ် ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် မလိုအပ်တော့ပါဟု တင်ပြလာပါက ကတိကဝတ် မှတ်တမ်းမှ ပယ်ဖျက်ခြင်း၊

**ကတိကဝတ်မှတ်တမ်းများထားရှိခြင်း**

(က) တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး (ပုံမှန်/အထူး/အရေးပေါ်) အကြိမ်အလိုက် မှတ်ပုံတင်စာအုပ်ဖြင့် ကတိကဝတ်များကို မှတ်တမ်းတင်ထားရှိရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကတိကဝတ်မှတ်တမ်းတင်ထားရှိရန်၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လက်ကျန်ကတိကဝတ် မှတ်တမ်းတင်ထားရှိရန်၊

**ကတိကဝတ်များစိစစ်ခြင်း**

(က) ကတိကဝတ်တစ်ခုခြင်းအလိုက် အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြားစိစစ်ရန်၊

(ခ) ကတိကဝတ်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် တစ်နှစ်အချိန်ပေး ပြီးမြောက်ခြင်း ရှိ/မရှိ စိစစ်ရန်၊

(ဂ) တစ်နှစ်အတွင်း မပြီးပြတ်ပါက ဆက်လက်စောင့်ကြည့်ပြီး မေးခွန်းရှင်က ဒုတိယအကြိမ်နှိုးဆော်တင်ပြရန်၊

(ဃ) ကတိကဝတ်ဖြစ်မြောက်ရန်အတွက် မေးခွန်းမေးမြန်းသော သို့မဟုတ် အဆို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်သည် မိမိတင်ပြသောကိစ္စပြီးမြောက် ခြင်းရှိ/မရှိ အစဉ်သတိပြု၍ ပြီးမြောက်ခြင်းရှိ/မရှိ အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌ ထံ အခါအားလျော်စွာ အစီရင်ခံရန်၊

(င) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမေးမြန်းသောမေးခွန်းအတွက် ကျန်ရှိသော ကတိကဝတ်ကို တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ နောက်ဆုံးဆောင်ရွက်ထားသော အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန်၊

(စ) သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ခြင်းမရှိသော ကတိကဝတ်အတွက် ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက ကတိကဝတ်အဖြစ် ကျန်ရှိနေမည်ဖြစ်ပြီး မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်က ထပ်မံနှိုးဆော်မေးမြန်းရန်၊

(ဆ) လွှတ်တော်ပုံမှန်အစည်းအဝေး သုံးကြိမ်မြောက်သည်အထိ ကတိကဝတ်ဆောင်ရွက်နိုင်ခြင်းမရှိပါက တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ညှိနှိုင်းဆောင်ရွက်၍မရပါက သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးအား ကတိကဝတ် ပျက်ကွက်သူအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ပါပြဋ္ဌာန်းချက်အရပေးအပ်သော တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊ စွပ်စွဲချက်ဖြင့်စွပ်စွဲအပြစ်တင်ခြင်း ပြုလုပ်နိုင်သည်၊

(ဈ) လက်ကျန်ကတိကဝတ်များအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပြီး ကတိကဝတ်မှ ပယ်ဖျက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ရေးရာ ကော်မတီများ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော တိုင်ကြားစာ၊ တင်ပြစာများအပေါ် လိုက်နာဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများ

(က) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားစာနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌမှ အစီရင်ခံစာတင်ပြရန်ညွှန်ကြားပါက မဖြစ်မနေအချိန်မီ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

(ခ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားခြင်းနှင့် ပတ်သက် ၍ လွှတ်တော်ဥက္ကဋ္ဌက စစ်ဆေးရန်ညွှန်ကြားပါက လိုအပ်သလိုဆောင်ရွက်၍ အစီရင်ခံ စာအား ပြန်လည်တင်ပြရန်ဖြစ်သည်။

(ဂ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အား စစ်ဆေးခွင့်ပြုရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ လွှတ်တော် ဥက္ကဋ္ဌက စစ်ဆေးရန်ခွင့်ပြုပါက လိုက်နာဆောင်ရွက်ရန်နှင့် သက်သေထွက်ဆို ချက်ပေးရန်လိုအပ်ပါသည်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌမှလိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီနှင့် သင့်လျော်သောကော်မတီများတွင် လည်းကောင်း၊ သီးခြားဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်လျှင် ညွှန်ကြားချက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

## မော်တော်ယာဉ်တောင်းခံသုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း

(က) မော်တော်ယာဉ်သုံးစွဲရန် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌထံ (၃)ရက်ကြိုတင် တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။ ထိုသို့ခွင့်ပြုချက်တောင်းခံရာတွင် အသုံးပြုလိုသည့်ရည်ရွယ်ချက်၊ ခရီးစဉ်၊ လိုက်ပါမည့်သူများစာရင်းတို့ကို ပြည့်စုံစွာဖော်ပြပါရှိရမည်။

(ခ) မော်တော်ယာဉ်တောင်းခံခြင်းနှင့် ပတ်သက်၍ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ အတွက်သာ ခွင့်ပြုမည်ဖြစ်သည်။

(ဂ) တိုင်းဒေသကြီးနယ်မြေအတွင်းသာ သွားလာရန်ခွင့်ပြုမည်ဖြစ်ပြီး တိုင်းဒေသကြီး နယ်မြေ ပြင်ပ သွားလာမည်ဆိုပါက လုံလောက်သောအကြောင်းပြချက်ဖြင့်သာ ခွင့်ပြုမည်ဖြစ်သည်။

(ဃ) လွှတ်တော်ကော်မတီ သို့မဟုတ် အဖွဲ့များကို ဖိတ်ကြားခြင်းမဟုတ်ဘဲ လွှတ်တော်ကိုယ်စား လှယ်တစ်ဦး တစ်ယောက်တည်းကို ရည်ရွယ်၍ ဖိတ်ကြားသော၊ ခရီးစရိတ်ကျခံမည်ဟု ဖော်ပြပါရှိသော NGO, INGO များ၏ ဖိတ်ကြားမှုများအတွက် မော်တော်ယာဉ် တောင်းခံခွင့်မ ရှိပါ။

**အထွေထွေအုပ်ချုပ်မှုကိစ္စရပ်များအတွက် လိုအပ်ချက်များတင်ပြခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

(က) လတ်တလောအတွက်လိုအပ်ချက်များရှိပါက သက်ဆိုင်ရာဌာနစိတ်တာဝန်ခံ (လက်ထောက် ညွှန်ကြားရေးမှူး)များ ထံဖုန်းဆက်အကြောင်းကြားရမည်။

(ခ) အချို့သော (အချိန်ယူဆောင်ရွက်ရမည့်/ မကြာခဏဆောင်ရွက်ရမည့်) ကိစ္စရပ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြရန် လိုသည်။

(ဂ) အခြားသော(ဆောင်ရွက်ရန်မဟုတ်ဘဲ သိရှိရန်မျှသာအသိပေးလိုသော) ကိစ္စရပ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ထမ်းများအကြား ဆက်သွယ်ရန်ဆောင်ရွက်ထားသည့် Facebook Closed Group မှတစ်ဆင့်လည်း ရေးသားဖော်ပြနိုင်သည်။

**လွှတ်တော်ကိုယ်စားလှယ်များနားနေဆောင်နေရာချထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

(က) လွှတ်တော်ကိုယ်စားလှယ်များ နားနေဆောင်နေရာချထားခြင်းနှင့် ပတ်သက်၍ လွှတ်တော် ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ကိုယ်စားလှယ် အချင်းချင်း သဘောတူညီချက်ဖြင့် အခန်းလဲလှယ်လိုပါက လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဥက္ကဋ္ဌခွင့်ပြုမှသာ လဲလှယ်နိုင်မည် ဖြစ်သည်။

**လွှတ်တော်ကိုယ်စားလှယ်များနားနေဆောင်တွင် လိုက်နာရမည့်စည်းကမ်းချက်များ**

(က) ကိုယ်စားလှယ်နားနေဆောင်သည် လွှတ်တော်ကိုယ်စားလှယ်အဆင့်ပုဂ္ဂိုလ်များ ဂုဏ်သိက္ခာ နှင့်အညီ တည်းခိုနေထိုင်ရန် စီစဉ်ထားရှိပါသည်။

(ခ) ကိုယ်စားလှယ်နားနေဆောင်တွင် နေထိုင်သူများသည် လွှတ်တော်ကိုယ်စားလှယ်အဆင့် ပုဂ္ဂိုလ်များဖြစ်၍ အခြားသူများအတွက် အနှောက်အယှက်မဖြစ်စေရန် အရက်သေစာဝိုင်းဖွဲ့

သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ ဆူညံခြင်းများ မရှိစေရေး အထူးဂရုပြုလေးစား လိုက်နာရန် ဖြစ်ပါသည်။

(ဂ) ကိုယ်စားလှယ် နားနေဆောင်တွင် အခြားသူများတည်းခိုခွင့်မပြုပါ။ လွှတ်တော်ကိုယ်စားလှယ်များထံသို့ မိသားစုဝင်များ၊ အခြားမိတ်ဆွေဧည့်သည်များ လာရောက် လည်ပတ်မှုများရှိပါက သက်ဆိုင်ရာကာယကံရှင်မှ အခြားလွှတ်တော် ကိုယ်စားလှယ်များ အနှောက်အယှက် မဖြစ်စေရေး တာဝန်ယူရပါမည်။

(ဃ) ကိုယ်စားလှယ်နားနေဆောင်တွင် လွှတ်တော်ကိုယ်စားလှယ်များကို အနှောက်အယှက် ဖြစ်စေသည့် ကိစ္စတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှလိုအပ် သလိုစုံစမ်းစစ်ဆေး၍ အစီရင်ခံတင်ပြရမည် ဖြစ်ပါသည်။

## နေ့တွက်စရိတ်၊ ခရီးစရိတ်တောင်းခံခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား လစဉ်နိုင်ငံတော်မှ သတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေများကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

(ခ) ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများတက်ရောက်ရာ တွင် နေ့တွက်စရိတ်ကျပ်(၁၅၀၀၀/-)နှင့် ခရီးစရိတ်များကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ သတ်မှတ်ပေးထားသည့် မြို့နယ်များအလိုက် စရိတ်နှုန်းထားအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) ရေးရာကော်မတီများအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ ခွင့်ပြုသည့် အစည်းအဝေးများ ကျင်းပပြုလုပ်ရာတွင် နေ့တွက်စရိတ်နှင့် ခရီးစရိတ်များအား ထုတ်ပေးသွားမည်ဖြစ် ပါသည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ကိုယ်စားလှယ်များ၏ မူလလုပ်ငန်းတာဝန်ဖြစ်သည့်အတွက် နေ့တွက်စရိတ်များ ခံစားခွင့်မရှိပါ။

(င) လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုချက်ဖြင့်တက်ရောက်သည့် အခမ်းအနားများနှင့် အစည်းအဝေးများအတွက် နေ့တွက်စရိတ်နှင့် ခရီးစရိတ်များ ထုတ်ပေးမည် ဖြစ်ပါသည်။

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် နားနေဆောင် ဆောက်လုပ်ပေးထားပြီးဖြစ်သည့်အတွက် ပဲခူးမြို့ပေါ်ဝန်းကျင် မည်သည့်နေရာတွင်တည်းခိုသည် ဖြစ်စေ တည်းခိုစရိတ်အား ခံစားခွင့်မရှိပါ။

(ဆ) စရိတ်များနှင့်ပတ်သက်၍ လိုအပ်ချက် တစ်စုံတစ်ရာရှိသည်ဟု ယူဆပါက လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## လွှတ်တော်စာကြည့်တိုက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စာကြည့်တိုက်ရှိ စာအုပ်များငှားရမ်း မည်ဆိုပါက တစ်ဦးလျှင် မိမိဖတ်လိုသည့် စာအုပ်(၃)အုပ်သာ ငှားရမ်းနိုင်ပါသည်။

(ခ) စာအုပ်များကိုငှားရမ်းရာတွင် အများဆုံး(၁၀)ရက်အထိသာ ငှားရမ်းခွင့်ရှိပြီး မိမိဖတ်၍ မပြီး သေးပါက စာကြည့်တိုက်တွင် ပြန်လည်အပ်နှံပြီးမှသာ ထပ်မံငှားရမ်းနိုင်ပါသည်။

(ဂ) စာအုပ်များကိုငှားရမ်းပြီး မိမိနေရပ်သို့ပြန်မည်ဆိုပါက ငှားရမ်းထားသည့် စာအုပ်များ ပြန်လည် အပ်နှံပေးရမည်ဖြစ်ပါသည်။

(ဃ) မိမိငှားရမ်းဖတ်ရှုသည့် စာအုပ်များကို မပျောက်၊ မပျက်၊ မပြဲစုတ်အောင်ဖတ်ရှုရမည် ဖြစ်ပြီး ပျောက်၊ ပျက်၊ ပြဲစုတ်သွားပါက အလားတူစာအုပ်အတိုင်း အမျိုးစားတူ၊ ခုနှစ်တူ၊ မူရင်းတန်ဖိုး ထက်မနိမ့်သောစာအုပ်အား ပေးလျော်ရမည်ဖြစ်ပါသည်။

(င) ရည်ညွှန်းစာအုပ်အမျိုးအစားအဖြစ် သတ်မှတ်ထားသောစာအုပ်များကို စာကြည့်တိုက် အတွင်း သာ ဖတ်ရှုနိုင်ပါသည်။

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး စာကြည့်တိုက်ဖွင့်ချိန် နံနက် (၀၉:၃၀)နာရီမှ ညနေ (၁၆:၃၀)နာရီ အထိသာ စာအုပ်များ ငှားရမ်းခွင့်ရှိပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ ဆက်သွယ်ရေး၊ သတင်းပြန်ကြားရေး၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း

(က) ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ လွှတ်တော်လုပ်ငန်းနှင့် ဆက်နွယ်သောကိစ္စများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဆက်သွယ်ရေး၊ သတင်းပြန်ကြားရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း တစ်ရပ် လိုအပ်မည်ဖြစ်ပါသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် ဆက်သွယ်ရန် အတွက်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ဆက်သွယ်ရန်အတွက် သော်လည်းကောင်း၊ လွှတ်တော်ရုံးဝန်ထမ်းများနှင့် ဆက်သွယ်ရန်အတွက် သော်လည်းကောင်း၊ ရုံးချိန်အတွင်း အမြဲတမ်းဆက်သွယ်နိုင်သည့် လက်ကိုင်ဖုန်း နံပါတ်အား သတ်မှတ်၍ လွှတ်တော်ရုံး သို့ ပေးအပ်ထားရန် ဖြစ်ပါသည် –

(၁) လွှတ်တော်ကိုယ်စားလှယ် (၁)ဦးစီ၏ လက်ကိုင်ဖုန်းနံပါတ်များအား လွှတ်တော်ရုံးမှ စုစည်းပြုစု၍ လွှတ်တော်ကိုယ်စားလှယ်အသီးသီးသို့ ဖြန့်ဝေပေးထားရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်(၁)ဦးစီသည် ကိုယ်တိုင်သတ်မှတ်ပေးထားသည့် လက်ကိုင်ဖုန်းအား ရုံးချိန်အတွင်း အချိန်နေရာမရွေး ဆက်သွယ်ရရှိနိုင်ရန် ပြင်ဆင်ထားရမည်။

(ဂ) လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်မှပြဋ္ဌာန်းသောဥပဒေ၊ နည်းဥပဒေများအား တိုင်းဒေသကြီးနယ်မြေ အတွင်းရှိ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ရုံး ပြန်ကြားရေး ကော်မတီတစ်ရပ်အား အောက်ပါအတိုင်းဖွဲ့စည်း ဆောင်ရွက်မည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်ဒုတိယဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(ဃ) တိုင်းဒေသကြီးလွှတ်တော်ရုံး ပြန်ကြားရေးကော်မတီသည် ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို တိုင်းဒေသကြီးလွှတ်တော်ရုံး Web page၊ တိုင်းဒေသကြီးလွှတ်တော်ရုံး Facebook page အပါအဝင် သင့်လျော်သည့် သတင်းပြန်ကြားရေး နည်းလမ်းများ အသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သည်။

(င) လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းသည် ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ကိုယ်စီပါဝင်နိုင်ရန်အတွက် အောက်ပါတို့ကိုဆောင်ရွက်ရန်ဖြစ်သည် -

(၁) လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီသည် လွှတ်တော်တက် ဝတ်စုံဖြင့် ရိုက်ထားသော ဓာတ်ပုံအမှန်၊ အမည်အမှန်တို့ဖြင့် Facebook account တစ်ခုစီ ပြုလုပ်ထားရန် လိုအပ်ပါသည်။

(၂) အဆိုပါ Facebook account အား တိုင်းဒေသကြီးလွှတ်တော်ရုံး ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များတွင်သာ အသုံးပြုရန်ဖြစ်ပါသည်။

(၃) Facebook Pageတွင် အစည်းအဝေးကာလအတွင်း မေးခွန်းနှင့်အဆိုများ၊ အစည်းအဝေး အစီအစဉ်များ၊ Video file များတင်ပေးခြင်း၊ Facebook Closed Group များတွင် အစည်းအဝေး ဖိတ်ကြားပေးခြင်း၊ အကြောင်းကြားစာများ ပေးပို့ခြင်းတို့အပြင် နည်းပညာ

များ တိုးတက်လာသည့်အားလျော်စွာ Video conferencing, e-parliament, e-mail ဆက်သွယ် ဆောင်ရွက်မှုစနစ်များ အဆင့်မြှင့်တင် စီစဉ်ပြင်ဆင်ဆောင်ရွက်ထားမည် ဖြစ်ပါသည်။

(၄) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန်အတွက် လွှတ်တော်ရုံး Website တွင် မှတ်တမ်းများ၊ တိုင်ကြားစာကဏ္ဍ၊ ဥပဒေများ၊ ရေးရာကော်မတီများ၊ လွှတ်တော်ကဏ္ဍနှင့် နေ့စဉ်သတင်းများဟူ၍ ကဏ္ဍ (၆)ခုခွဲ၍ ဆောင်ရွက်ထားရှိပါမည်။

(၅) လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ ပြည်သူသို့ ချပြလိုသည့် သတင်းအချက်အလက်များအား ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၂) သတင်းမီဒီယာ ဥပဒေ၊ အခန်း(၄)၊ စာပိုဒ်(၉)၊ စာပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိဘဲ တိုင်းဒေသကြီး လွှတ်တော်ရုံး Web Page၊ တိုင်းဒေသကြီးလွှတ်တော်ရုံး Facebook page တို့မှတစ်ဆင့် ပြန်ကြားဆောင်ရွက်နိုင်ပါသည်။

(၆) တိုင်းဒေသကြီးလွှတ်တော်ရုံး ပြန်ကြားရေးကော်မတီသည် သတင်းမီဒီယာ ဥပဒေနှင့် ငြိစွန်းသည်ဟု ဆုံးဖြတ်ပါက ပယ်ဖျက်နိုင်သည်။

# အပိုင်း(၈)

## စုံစမ်းစစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ လွှတ်တော်လုပ်ငန်းနှင့် ဆက်နွယ်သောကိစ္စများနှင့် ပတ်သက်၍သော်လည်းကောင်း တိုင်ကြားသည့် ကိစ္စများပေါ်ပေါက်လာပါက တိုင်ကြားခံရသူများအား အရေးယူရန်အကြောင်း ခိုင်လုံမှုရှိ၊ မရှိ စုံစမ်းစစ်ဆေးရန်အတွက် လုပ်ထုံးလုပ်နည်းတစ်ရပ် လိုအပ်မည် ဖြစ်ပါသည်။

၂။ စုံစမ်းစစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ ယခင်ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၄၀ ပြည့်နှစ်၊ မေလ (၁)ရက်နေ့က ထုတ်ပြန်ခဲ့သော "ဂျီ" ဆာကြူလာ အမှတ် ၁၅ အရ ဌာနဆိုင်ရာ စုံစမ်းခြင်းနည်းလမ်းများ ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းလုပ်ထုံးလုပ်နည်းအရ ရှေးဦးစုံစမ်း စစ်ဆေးခြင်းအဆင့်နှင့် နည်းလမ်းတကျ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းဟူ၍ နည်းလမ်း(၂) သွယ်ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

၃။ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း(၁၇)တွင် ရှေးဦးစုံစမ်းမှုနှင့် အခန်း(၁၈)တွင် ဌာနဆိုင်ရာ စစ်ဆေးမှုအဆင့်(၂)ဆင့်ဖြင့် အရေးယူဆောင်ရွက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၄။ စုံစမ်းစစ်ဆေးခြင်းဆိုသည်မှာ အများပြည်သူအကျိုးကို ထိခိုက်နစ်နာစေသော သို့မဟုတ် အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်း၍ အမှန်တရားပေါ်ပေါက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော်က စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့်ကိစ္စမှာ နိုင်ငံ့ဝန်ထမ်းများအား အရေးယူရမည့်ကိစ္စမဟုတ်ချေ။ ပြည်သူ့ကိုယ်စား ကိုယ်စားလှယ်များနှင့် နိုင်ငံတော်တာဝန် ထမ်းဆောင်ရန် အစိုးရက ခန့်အပ်တာဝန်ပေးထားသော ပုဂ္ဂိုလ်များနှင့် စပ်လျဉ်းသည့် ကိစ္စများဖြစ်သည်။ အထူးသဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား စုံစမ်းစစ် ဆေးမှုပြုလုပ်ခြင်းနှင့် သက်ဆိုင်သည်။ ထို့ပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူများက ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြစ်၍ ပြည်သူများက လွှတ်တော်သို့ တိုက်ရိုက်တိုင်ကြားလာသည့် ကိစ္စများတွင်လည်း လွှတ်တော်က စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ၂၆၇၊ ၂၇၂နှင့် ၃၁၁တို့အရ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များအပေါ် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ကိစ္စများပေါ်ပေါက်လာလျှင်လည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရန်လိုအပ်ပေမည်။ သို့ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များအပေါ် တိုင်ကြားလာသည့်ကိစ္စများပေါ်ပေါက်လာပါ က တိုင်စာပစ်စာစိစစ်ရေး ကော်မတီက အရေးယူလောက်သည့် ကိစ္စဟုတ် မဟုတ် ဦးစွာပထမစိစစ်ပြီး အရေးယူရန် အကြောင်းမရှိပါက အမှုတွဲဖွင့် ဆောင်ရွက်ခြင်းမပြုတော့ဘဲ အရေးယူရန်မလိုဟု မှတ်ချက်ပြု၍ ဥက္ကဋ္ဌထံ တင်ပြရန်ဖြစ်သည်။ တိုင်စာပစ်စာ

စိစစ်ရေးကော်မတီသည် တိုင်ကြားလာသည့် ကိစ္စအပေါ် စိစစ်တွေ့ရှိချက်အရ အရေးယူရန် အကြောင်း ကိစ္စပေါ်ပေါက်နေပါက သဘောထားမှတ်ချက်ဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်ကြောင်း လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် တိုင်ကြားခံရသူအပေါ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်ကြောင်းတွေ့ရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင် (၂)ဦးထက်မနည်း (၅)ဦး ထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးရမည်။ နောက်ဆက်တွဲပုံစံ(၁)ကို အသုံးပြုရန်ဖြစ်သည် -

(က) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား စုံစမ်းစစ်ဆေးမည့်ကိစ္စ ဖြစ်ပါက စစ်ဆေးရေးအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ထည့်သွင်း ဖွဲ့စည်းရမည်။

( ခ ) ပြည်သူက ရွေးချယ်ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦး ဦးအား စုံစမ်းစစ်ဆေးရမည့်ကိစ္စ၊ ဌာနဆိုင်ရာများအား စုံစမ်းစစ်ဆေးရမည့် ကိစ္စနှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရန် အစိုးရက နည်းလမ်းတကျ ခန့်အပ်တာဝန်ပေးထား သောပုဂ္ဂိုလ်များဖြစ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ နှင့် တိုင်းဒေသကြီးလွှတ်တော်နည်းဥပဒေ ၆၂ (က) အရ ဖွဲ့စည်း ထားသော သင့်လျော်သော နိုင်ငံသားလွှတ်တော်ရေးရာကော်မတီဝင် ပုဂ္ဂိုလ်များဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်။

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အားလုံးသို့ ဖြန့်ဝေရမည်။

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းနှင့် အဖွဲ့ဝင်များ၏ ခံစားခွင့်ကို သတ်မှတ်ပေး ရမည်။

( ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးရမည်။

( ဂ) စုံစမ်းစစ်ဆေးရမည့် ကိစ္စရပ်အတွက် အဆုံးအဖြတ်ပြုနိုင်ရန် အဖွဲ့၏သဘောထား မှတ်ချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံရမည့်ရက်ကို သတ်မှတ်ပေးရမည်။

## စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ

၈။ စုံစမ်းစစ်ဆေးရေးအမှုတွဲတွင် အောက်ပါစာရွက်စာတမ်းများ ပါဝင်စေရမည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းသည့်အမိန့်စာ၊

(ခ) စုံစမ်းရမည့် အမှုကိစ္စနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာရင်းအင်းများ၊ သက်သေ၊ အထောက်အထားများ၊

(ဂ) အဖွဲ့၏ဆောင်ရွက်ချက် နေ့စဉ်မှတ်တမ်း၊

(ဃ) စွဲချက်လွှာ၊

(င) စွဲချက်ခံရသူ၏ ဖြေရှင်းချက် ချေပလွှာ၊

(စ) သက်သေထွက်ဆိုချက် မှတ်တမ်းများ၊

(ဆ) အခြားအထောက်အထားများနှင့် စာရွက်စာတမ်းများ၊

(ဇ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ။

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ -

(က) ပထမဦးစွာ စုံစမ်းစစ်ဆေးရေးအမှုတွဲ ဖွင့်လှစ်ခြင်း၊

(ခ) စုံစမ်းစစ်ဆေးမည့် အကြောင်းအရာကို အဖွဲ့ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခံရသည့် အဖွဲ့ဝင်တစ်ဦးကဖြစ်စေ အကျဉ်းချုပ်ဖတ်ကြားရမည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့က ရေးဆွဲထားသော စွဲချက်လွှာမိတ္တူ(၁)စောင်ကို စုံစမ်းစစ်ဆေးခံရသူအား ပေးပို့ရမည်။ နောက်ဆက်တွဲပုံစံ (၂)ကို အသုံးပြုရန်ဖြစ်သည်။

(ဃ) စွဲချက်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၌ ပါဝင်သော အဖွဲ့ဝင်များကို စစ်ဆေးခံရသူက ကန့်ကွက်ရန် ခိုင်လုံသော အကြောင်းရှိပါက ခုခံချေပလွှာတွင် အကြောင်းပြချက်နှင့်တကွ ကန့်ကွက်နိုင်ကြောင်းဖော်ပြရမည်။ ချေပလွှာကို နောက်ဆက်တွဲပုံစံ (၃)ကိုအသုံးပြုရန်ဖြစ်သည်။ စွဲချက်နှင့် ပတ်သက်၍ စွပ်စွဲခံရသူကို စာဖြင့် ရှင်းလင်းချေပခွင့်ပေးရမည်။

(င) စွပ်စွဲခံရသူက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကန့်ကွက်ခြင်းနှင့် စပ်လျဉ်း၍ -

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးဦးကို ကန့်ကွက်ခြင်းဖြစ်ပါက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ယင်းကန့်ကွက်ချက်သည် ခိုင်လုံမှုရှိ၊ မရှိ စိစစ်ရမည်။

(၂) အပိုဒ် (၁)အရ စိစစ်ရာတွင် ကန့်ကွက်ချက်သည် အကျိုးအကြောင်းခိုင်လုံခြင်းမရှိဟု ယူဆပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးသည့် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ဥက္ကဋ္ဌက ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိဟု အတည်ပြုပါက အမှုတွဲတွင် မှတ်တမ်းတင်ပြီး နှုတ်ဖြင့် စစ်ဆေးကြားနာခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(၃) ကန့်ကွက်ချက်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကိုဖြစ်စေ၊ ကျန်အဖွဲ့ဝင်အချို့ကိုဖြစ်စေ၊ တစ်ဖွဲ့လုံးကိုဖြစ်စေ ကန့်ကွက်ခြင်းဖြစ်ပါက ယင်းကန့်ကွက်ချက်ကို စဉ်းစားဆုံးဖြတ်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) စွပ်စွဲခံရသူသည် ချေပလွှာကို နောက်ဆက်တွဲ ပုံစံ(၃)ဖြင့် ပြန်ကြားရမည်ဖြစ်ပြီး အပြစ်မရှိကြောင်း ချေပပါက ယင်း၏ ချေပဖြေရှင်းချက်သည် ကျေနပ်ဖွယ်ရာရှိသဖြင့် လက်ခံထိုက်သည်ဟု ယူဆပါက နှုတ်ဖြင့် စစ်ဆေးကြားနာခြင်းမပြုတော့ဘဲ အဖွဲ့၏ အစီရင်ခံစာကို တွေ့ရှိချက်၊ သုံးသပ်ချက် သဘောထားများ ဖော်ပြ၍ နောက်ဆက်တွဲ ပုံစံ(၆)ဖြင့် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဆ) စွပ်စွဲခံရသူက စွဲချက်အတိုင်းဟုတ်မှန်ကြောင်း ဖြောင့်ဆိုဝန်ခံထားသည့်ပြင် အမှုကိစ္စနှင့် စပ်လျဉ်း၍ အခြားအချက်အလက်တစ်စုံတစ်ရာ ရှာဖွေရန်လိုအပ်တော့မည် မဟုတ်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က ယူဆပါက နှုတ်ဖြင့် စစ်ဆေးကြားနာခြင်းမပြုတော့ဘဲ အဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက် ဖော်ပြ၍ နောက်ဆက်တွဲ ပုံစံ (၆)ဖြင့် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဇ) စွပ်စွဲခံရသူက ဝန်ခံခြင်းမပြုသည့်အခါတွင်ဖြစ်စေ၊ ဝန်ခံသည့်တိုင်အမှုကိစ္စနှင့် စပ်လျဉ်း၍ အခြားအချက်အလက်တစ်စုံတစ်ရာကို ရှာဖွေဖော်ထုတ်ရန်လိုအပ်လျက် ရှိသေးသည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က ယူဆသည့်အခါတွင်ဖြစ်စေ၊ စွပ်စွဲခံရသူ၏ ဖြေရှင်းချက်သည် ကျေနပ်ဖွယ်ရာမရှိသည့်အခါတွင်ဖြစ်စေ ဆက်လက်၍ နှုတ်ဖြင့် စစ်ဆေးကြားနာနိုင်သည်။

(ဈ) နှုတ်ဖြင့် စစ်ဆေးကြားနာမှုပြုလုပ်သည့်အခါ စွပ်စွဲခံရသည့် ပုဂ္ဂိုလ်ရှေ့တွင် ပြုလုပ်ရမည့်အပြင် ယင်းအား ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံနိုင်ခွင့်၊ သက်သေတင်ပြခွင့်၊ သက်သေများကို ပြန်လှန်မေးမြန်းခွင့်တို့ကို လုံလောက်စွာပေးရမည်။

(ည) စုံစမ်းမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း၊ စာရင်းအင်းများကို ကြည့်ရှုစစ်ဆေးနိုင်သည်။

(ဋ) နှုတ်ဖြင့် စစ်ဆေးကြားနာခွင့်ပြုသည့်အခါ အမှုကိစ္စနှင့်ပတ်သက်၍ တိုင်ကြားသူဘက်က တင်ပြသောသက်သေများကိုလည်းကောင်း၊ စွပ်စွဲခံရသူနှင့် ယင်းက တင်ပြသော သက်သေများကိုလည်းကောင်း ခေါ်ယူစစ်ဆေးရမည်။

(ဌ) စွပ်စွဲခံရသူက ထွက်ပြေးတိမ်းရှောင်နေလျှင်ဖြစ်စေ၊ စစ်ဆေးမေးမြန်းခြင်းကို ခံယူရန် ငြင်းဆန်လျှင်ဖြစ်စေ၊ ခိုင်လုံသောအကြောင်းမရှိဘဲ လာရောက်စစ်ဆေးခံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယင်း၏ မျက်ကွယ်၌ သက်သေများကို စစ်ဆေးနိုင်သည်။ ယင်းကဲ့သို့ မျက်ကွယ်၌ စစ်ဆေးခဲ့ရခြင်းနှင့် ပတ်သက်၍ အကျိုးအကြောင်း ဖော်ပြပြီး အမှုတွဲတွင် စနစ်တကျ မှတ်တမ်းတင်ထားရမည်။

(ဍ) စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်အတွင်း စစ်ဆေးချက်များအရ လည်းကောင်း၊ ပေါ်ပေါက်သော အကြောင်းအချက်များအရလည်းကောင်း လိုအပ်ပါက မူလစွဲချက်ကို ပြောင်းလဲ ပြင်ဆင်နိုင်သည် သို့မဟုတ် ထပ်မံဖြည့်စွက်နိုင်သည် သို့မဟုတ် စွဲချက် အသစ်တင်နိုင်သည်။

၁၀။ စွပ်စွဲခံရသူသည် စွဲချက်တင်သည့်အခါ လိုက်နာဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ –

(က) စွဲချက်များနှင့်ပတ်သက်၍ စွပ်စွဲခံရသူကို စာဖြင့်ရှင်းလင်းချေပတင်ပြစေရန် တောင်းဆိုရမည်။ ချေပလွှာတင်ရာတွင် လုံလောက်သော အချိန်ရရှိရန် ချေပလွှာ ပေးပို့ရမည့်ရက်ကို သတ်မှတ်ပေးရမည်။

(ခ) စွဲချက်လွှာတွင် –

(၁) စွဲချက်တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ပါဝင်နိုင်သည်။

(၂) စွဲချက်များစွာပါရှိခြင်းအားဖြင့် အမှုရှုပ်ထွေးစေနိုင်ပြီး ကြန့်ကြာမှုဖြစ်စေနိုင်သဖြင့် အဓိကကျသည့် စွဲချက်ကိုသာ ဖော်ပြရမည်။

(၃) နှုတ်ဖြင့် စစ်ဆေးမှုပြုလုပ်လျှင် မည်သည့်ပုဂ္ဂိုလ်များပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမည်ဖြစ်ကြောင်းနှင့် အဖွဲ့တွင် ပါဝင်သူတစ်ဦး သို့မဟုတ် နှစ်ဦး သို့မဟုတ် တစ်ဖွဲ့လုံးကို ကန့်ကွက်လိုပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကန့်ကွက်နိုင်ကြောင်း ဖော်ပြရမည်။

(၄) စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ ချေပလွှာပေးပို့ရမည့် နေ့ရက်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) စွဲချက်လွှာကို စွပ်စွဲခံရသူထံသို့ ကြိုတင်ပေးပို့၍ မိတ္တူတစ်စောင်ကို အမှုတွဲတွင် တွဲရမည်။

၁၁။ နှုတ်ဖြင့် စစ်ဆေးရာတွင် –

(က) စွဲချက်ပါ အချက်အလက်များနှင့် စပ်လျဉ်း၍ ထောက်ခံထွက်ဆိုနိုင်မည့် သက်သေများကို ရှေးဦးစွာ စစ်ဆေးပြီးထွက်ဆိုချက်ကို နောက်ဆက်တွဲ ပုံစံ(၄)ပါအတိုင်း မှတ်တမ်းတင်ရမည်။ ထွက်ဆိုချက်ပါ ငြင်းစွန်းသည့် အချက်အလက်များရှိပါက စွပ်စွဲခံရသူမှ ပြန်လှန်မေးမြန်းလိုက မေးမြန်းခွင့်ပြုရမည်။

(ခ) ထို့နောက်စွပ်စွဲခံရသူအား စွဲချက်များကို ရှင်းလင်းဖော်ပြပြီး ယင်းစွဲချက်များနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းရမည်။

(ဂ) စွပ်စွဲခံရသူကိုယ်တိုင်သက်သေအဖြစ် စစ်ဆေးခံလိုပါက ယင်းကိုသက်သေအဖြစ် နောက်ဆက်တွဲ ပုံစံ(၅)ပါအတိုင်း စစ်ဆေးနိုင်သည်။

(ဃ) စွပ်စွဲခံရသူဘက်မှ တင်ပြလိုသည့် သက်သေများရှိ၊ မရှိ မေးမြန်း၍ ရှိပါက သက်သေများ၏ အမည်စာရင်းကို တောင်းဆိုပြီး ယင်းသက်သေများကို စစ်ဆေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(င) စွပ်စွဲခံရသူ တင်ပြသောသက်သေများအား စစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ရန် သတ်မှတ်၍ ချိန်းဆိုပေးရမည်။

(စ) စွပ်စွဲခံရသူဘက်မှ တင်ပြသောသက်သေတစ်ဦးဦးကို ခေါ်ယူစစ်ဆေးရန် မလိုအပ်လျှင်ဖြစ်စေ၊ မသင့်လျော်ဟု ယူဆလျှင်ဖြစ်စေ၊ ခေါ်ယူစစ်ဆေးရန် မဖြစ်နိုင်သည့် သက်သေတစ်ဦး၏ အမည်စာရင်းကို တင်သွင်းခြင်းမှာ စုံစမ်းစစ်ဆေးမှုကို တမင်သက်သက် အမှုကြန့်ကြာစေရန်အတွက် ဖြစ်သည်ဟု ယူဆလျှင်ဖြစ်စေ အဆိုပါ သက်သေကို ခေါ်ယူစစ်ဆေးရန် ငြင်းပယ်နိုင်သည်။ ထိုသို့ ငြင်းပယ်သည့်အခါ အကျိုးအကြောင်း ဖော်ပြ၍ အမှုတွဲတွင် မှတ်တမ်းတင်ရမည်။

(ဆ) ချိန်းဆိုသည့်နေ့ရက်တွင် မလာရောက်နိုင်သည့်သက်သေများအနက် အဓိကကျ သက်သေများကို စစ်ဆေးရန် နောက်ထပ်နေ့ရက်သတ်မှတ်ပြီး ချိန်းဆိုရမည်။ အကယ်၍ စစ်ဆေးပြီးသည့်သက်သေများ၏ ထွက်ဆိုချက်များဖြင့်ပင် လုံလောက်ပြီဖြစ်၍ အလားတူသက်သေများကို ခေါ်ယူရန် မလိုအပ်တော့ဟုယူဆပါက အကျိုးအကြောင်း ဖော်ပြ၍ ယင်းသက်သေများကို သက်သေစာရင်းမှ ပယ်ဖျက်နိုင်သည်။

(ဇ ) စုံစမ်းစစ်ဆေးမှုတွင် အရေးပါသော သက်သေတစ်ဦးသည် ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ရှေ့မှောက်သို့ မလာရောက်နိုင်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ စွပ်စွဲခံရသူကဖြစ်စေ မေးမြန်းလိုသော အချက်များကို စာဖြင့် ရေးသားပေးပို့၍ ယင်းသက်သေကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် သက်သေထွက်ဆိုချက်ကို စွပ်စွဲခံရသူအား ဖတ်ပြရမည်။ စွပ်စွဲခံရသူက ထွက်ဆိုချက် အပေါ် ပြန်လှန်မေးမြန်းလိုပါက ထိုမေးမြန်းချက်များနှင့် စပ်လျဉ်း၍ သက်သေ၏ ဖြေကြားထွက်ဆိုချက်များကို စာဖြင့် ထပ်မံရယူရမည်။

(ဈ ) သက်သေထွက်ဆိုချက်များကို ရယူသည့်အခါ မှန်ကန်စွာထွက်ဆိုရန် သက်သေကို သတိပေးပြီးမှ စစ်ဆေးမေးမြန်းရမည်။ သို့ရာတွင် သက်သေကို ကျမ်းသစ္စာ ကျိန်ဆိုစေခြင်းမပြုရ။

(ည) သက်သေထွက်ဆိုချက်ကို မှတ်တမ်းတင်ရာ၌ သက်သေသည် ဝန်ထမ်းဖြစ်ပါက ယင်း၏ အမည်နှင့် ရာထူး၊ ဌာန၊ ရုံးအဖွဲ့အစည်းတို့ကို ဖော်ပြပြီး ဝန်ထမ်းမဟုတ်ပါက ယင်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အသက်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

(ဋ ) သက်သေထွက်ဆိုချက်ကို ရယူရာ၌ သက်သေ၏ အလိုအလျောက်ထွက်ဆိုချက်ကို မှတ်တမ်းတင်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့က သိလိုသည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ မေးမြန်းချက်နှင့် ဖြေဆိုချက်ကို မှတ်တမ်းတင်ရမည်။ ဆက်လက်၍ စွပ်စွဲခံရသူ၏ ပြန်လှန်မေးမြန်းချက်နှင့် သက်သေဖြေဆိုချက်ကို မှတ်တမ်းတင်ပြီး၊ ဖြေကြားချက်နှင့်ပတ်သက်၍ မရှင်းသည့်အချက်များရှိနေပါက စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်သေအား ထပ်မံ၍ မေးမြန်းနိုင်ပြီး မေးခွန်းနှင့် ဖြေဆိုချက်တို့ကို မှတ်တမ်းတင်ရမည်။

(ဌ ) စွပ်စွဲခံရသူ၏ ထွက်ဆိုချက်ကို ရယူရာတွင် ရှေးဦးစွာ ယင်းအားမှန်ကန်စွာ ထွက်ဆိုစေရန် သတိပေးပြီးနောက် ယင်း၏ အလိုလျောက်ရှင်းလင်းချေပချက်ကို မှတ်တမ်းတင်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့က စွဲချက်လွှာနှင့်ပတ်သက်၍ သိလိုသည့် အချက်များကို မေးမြန်းပြီး မေးမြန်းချက်နှင့် ဖြေဆိုချက်တို့ကို မှတ်တမ်းတင်ရမည်။

(ဍ ) သက်သေထွက်ဆိုချက်များကို သက်သေထွက်ဆိုသူအား ဖတ်ပြရမည်။ ထွက်ဆိုချက်နှင့် ကွဲလွဲမှုရှိပါက သက်သေဆန္ဒနှင့်အညီ ထွက်ဆိုချက်ကို ပြင်ဆင်ပေးရမည်။ ထွက်ဆိုချက်မှန်ကန်ကြောင်းဝန်ခံလျှင် ယင်းသက်သေထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးစေရမည်။ လက်မှတ်မရေးထိုးတက်သူ ဖြစ်ပါက လက်ဝဲလက်မဖွေပုံစံ ရယူရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း သက်သေတစ်ဦးစီ၏ သက်သေထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။ အရေးကြီးသည့် အမှုကိစ္စမျိုး

ဖြစ်ပါက သက်သေအား လက်မှတ်ရေးထိုးစေသည့်အပြင် လက်ဝဲလက်မဖွေကို နှိပ်စေ ရမည်။

(ဃ) အမှုကိစ္စအတွက် လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းများ ကြည့်ရှုရန် လိုအပ်ပါက တိုင်ကြားသူထံမှဖြစ်စေ၊ စွပ်စွဲခံရသူထံမှဖြစ်စေ၊ သက်ဆိုင်ရာဌာနများ ထံမှဖြစ်စေ တင်ပြစေရန် တောင်းဆိုနိုင်သည်။

(ဏ) တိုင်ကြားသူနှင့် စွပ်စွဲခံရသူနှစ်ဖက်တို့မှ တင်ပြသောသက်သေများ စစ်ဆေးပြီးပါက စွပ်စွဲခံရသူက လျှောက်လဲတင်ပြလိုကြောင်း တင်ပြလာပါက ၎င်း၏ လျှောက်လဲချက် ကို လက်ခံကြားနာနိုင်သည်။

၁၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်အခါ အစီရင်ခံစာကို နောက်ဆက်တွဲ ပုံစံ(၆)ပါ အတိုင်းရေးသားပြီးအမှုတွဲနှင့်အတူ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေး သည့် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌထံ အမှုအကြောင်းအရာ အကျဉ်းချုပ်၊ စွဲချက်၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များပါရှိသည့် အစီရင်ခံစာကို တင်ပြရမည်။ စုံစမ်းစစ်ဆေးရေး အဖွဲ့ အမှုတွဲတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းသည့် အမိန့်စာ၊ အဖွဲ့၏ ဆောင်ရွက်ချက် နေ့စဉ် မှတ်တမ်း၊ စွဲချက်လွှာ၊ ချေပလွှာ၊ သက်သေထွက်ဆိုချက်များ၊ စစ်ဆေးမှုနှင့် သက်ဆိုင်သည့် စာရွက် စာတမ်းများ ပြည့်စုံစွာ ပါဝင်စေရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စွပ်စွဲခံရသူမှာ ဌာနဆိုင်ရာဝန်ထမ်း သို့မဟုတ် အခြား တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ပါက မည်သို့သော ပြစ်ဒဏ်မျိုး ချမှတ် သင့်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သဘောထားမှတ်ချက်ပါရှိသော အစီရင်ခံစာကို စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးသော လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌထံ ပေးပို့ရမည်။

၁၄။ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့က တင်ပြလာသော အစီရင်ခံစာပါ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုတင်ပြချက်များအရ အရေးယူရန် အကြောင်းပေါ်ပေါက်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အသိပေးအကြောင်းကြားရန်ဖြစ်သည်။ စွပ်စွဲခံရသူအား အရေးယူရန် အကြောင်းမတွေ့ရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ အမှုတွဲအပေါ် မှတ်ချက်ပြု၍ ပိတ်သိမ်း ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များသည် မပြည့်စုံသေးဟု ယူဆပါက လိုအပ်နေသည့်အချက်အလက်များကို ထပ်မံစုံစမ်းစစ်ဆေး၍ တင်ပြရန် ညွှန်ကြား နိုင်သည်။

(ဂ) အကယ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အပေါ် ကျေနပ်အားရဖွယ်မရှိကြောင်းတွေ့ရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သစ် ပြန်လည်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် တာဝန်ပေးနိုင်သည်။

၁၅။ စွပ်စွဲခံရသူသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှု အစီရင်ခံစာအရ အရေးယူရန်အကြောင်း ပေါ်ပေါက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆(က) အရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၂(ဃ)၊ (င)တို့အရ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ရန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများအား စုံစမ်းစစ်ဆေးမှုကိစ္စ**

၁၆။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေ ၁၂၃ အရ တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးကိုဖြစ်စေ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးကိုဖြစ်စေ၊တိုင်းဒေသကြီးဥပဒေချုပ်ကိုဖြစ်စေ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ကိုဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(က)ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကစွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ၃၁၁၊ ၂၆၇နှင့် ၂၇၂တို့ပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့်ရှိပြီး စွပ်စွဲချက်ကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၇။ လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ စွဲချက်ကိုစုံစမ်းစစ်ဆေးရမည်။ စုံစမ်းစစ်ဆေးရမည့် လုပ်ငန်းပမာဏကို ထောက်ရှု၍ စုံစမ်းစစ်ဆေးမှုပြီးစီးရမည့် အချိန်ကာလကိုသတ်မှတ်ပေးရမည်။

၁၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြလာလျှင် လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်သို့တင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်သဖြင့် စွပ်စွဲခံရသူပုဂ္ဂိုလ်အား ဆက်လက်တာဝန် ပေးရန်မသင့်ဟု ဆုံးဖြတ်လျှင် လွှတ်တော်ဥက္ကဋ္ဌသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။ စွပ်စွဲတင်ပြမှုသည် မမှန်ကန်ကြောင်း လွှတ်တော်ကဆုံးဖြတ်လျှင် ထိုသို့ဆုံးဖြတ်ကြောင်းကို ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံတင်ပြ အစီရင်ခံရမည်။

၁၉။ စွပ်စွဲတင်ပြမှုသည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအပေါ် စွပ်စွဲခြင်း ဖြစ်ပါက လွှတ်တော်၏ဆုံးဖြတ်ချက်ကိုဥက္ကဋ္ဌသည် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြရမည်ဖြစ်ပြီး ဝန်ကြီးချုပ်သည် ယင်းတင်ပြချက်ကိုနိုင်ငံတော်သမ္မတထံဆက်လက်တင်ပြရမည်။

**အထွေထွေ**

၂၀။ စုံစမ်းစစ်ဆေးမှုအတွက် သက်သေစရိတ်ပေးရန် လိုအပ်သည့်ကိစ္စမျိုးတွင် တရားရုံးများ၌ ခွင့်ပြုသည့်သက်သေစရိတ်နှုန်းအတိုင်း သက်သေစရိတ်ပေးနိုင်သည်။ သက်သေသည် ဝန်ထမ်းဖြစ်ပါက တာဝန်ချိန်အဖြစ် သတ်မှတ်ပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းသို့ အသိပေး မေတ္တာရပ်ခံကြောင်းနှင့် လာရောက်ကြောင်း သက်သေခံလက်မှတ်(ထောက်ခံချက်) ထုတ်ပေးရမည်။ အရပ်ဘက်သက်သေ ဖြစ်ပါက တရားရုံးများ၌ ခွင့်ပြုသည့်နှုန်းထားအတိုင်း စရိတ်ပေးရမည်။ စွပ်စွဲခံရသူ တင်ပြသည့် သက်သေများအတွက် သက်သေစရိတ်ကိုကြိုတင်ပေးသွင်းရန် ယင်းအား ဆင့်ဆိုနိုင်သည် သို့မဟုတ် စစ်ဆေးရန်မလိုအပ်ဟု ယူဆသည့် သက်သေများကို ခေါ်ယူရန် ငြင်းပယ်နိုင်သည်။ စွပ်စွဲခံရသူက ၎င်းတင်ပြသော သက်သေများအတွက် စရိတ်ကြိုတင်ပေးသွင်းခြင်း မရှိကအဆိုပါ သက်သေများကို စစ်ဆေးရန် ငြင်းဆိုနိုင်သည်။

၂၁။ စုံစမ်းစစ်ဆေးမှုကို စစ်ဆေးမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ သက်သေခံအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုအပ်ပါက သင့်လျော်သလို လိုက်နာ ကျင့်သုံးဆောင်ရွက်နိုင်သည်။ မုချလိုက်နာကျင့်သုံးရန် တာဝန်မရှိချေ။

၂၂။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာ မထုတ်ပြန်မီကာလအထိစုံစမ်းစစ်ဆေးမှု စာရွက်စာတမ်းများကို လျှို့ဝှက်အဆင့်သတ်မှတ်ပြီး ထိန်းသိမ်းထားရှိရမည်။

နောက်ဆက်တွဲပုံစံ (၁)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်စာပုံစံ**

**[အပိုဒ်-၆]**

**စာအမှတ်၊**

**ရက်စွဲ ၊**

**အမိန့်စာအမှတ် /ခုနှစ်**

၁။ စုံစမ်းစစ်ဆေးရန်အကြောင်းကိစ္စ(အရေးယူခံသည့် ပုဂ္ဂိုလ်၏ အမည်၊ တာဝန်၊ ဌာနနှင့် စုံစမ်းရန် အကြောင်းကိစ္စကိုအကျဉ်းချုပ်ဖော်ပြရန်)

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း။ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အောက်ပါပုဂ္ဂိုလ်dများ ပါဝင်သောစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်လိုက်သည် -

ဥက္ကဋ္ဌ

(၁) အမည် --------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------

ဒုတိယဥက္ကဋ္ဌ

(၁) အမည် --------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------

အဖွဲ့ဝင်(၁)

(၁) အမည် --------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------

အဖွဲ့ဝင်(၂)

(၁) အမည် --------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------

ပုံစံ(၁)အဆက်

အဖွဲ့ဝင်(၃)

(၁) အမည် --------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------

(၃) အဖွဲ့အစည်း ---------------------------------------------

၃။ တာဝန်သတ်မှတ်ချက်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်၊ သဘောထားဖော်ပြချက်ပါရှိသည့် အစီရင်ခံစာကိုအမှုတွဲနှင့် အတူတင်ပြရမည်။

(အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြရန် လိုအပ်သည့်အချက်များရှိပါကဤနေရာတွင် အကျဉ်းဖော်ပြရန်)

၄။ စာရွက်စာတမ်းများပေးပို့ခြင်း။ စုံစမ်းတင်ပြရမည့် အကြောင်းကိစ္စနှင့် ပတ်သက်သည့် အောက်ဖော်ပြပါ စာရွက်စာတမ်းများကိုပူးတွဲပေးပို့ပါသည်။

(ပူးတွဲပေးပို့ရန် စာရွက်စာတမ်းများရှိလျှင်ဖော်ပြရန်)

၅။ အစီရင်ခံစာတင်ပြရမည့် နေ့ရက်သတ်မှတ်ချက်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ အစီရင်ခံစာကို ( - - )ရက်နေ့ထက် နောက်မကျစေဘဲ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန်ဖြစ်သည်။

ဥက္ကဋ္ဌ (သို့) ဒုတိယဥက္ကဋ္ဌ

**မိတ္တူကို**

(၁) စွပ်စွဲခံရသူ (စုံစမ်းစစ်ဆေးခံရသူ)

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအားလုံး

(၃) စုံစမ်းစစ်ဆေးရေးအမှုတွဲ

နောက်ဆက်တွဲပုံစံ (၂)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စွဲချက်လွှာပုံစံ**

**[အပိုဒ်-၉(ဂ)]**

၁။ ဦး/ဒေါ်-------------------------(စွပ်စွဲခံရသူအမည်)နှင့်ပတ်သက်၍ အောက်ပါအတိုင်း စွဲချက် တင်လိုသည်-

စွဲချက်- ၁။ ----------------------------------------

စွဲချက်- ၂။ ----------------------------------------

စွဲချက်- ၃။ ----------------------------------------

(စွဲချက်များကိုမည်သည့်စွပ်စွဲတိုင်ကြားချက် သို့မဟုတ် အကြောင်းအချက်အပေါ် အခြေခံထားကြောင်းပေါ်လွင်အောင် အကျဉ်းချုပ်ဖော်ပြရန်)

၂။ ဖော်ပြပါစွဲချက်များအရ (စွပ်စွဲခံရသူအမည်)အားအဘယ်ကြောင့် အရေးမယူထိုက်ကြောင်း စာဖြင့် ရှင်းလင်းချေပရန် ဆင့်ဆိုလိုက်သည်။

၃။ (စွပ်စွဲခံရသူအမည်)၏ ချေပလွှာတွင် စွဲချက်များနှင့် စပ်လျဉ်း၍ နှုတ်ဖြင့် စစ်ဆေးမှုကို ခံယူလိုခြင်းရှိမရှိ ထည့်သွင်းဖော်ပြရမည်။

၄။ နှုတ်ဖြင့်စစ်ဆေးမှုကိုပြုပါက အောက်ပါပုဂ္ဂိုလ်များပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြုလုပ်မည်ဖြစ်သည်-

ဥက္ကဋ္ဌ

(၁) အမည် ----------------------------------------------

(၂) ရာထူး/ တာဝန် ----------------------------------------------

(၃) အဖွဲ့အစည်း ----------------------------------------------

ဒုတိယဥက္ကဋ္ဌ

(၁) အမည် ----------------------------------------------

(၂) ရာထူး/ တာဝန် ----------------------------------------------

(၃) အဖွဲ့အစည်း ----------------------------------------------

ပုံစံ(၂)အဆက်

အဖွဲ့ဝင်(၁)

(၁) အမည် ----------------------------------------------

(၂) ရာထူး/ တာဝန် ----------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------------

အဖွဲ့ဝင်(၂)

(၁) အမည် --------------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------------

အဖွဲ့ဝင်(၃)

(၁) အမည် --------------------------------------------------

(၂) ရာထူး/ တာဝန် --------------------------------------------------

(၃) အဖွဲ့အစည်း --------------------------------------------------

၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူတစ်ဦးဦးကို ကန့်ကွက်ရန်ခိုင်လုံသော အကြောင်းရှိပါက ထိုအကြောင်းကို (စွပ်စွဲခံရသူအမည်)၏ ချေပလွှာတွင် ဖော်ပြပြီးကန့်ကွက်နိုင်သည်။

၆။ (စွပ်စွဲခံရသူအမည်)၏ ချေပလွှာကို ( - - )ရက်နေ့ထက် နောက်မကျစေဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌထံသို့ အရောက်ပေးပို့ရမည်။

ဥက္ကဋ္ဌ

စုံစမ်းစစ်ဆေးရေးအဖွဲ့

နေ့စွဲ၊

နောက်ဆက်တွဲပုံစံ (၃)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ချေပလွှာပုံစံ**

**[အပိုဒ်-၉(ဃ)]**

သို့

ဥက္ကဋ္ဌ

စုံစမ်းစစ်ဆေးရေးအဖွဲ့

အကြောင်းအရာ။ ။**(စွဲချက်တင်ခြင်းခံရသည့် အမှုကိစ္စအကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြရန်)**

ရည် ညွှန်း ချက်။ ။(စုံစမ်းစစ်ဆေးရေးအဖွဲ့က စွဲချက်လွှာပေးပို့သည့် အမှာစာအမှတ်နှင့် ရက်စွဲကို ဖော်ပြရန်)

၁။ စွဲချက်များနှင့်ပတ်သက်၍ ဖြေရှင်းတင်ပြချက်။ ။ ရည်ညွှန်းစာဖြင့် ပေးပို့သည့် စွဲချက်လွှာပါ စွဲချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖြေရှင်းတင်ပြအပ်ပါသည်-

စွဲချက်(၁)နှင့်ပတ်သက်၍

ဖြေရှင်းချက်။ ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

စွဲချက်(၂)နှင့်ပတ်သက်၍

ဖြေရှင်းချက်။ ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

စွဲချက်(၃)နှင့်ပတ်သက်၍

ဖြေရှင်းချက်။ ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

(ဖြေရှင်းချက်များနှင့်ပတ်သက်၍ အထောက်အထားစာရွက်စာတမ်းများကို တင်ပြလိုပါက ချေပလွှာနှင့်အတူပူးတွဲတင်ပြနိုင်သည်။)

၂။ အမှုကိစ္စနှင့် ဆက်စပ်သည့် အခြားတင်ပြချက်များ။ (အမှုကိစ္စနှင့်ဆက်စပ်နေသည့် အခြားတင်ပြလိုသော အချက်များရှိပါက ဤနေရာတွင်ဖော်ပြရန်)

ပုံစံ(၃)အဆက်

၃။ နှုတ်ဖြင့်စစ်ဆေးခြင်းကိုခံယူလိုသောဆန္ဒရှိမရှိဖော်ပြချက်။ ----------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

---------------------------------------------------------------------------------။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကိုကန့်ကွက်ရန်ရှိမရှိဖော်ပြချက်။

(စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကို ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်၏ အမည်ကိုဖော်ပြ၍ ကန့်ကွက်ရသည့် အကြောင်းပြချက်များကိုတင်ပြရန်)

(လက်မှတ်)

စွပ်စွဲခံရသူ၏(၁)အမည်------------------------------

(၂)အလုပ်အကိုင်/တာဝန်-------------

(၃)နေရပ်လိပ်စာ---------------------

ရက်စွဲ၊

**နောက်ဆက်တွဲပုံစံ(၄)**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စုံစမ်းစစ်ဆေးမှုတွင် သက်သေထွက်ဆိုချက်ရေးမှတ်ရန်ပုံစံ**

**[အပိုဒ်-၁၁(က)]**

**သက်သေအမှတ် (      )**

**အမည် ------------- အသက် ------------**

**အဘအမည် ----------------**

**နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ် --------------**

**အလုပ်အကိုင်/ရာထူး/တာဝန် -----------------**

**ဌာန/ရုံးအဖွဲ့အစည်း ------------------**

**နေရပ်လိပ်စာ -----------------**

၁။ စုံစမ်းစစ်ဆေးသည့် အမှုကိစ္စနှင့် ပတ်သတ်၍ သိသမျှမှန်ကန်စွာထွက်ဆိုရန် သတိပေးပြီးနောက် သက်သေကမိမိအလိုအလျောက် အောက်ပါအတိုင်းထွက်ဆိုပါသည် ----------------
--------------------------------------------------------------------------------------
---------------------------------------------------------------------------။

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ မေးမြန်းချက်နှင့် သက်သေ၏ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မေး။ -----------------------------------------------------------

ဖြေ။ -----------------------------------------------------------

မေး။ -----------------------------------------------------------

ဖြေ။ -----------------------------------------------------------

၃။ စွပ်စွဲခံရသူ၏ ပြန်လှန်မေးမြန်းချက်နှင့် သက်သေ၏ ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြန်လှန်မေး။ ------------------------------------------------------

ဖြေ။ ------------------------------------------------------

ပြန်လှန်မေး။ ------------------------------------------------------

ဖြေ။ ------------------------------------------------------

ပုံစံ(၄)အဆက်

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့ကမရှင်းလင်းသည့် အချက်များနှင့်ပတ်သက်၍ ထပ်မံမေးမြန်းလိုသည့်အချက်ရှိပါက မေးခွန်းနှင့်သက်သေ၏ ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ထပ်မံမေး။ ---------------------------------------------------

ဖြေ။ ---------------------------------------------------

ထပ်မံမေး။ ---------------------------------------------------

ဖြေ။ ---------------------------------------------------

၅။ ထွက်ဆိုချက်များကို ဖတ်ပြရာထွက်ဆိုချက်အတိုင်း မှန်ကန်ကြောင်းအောက်တွင် လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ ---------------- သက်သေ၏လက်မှတ်

( ) ( ) ( ) ( ) ( )

အဖွဲ့ဝင်(၂) ဒုတိယဥက္ကဋ္ဌ ဥက္ကဋ္ဌ အဖွဲ့ဝင်(၁) အဖွဲ့ဝင်(၃)

**ရက်စွဲ။ ။**

**နောက်ဆက်တွဲပုံစံ(၅)**

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စွပ်စွဲခံရသူ၏ ထွက်ဆိုချက်ရေးမှတ်ရန်ပုံစံ**

**[အပိုဒ်-၁၁(ဂ)]**

အမည် ------------------- အသက် -------------------

အဘအမည် -----------------

နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ် --------------------

အလုပ်အကိုင်/ရာထူး/တာဝန် -------------------------

ဌာန/ရုံးအဖွဲ့အစည်း ------------------------

နေရပ်လိပ်စာ --------------------

၁။ စုံစမ်းစစ်ဆေးသည့်အမှုကိစ္စနှင့် ပတ်သတ်၍မှန်ကန်စွာထွက်ဆိုရန် သတိပေးပြီးနောက် မေးမြန်းချက်များကို အောက်ပါအတိုင်းထွက်ဆိုပါသည်-

မေး။ ---------------------------------------------------------------

ဖြေ။ ---------------------------------------------------------------

မေး။ ---------------------------------------------------------------

ဖြေ။ ----------------------------------------------------------------

မေး။ ----------------------------------------------------------------

ဖြေ။ ----------------------------------------------------------------

ပုံစံ(၅)အဆက်

၂။ ထွက်ဆိုချက်များကို ဖတ်ပြရာထွက်ဆိုချက်အတိုင်း မှန်ကန်ကြောင်းအောက်တွင် လက်မှတ်၍ ရေးထိုးပါသည်။

(စွပ်စွဲခံရသူ၏လက်မှတ်)

ရက်စွဲ။ ။

| | | | | |
|---|---|---|---|---|
| ( ) | ( ) | ( ) | ( ) | ( ) |
| အဖွဲ့ဝင်(၂) | ဒုတိယဥက္ကဋ္ဌ | ဥက္ကဋ္ဌ | အဖွဲ့ဝင်(၁) | အဖွဲ့ဝင်(၃) |

ရက်စွဲ။ ။

နောက်ဆက်တွဲပုံစံ(၆)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပုံစံ**

**[အပိုဒ်-၉(စ)(ဆ)၊ ၁၂]**

၁။ အခွင့်အာဏာ။(စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်စာအမှတ်နှင့် ရက်စွဲကို ဖော်ပြရန် အဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းခဲ့ပါကပြင်ဆင်ဖွဲ့စည်းသည့် အမိန့်စာအမှတ်နှင့် ရက်စွဲကိုပါဖော်ပြရန်)

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊

ဥက္ကဋ္ဌ

(၁) အမည် -------------------

(၂) ရာထူး/တာဝန် ------------

(၃) အဖွဲ့အစည်း ---------------

ဒုတိယဥက္ကဋ္ဌ

(၁) အမည် -------------------

(၂) ရာထူး/တာဝန် ------------

(၃) အဖွဲ့အစည်း ---------------

အဖွဲ့ဝင်(၁)

(၁) အမည် ------------------------------------

(၂) ရာထူး/တာဝန် ------------------------------------

(၃) အဖွဲ့အစည်း ------------------------------------

ပုံစံ(၆)အဆက်

အဖွဲ့ဝင်(၂)

(၁) အမည် -----------------------------------

(၂) ရာထူး/တာဝန် -----------------------------------

(၃) အဖွဲ့အစည်း -----------------------------------

အဖွဲ့ဝင်(၃)

(၁) အမည် -----------------------------------

(၂) ရာထူး/တာဝန် -----------------------------------

(၃) အဖွဲ့အစည်း -----------------------------------

၃။ စုံစမ်းစစ်ဆေးခံရသူ(စွပ်စွဲခံရသူ)

အမည် ----------------

အလုပ်အကိုင်/ရာထူး/တာဝန် -----------------------

ဌာန/ရုံးအဖွဲ့အစည်း --------------- (သို့) လိပ်စာ ----------------------

၄။ အမှုအကြောင်းအရာအကျဉ်းချုပ် -----------------------------------------------

----------------------------------------------------------------------------------။

၅။ စွဲချက် ---------------------------------------------------------------------

----------------------------------------------------------------------------------။

၆။ စစ်ဆေးတွေ့ရှိချက် -----------------------------------------------------------

----------------------------------------------------------------------------------။

ပုံစံ(ဖ)အဆက်

(စွဲချက်တစ်ခုစီနှင့်ပတ်သက်၍ သက်သေ၏ထွက်ဆိုချက်၊ စာရွက်စာတမ်း အထောက်အထားများ၊ သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များအရ တွေ့ရှိချက်များကို ပေါ်လွင်ထင်ရှားအောင်ဖော်ပြရန်)

၇။ သုံးသပ်ချက်။ (စစ်ဆေးတွေ့ရှိချက်အပေါ်အခြေခံ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်များကိုဖော်ပြရန်)

၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံချက်။ ----------------------------------------
------------------------------------------------------------------------------------------။

| | | | | |
|---|---|---|---|---|
| ( ) | ( ) | ( ) | ( ) | ( ) |
| အဖွဲ့ဝင်(၂) | ဒုတိယဥက္ကဋ္ဌ | ဥက္ကဋ္ဌ | အဖွဲ့ဝင်(၁) | အဖွဲ့ဝင်(၃) |

ရက်စွဲ။ ။